ကြေးမုံ
The Mirror Daily
Established in 1957

**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှ လွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

၁၃၈၂ ခုနှစ်၊ ပြာသိုလဆန်း ၄ ရက်၊ စနေနေ့။ Saturday, 16 January 2021 ၁၀၂၅၉

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မြိတ်မြို့နယ်အတွင်း ပြန်လည်စွန့်လွှတ်အပ်နှံသည့်လယ်ယာမြေများအား မူလတောင်သူများထံသို့ ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၃)လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနား တက်ရောက်

## ကျွန်းစုမြို့နယ်အတွင်းရှိ ရေငန်ပုစွန်မွေးမြူရေးလုပ်ငန်းနှင့် ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းဖော်ဆောင်မှု လှည့်လည်ကြည့်ရှု



**မြိတ် ဇန်နဝါရီ ၁၅**

မွန်ပြည်နယ် မော်လမြိုင်မြို့၌ ရောက်ရှိနေသည့် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဦးတင်မြင့်၊ ဗိုလ်ချုပ်စိုးတင့်နိုင်နှင့် ဗိုလ်ချုပ်မြင့်နွယ်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရဟတ်ယာဉ်များဖြင့် မော်လမြိုင်မြို့မှ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့သို့ ရောက်ရှိပြီး ပုလဲရတနာခန်းမ၌ကျင်းပသည့် ပြန်လည်စွန့်လွှတ်အပ်နှံသည့် လယ်ယာမြေများအား မူလတောင်သူများထံသို့ ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၃) လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်သည်။

**တက်ရောက်**

အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြန်လည်စွန့်လွှတ်သည့်မြေများအား လက်ခံရယူကြမည့် တောင်သူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယသမ္မတက ယနေ့အခမ်းအနားသည် တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ် ကျောက်ဖျာမြို့သစ်စီမံကိန်းအတွင်းမှ ပြန်လည်စွန့်လွှတ်သည့်မြေ ၄၄၁၆ ဒသမ ၆၁ ဧကအနက် ကျောက်ဖျာကျေးရွာအုပ်စုအတွင်းမှ မြေဧရိယာ ၁၁၉၃ ဒသမ ၇၇ ဧကကို တောင်သူ ၁၄၉ ဦးထံသို့လည်းကောင်း၊ သဘွတ်ကျေးရွာအုပ်စုအတွင်းမှ ဧက ၁၁၇၀ ဒသမ ၇၀ ကို တောင်သူ ၁၉၉ ဦးထံသို့လည်းကောင်း စုစုပေါင်း စိုက်ပျိုးမြေ ၂၃၆၄ ဒသမ ၄၇ ဧကအတွက် မူလတောင်သူ ၃၄၈ ဦးထံသို့ ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၃)များ လွှဲပြောင်းပေးအပ်သွားမည့် အခမ်းအနား ဖြစ်ပါကြောင်း၊ မိမိတို့အစိုးရ တာဝန်ယူစဉ်ကာလအတွင်း စွန့်လွှတ်အပ်နှံမြေများ မူလတောင်သူများထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်ပွဲများကို မိမိကိုယ်တိုင် တက်ရောက်အားပေးခဲ့ရာ ယခု အခမ်းအနားသည် (၂၅)ကြိမ်မြောက် အခမ်းအနားဖြစ်ပါကြောင်း၊ အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပလိုသော်လည်း လက်ရှိရင်ဆိုင်ကြုံတွေ့နေရသည့် ကိုဗစ် – ၁၉ ကပ်ရောဂါ အခြေအနေကြောင့် ယခုကဲ့သို့ အကျဉ်းချုံး ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ အဆိုပါ ကပ်ရောဂါမှ ကင်းဝေးလွတ်မြောက်စေရန် ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❐

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကျွန်းစုမြို့နယ် ကတ္တလူကျေးရွာရှိ ရေငန်ပုစွန်မွေးမြူရေးလုပ်ငန်းစီမံကိန်းအတွင်း လှည့်လည်ကြည့်ရှုလေ့လာစဉ်။





ကြေးမုံ

# ပိုင်ဆိုင်မှုဖြင့် လူမှုဘဝဂုဏ်သိက္ခာမြှင့်

လူ့ဘဝအတွက် မရှိမဖြစ်လိုအပ်သည့် စားရေး၊ ဝတ်ရေး၊ နေရေး အရေးသုံးပါးတွင် အရေးအကြီးဆုံးအရေးမှာ နေရေးဖြစ်ပါသည်။ နေရေးသည် အိုးအိမ်မြေယာ ပိုင်ဆိုင်မှုကိုဆိုလိုသည်။ အရေးသုံးပါးနှင့်ပတ်သက်၍ မြေပိုင်ဆိုင်ရေးသည် အရေးအကြီးဆုံးကိစ္စဖြစ်ရာ မြေ၏တန်ဖိုး၊ မြေ၏အသုံးဝင်မှု၊ မြေ၏ပြဿနာ ရှုပ်ထွေးမှုတို့ကို ကြုံတွေ့နေရသည်။

လူသားများအဖို့ မြေသည် ဘဝရှင်သန်ရပ်တည်ရေးအတွက် အရေးအကြီးဆုံးနေရာဖြစ်သည်။ လူသားများအနေဖြင့် မည်သည့်ဘဝအဆင့်အတန်း ဖြစ်စေ မြေပိုင်ဆိုင်ခြင်းဖြင့် ဘဝတွင်ဂုဏ်သိက္ခာရှိစွာ ရပ်တည်နေထိုင်နိုင်သည်။ မြေပိုင်အိမ်ပိုင်မရှိခြင်းသည် ဘဝတွင် မျှော်လင့်ချက်ပျောက်ဆုံးနေခြင်းပင်။ ဂုဏ်သိက္ခာနှင့်ရှင်သန်မှု ဆုံးရှုံးနေခြင်းပင်။ မျက်နှာငယ်သည့်ဘဝတွင် ပင်ပန်းဆင်းရဲစွာ ခက်ခက်ခဲခဲ ရပ်တည်ရှင်သန်ခြင်းပင်ဖြစ်သည်။

အဆိုပါမြေသည် များသောအားဖြင့် အခြေခံလူတန်းစား ကျေးလက်ပြည်သူများ ရပ်တည်ရှင်သန်ခဲ့သည့်မြေကို ဆိုလိုသည်။ ပိုင်ဆိုင်မှုဖြင့်ဖြစ်စေ၊ ဆက်နွယ်၍ဖြစ်စေ ဖြစ်တည်ခဲ့သောမြေများကို ဆိုလိုသည်။ များသောအားဖြင့် လယ်ယာမြေ၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်း၊ သစ်တောမြေများတွင် ပြဿနာရှုပ်ထွေးမှုများရှိနေသည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်၍ ပြည်သူများသည် မြေကိုအမှီပြုရသည်။ အထူးသဖြင့် လယ်ယာမြေသည် နိုင်ငံတစ်ဝန်းတွင် တပြန့်တပြောရှိပြီး တောင်သူလယ်သမားများ တန်ဖိုးထားရာ ဘိုးဘွားအမွေအနှစ်ဖြစ်သည်။

ထိုမြေများသည် အချိန်ကာလ တိုက်စားမှု၊ ဥပဒေမဲ့အနိုင်အထက်ဆောင်ရွက်မှု၊ ပဋိပက္ခဖြစ်မှုများကြောင့် လယ်ယာမြေမှ အခြားပုံစံအမျိုးမျိုးသို့ ပြောင်းလဲသွားခဲ့သည်။ တောင်သူများမှာ အလုပ်လက်မဲ့ဘဝဖြင့် မလုံခြုံသော၊ ဂုဏ်သိက္ခာမဲ့သောဘဝတွင် ကာလရှည်ကြာ ရပ်တည်ခဲ့သည်။ ထို့ကြောင့် ပြည်သူ့အစိုးရက တောင်သူလယ်သမားများအတွက် အသက်တမျှအရေးကြီးသည့် လယ်ယာမြေများ ပြန်လည်ရရှိရေးကို ဦးစားပေးဆောင်ရွက်ပေးလျက်ရှိသည်။

တောင်သူများ ဓားမဦးချလုပ်ကိုင်ခဲ့သည့်မြေယာများအား သိမ်းယူထားခြင်းတို့ကို ပြန်လည်ပေးအပ်နိုင်စေရေး ဆောင်ရွက်ပေးလျက်ရှိသည်။ ပြန်လည်စွန့်လွှတ်မြေများ မူလတောင်သူများထံ မြန်မြန်ရောက်ရှိပြီး စောစောစီးစီးအကျိုးခံစားနိုင်ရေး၊ ပွင့်လင်းမြင်သာမှုရှိစွာဖြင့် လွှဲပြောင်းပေးနိုင်ရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုဖြစ်စေမည့် မူဝါဒနှင့်လုပ်ငန်းစဉ်များ ချမှတ်ပြီး စနစ်တကျ စိစစ်လွှဲပြောင်းပေးနိုင်ရေးတို့အား ဆောင်ရွက်ပေးနေသည်မှာ တောင်သူလယ်သမားများ ဂုဏ်သိက္ခာရှိစွာ ရပ်တည်နိုင်စေဖို့ဖြစ်သည်။

လယ်ယာမြေပြဿနာသည် ၁၉၈၈ ခုနှစ်နောက်ပိုင်းမှစ၍ ကာလရှည်ဖြစ်ပေါ်လာခဲ့သဖြင့် ကျေးလက်ပြည်သူများ၏ လူမှုစီးပွားဘဝပုံစံများလည်း ပြောင်းလဲလာခဲ့သည်။ လယ်ယာမြေများ သိမ်းဆည်းခံရသဖြင့် လယ်မဲ့၊ ယာမဲ့ အလုပ်အကိုင်အခွင့်အလမ်းမရှိဖြစ်ရသည်။ ကျေးလက်ဒေသများကို စွန့်ခွာမှုများ၊ မြို့ကြီးများသို့ မိသားစုလိုက် ပြောင်းရွှေ့မှုများ၊ ကျူးကျော်နေထိုင်မှုများ၊ ရွှေ့ပြောင်းလုပ်သားများအဖြစ်သို့ ပြောင်းလဲသွားမှုများ၊ ပြည်ပနိုင်ငံများသို့ နည်းလမ်းအမျိုးမျိုးဖြင့် သွားရောက်လုပ်ကိုင်နေမှုများ ယနေ့ထိတိုင်ဖြစ်ပေါ်လျက်ရှိသည်။

ထို့ကြောင့် လယ်ယာလုပ်သူများ လယ်ယာမြေများ အမြန်ဆုံးပြန်လည်ရရှိရေးကို နိုင်ငံတော်က ပထမဦးစားပေးဆောင်ရွက်ခြင်းဖြစ်သည်။ ကျေးလက်ပြည်သူများ လယ်ယာမြေများမရှိသောကြောင့်ဖြစ်စေ၊ အခွင့်အလမ်းမရှိသောကြောင့်ဖြစ်စေ ပြည်ပနိုင်ငံများသို့ ထွက်ခွာနေကြခြင်းသည် လူ့စွမ်းအားအရင်းအမြစ်များ ယိုစီးခြင်းဖြစ်သည်။ တောင်သူလယ်သမားများ၊ လယ်ယာမြေများ ပြန်လည်ပိုင်ဆိုင်ခွင့်ရရှိခြင်းဖြင့် လူ့စွမ်းအားအရင်းအမြစ်များ ဆုံးရှုံးနစ်နာနေမှုများကို တဖြည်းဖြည်းလျှော့ချပေးနိုင်မည်ဖြစ်သည်။

လယ်ယာမြေ ပြန်လည်လုပ်ကိုင်ခွင့်ရရှိကြသည့်တောင်သူလယ်သမားများအနေဖြင့် နိုင်ငံတော်က အလေးထားဆောင်ရွက်ပေးနေမှုကို နားလည်သိရှိပြီး တောင်သူမိသားစုအသိုက်အဝန်းများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာအောင် လယ်ယာမြေဥပဒေနှင့်အညီ ရိုးသားကြိုးစားလုပ်ကိုင်ကြရမည်ဖြစ်သည်။ နိုင်ငံတော်က ရေရှည်တည်တံ့သည့် ခေတ်မီလယ်ယာကုန်ထုတ်စနစ် ထွန်းကားလာစေပြီး နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းများကို ပံ့ပိုးကူညီအားပေးလျက်ရှိရာ ကျေးလက်နေပြည်သူများ လူမှုစီးပွားတိုးတက်ရေးနှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးရေး မြင့်မားလာအောင် ကြိုးပမ်းအားထုတ်ရမည်ဖြစ်သည်။

သို့ဖြစ်ရာ လယ်လုပ်သူများ လယ်ယာမြေပိုင်ဆိုင်ရေးကို နိုင်ငံတော်အစိုးရက ဦးစားပေးဖော်ဆောင်ပေးလျက်ရှိရာ မိမိတို့၏ လယ်မြေ၊ ယာမြေပိုင်ဆိုင်သည့် လူ့ဂုဏ်သိက္ခာများ ပြန်လည်ရရှိလာပြီး မိမိတို့ဒေသ၊ မိမိတို့ဘဝ မြင့်မားတိုးတက်လာအောင် အမှန်တကယ် ကြိုးစားအားထုတ်ကြရမည် ဖြစ်ပါကြောင်း။ ။

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်က တတိယမြောက် နိုင်ငံခြားဘဏ် လက်အောက်ခံဘဏ်လိုင်စင် ထုတ်ပေး

**နေပြည်တော် ဇန်နဝါရီ ၁၅**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ပထမအကြိမ်နှင့် ဒုတိယအကြိမ် နိုင်ငံခြားဘဏ်ရွေးချယ်ရေးအစီအစဉ်တွင် နိုင်ငံခြားဘဏ် ဘဏ်ခွဲများ (Foreign Bank Branches) ကိုသာ ခွင့်ပြုပေးခဲ့သော်လည်း တတိယအကြိမ် နိုင်ငံခြားဘဏ်ရွေးချယ်ရေး အစီအစဉ်တွင် နိုင်ငံခြားဘဏ် လက်အောက်ခံဘဏ်များ (Foreign Bank Subsidiaries) ကို စတင်ခွင့်ပြုပေးခဲ့သည်။

တတိယမြောက် နိုင်ငံခြားဘဏ် လက်အောက်ခံဘဏ်အဖြစ် ဇန်နဝါရီ ၁၂ ရက်တွင် ထိုင်းနိုင်ငံမှ Siam Commercial Bank Myanmar Limited ကို နိုင်ငံခြားဘဏ် လက်အောက်ခံဘဏ်လိုင်စင် ထုတ်ပေးခဲ့ခြင်းဖြစ်သည်။

နိုင်ငံခြားဘဏ် လက်အောက်ခံဘဏ်များသည် ပြည်တွင်းဘဏ်များနည်းတူ ငွေရေးကြေးရေး အဖွဲ့အစည်းများ ဥပဒေပုဒ်မ (၅၂) ပါ ကူးသန်းရောင်းဝယ်ရေးဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် ပြည်တွင်းပုဂ္ဂလိကဘဏ် ၂၇ ခုနှင့်တန်းတူပြည်သူလူထုကိုဝန်ဆောင်မှုပေးနိုင်မည်ဖြစ်သည်။

နိုင်ငံခြားဘဏ်များ၏ နိုင်ငံတကာအဆင့်မီ ခေတ်မီနည်းပညာအရ ဘဏ်လုပ်ငန်းများကိုလည်းကောင်း၊ ယှဉ်ပြိုင်လုပ်ကိုင်မှုဖြင့်တိုးတက်လာမည့် ပြည်တွင်းဘဏ်များ၏ ရလဒ်ကောင်းများကိုလည်းကောင်း၊ ဘဏ်နှင့်ဆက်နွယ်သူ ပြည်သူများမှ ခံစားရရှိပြီး ဘဏ်လုပ်ငန်း နည်းပညာတစ်ခေတ် ထပ်မံဆန်းသစ်လာမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဆေးတက္ကသိုလ်(၂) လေးထပ်စာသင်ဆောင်သစ် ဖွင့်လှစ်

**ရန်ကုန် ဇန်နဝါရီ ၁၅**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ဆေးတက္ကသိုလ် (၂) ရန်ကုန်မှ ကျောင်းသား ကျောင်းသူများ စာသင်ကြားရာတွင် ပိုမိုထိရောက်အောင်မြင်စေရန် အုပ်စုငယ်ဖြင့် စာသင်ကြားနိုင်ရေးအတွက် စာသင်ခန်းငယ်များပါဝင်သည့် လေးထပ်ဆောင်သစ် အဆောက်အအုံဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက မြောက်ဥက္ကလာပမြို့နယ် ခေမာသီလမ်းရှိ ဆေးတက္ကသိုလ် (၂) အဆိုပါ စာသင်ဆောင်သစ်ရှေ့၌ ပြုလုပ်သည်။

စာသင်ဆောင်သစ်ကို ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ ဆေးတက္ကသိုလ်(၂) ရန်ကုန်ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာအေးထွန်းနှင့် ပြည်မဟာဆောက်လုပ်ရေးကုမ္ပဏီ မန်နေဂျင်း ဒါရိုက်တာ ဦးဇော်လင်းအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး လူမှုရေးဝန်ကြီးက အဆောက်အအုံမှတ်တမ်း ကမ္ပည်းကြေးပြားကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့သည်။**(ဝဲအောက်ပုံ)**



စာသင်ဆောင်သစ်ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၈၉၆ ဒသမ ၈၀၀ သန်းဖြင့် ပြည်မဟာဆောက်လုပ်ရေးကုမ္ပဏီက ၂၀၂၀ ပြည့်နှစ်က စတင်ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

အကျယ်အဝန်းအားဖြင့် အလျား ၁၄၆ ပေ၊ အကျယ်ပေ ၅၀၊ အမြင့်ပေ ၅၀ ရှိလေးထပ်အဆောက်အအုံဖြစ်ပြီး မြေညီထပ်၌ ၁၅ ပေ x ပေ ၂၀ စာသင်ခန်း ၁၆ ခန်း၊ ပထမနှင့် ဒုတိယထပ်၌ ပေ ၃၀ x ပေ ၂၀ စာသင်ခန်း ရှစ်ခန်း၊ တတိယထပ်၌ ပေ ၆၀ x ပေ ၅၀ စုဝေးခန်းမနှစ်ဆောင်ဖြင့် တည်ဆောက်ထားခြင်းဖြစ်သည်။

"သင်ရိုးညွှန်းတမ်း အပြောင်းအလဲအတွက် ကျောင်းသားအုပ်စုတစ်စုကို အယောက် ၂၀/ ၃၀ လောက်နဲ့ပဲ စာသင်မှာဖြစ်ပါတယ်။ ကျောင်းသားနဲ့ဆရာ၊ ကျောင်းသားအချင်းချင်း အပြန်အလှန်ဆွေးနွေးမှုတွေ ရလာနိုင်ပါတယ်။ သင်ကြားသင်ယူမှုအတွက် ပိုပြီးအထောက်အကူဖြစ်လာမှာပါ"ဟု ဆေးတက္ကသိုလ် (၂) ပါမောက္ခချုပ် ပါမောက္ခဒေါက်တာ အေးထွန်းက ပြောကြားသည်။

**တင်ဝင်းတင်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၅-၁-၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၈၀၀ | ၉,၈၀၀ | ၁,၂၇၆ | ၁၂,၅၀၃,၄၀၀ |
| MTSH | ၃,၇၀၀ | ၃,၇၅၀ | ၆,၅၆၅ | ၂၄,၂၉၆,၂၅၀ |
| MCB | ၈,၀၀၀ | ၈,၂၀၀ | ၁၇ | ၁၃၆,၂၀၀ |
| FPB | ၂၂,၅၀၀ | ၂၂,၀၀၀ | ၆၄ | ၁,၄၀၈,၅၀၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၆၁ | ၁၆၇,၂၀၀ |
| EFR | ၃,၇၀၀ | ၃,၇၀၀ | ၇ | ၂၅,၉၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇန်နဝါရီ ၁၅

ရန်ကုန်(ရွှေဈေး) ၁၃၂၄၀၀၀ မန္တလေး(ရွှေဈေး) ၁၃၂၄၀၀၀

| စက်သုံးဆီအမျိုးအစား | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၆၀၅/၇၀၀ ကျပ် | ၇၀၀/၇၁၀ ကျပ် |
| (ခ) ဒီဇယ် | တစ်လီတာ | ၆၄၀/၆၈၅ ကျပ် | ၆၈၅/၆၉၅ ကျပ် |
| (ဂ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၃၅/၇၆၀ ကျပ် | ၈၀၅/၈၂၀ ကျပ် |
| (ဃ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၁၅/၆၄၅ ကျပ် | ၆၈၀/၆၈၅ ကျပ် |

ရန်ကုန် လက်ကားဈေး

| | | |
|---|---|---|
| ဒီဇယ် | တစ်လီတာ | ၅၉၅/၆၀၅ ကျပ် |
| အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၆၀၅/၆၁၅ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၅၉၅/၆၀၅ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၃၁.၃ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၁၄.၀ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၀၅.၆၁ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၄.၃၁၀ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၂၉.၇၇ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈.၁၉၉ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၂၉.၈ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၀၂.၇ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၂၈၃.၇ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၁.၀၃ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အယ်ဒီတာတန်း / အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - ဦးဝင်းနိုင် | | |
| သတင်းထောက်မှူး | - ဦးမြင့်စိုး | | |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | ဓာတ်ပုံသတင်းထောက် | - ဦးခင်မောင်ဝင်း |
| | | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန်စာတည်းများ | - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော် | စာပြင် | - ဦးဝေမင်းသူနှင့်အဖွဲ့ |
| အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်ချောစုလှိုင်နှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦး၊ ဦးအောင်ကျော်ဖြိုးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com

www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက

❒ ရှေ့ဖုံးမှ

လမ်းညွှန်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း။

### ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိ

စီမံကိန်းအလို့ငှာ ရယူထားသည့် မြေများအပေါ် စီမံကိန်းအတိုင်း အကောင်အထည်ဖော်မှုမရှိသည့်မြေများကို မူလတောင်သူများလက်ဝယ်သို့ ပြန်လည်စွန့်လွှတ်လွှဲပြောင်းနိုင်ရေးနှင့် စီမံကိန်းအတိုင်း ဆက်လက်အသုံးပြုမည်ဆိုပါက လျော်ကြေးငွေပေးဆောင်ခြင်းနှင့် မြေအစားပေးခြင်းများမရှိခဲ့သေးလျှင် လျော်ကြေးငွေနှင့် နစ်နာကြေးငွေပေးကြရန် သက်ဆိုင်ရာ မြေရယူထားသည့် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

မြေယာကိစ္စသည် စာရွက်စာတမ်း၊ ပိုင်ဆိုင်မှုနှင့် ဥပဒေကြောင်းအရ ညီညွတ်ခြင်း ရှိ၊ မရှိ စိစစ်စစ်ဆေးရသကဲ့သို့ မှတ်တမ်းမှတ်ရာ မပြည့်စုံမှုများကြောင့် လက်တွေ့ကိုင်တွယ်ဖြေရှင်းရာတွင် အချိန်ယူရပါကြောင်း၊ အမှားအယွင်းမရှိစေရေးနှင့် နစ်နာဆုံးရှုံးမှုမဖြစ်စေရေး သေချာရန်လည်း လိုအပ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ပြောကြားထားသည့်အတိုင်း ကရုဏာနှင့်ယှဉ်၍ တရားမျှတမှုရှိအောင် အတတ်နိုင်ဆုံး ဖြေရှင်းဆောင်ရွက်ပေးခြင်းဖြစ်ပါကြောင်း။

စိုက်ပျိုးရေးကို အခြေခံသည့် မိမိတို့နိုင်ငံ၏ ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေတောင်သူလယ်သမားများ၏ အကျိုးစီးပွားကိုဖော်ဆောင်နိုင်ရန် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေပါ ရည်ရွယ်ချက်အတိုင်း လယ်ယာမြေသိမ်းဆည်းခံရမှုနှင့်ပတ်သက်၍ တောင်သူလယ်သမားများ မနစ်နာစေရေးကူညီဆောင်ရွက်ပေးရန်နှင့် လယ်ယာမြေလုပ်ပိုင်ခွင့် လုံခြုံစိတ်ချရေးကာကွယ်ဆောင်ရွက်ပေးရန်တို့ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

### ဆောင်ရွက်ပေးလျက်ရှိ

မိမိတို့နိုင်ငံကို စက်မှုလယ်ယာအခြေခံသည့် နိုင်ငံတစ်ခုအဖြစ် တည်ဆောက်ရာတွင် အခြေခံအရင်းအမြစ်



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မြစ်ကြီးနားမြို့နယ်အတွင်း ပြန်လည်စွန့်လွှတ်အပ်နှံသည့် လယ်ယာမြေများအား မူလတောင်သူများထံသို့ ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၃) လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

သတ်မှတ်ပေးပြီး သတ်မှတ်ဈေးအောက်ကျဆင်းပါက နိုင်ငံတော်အစိုးရ၏ လှည့်ပတ်ရန်ပုံငွေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဝယ်ယူပေးလျက်ရှိပါကြောင်း၊ ပြည်တွင်းဈေးကွက်တွင် မငြိမ်မသက်ဖြစ်နေသည့် မတ်ပဲနှင့် ပဲမျိုးစုံထုတ်ကုန်ပစ္စည်းများ ဈေးကွက်ရရှိရေး၊ အလားအလာရှိမည့် အမယ်သစ်ပို့ကုန်များ ပေါ်ထွက်လာစေရေးနှင့် အစိုးရအချင်းချင်း ညှိနှိုင်းရောင်းဝယ်သည့် အစီအစဉ်များ

စိုက်ပျိုးရေးထွက်ကုန်များ ဈေးကောင်းရရှိကာ စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများ ဝင်ငွေတိုးတက်ရရှိစေရေးအတွက် နိုင်ငံတကာဈေးကွက်သို့ ယှဉ်ပြိုင်တင်ပို့ရောင်းချနိုင်ရေး လိုအပ်ချက်များကိုလည်း နိုင်ငံတော်အနေဖြင့် ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိပါကြောင်း။

မြေသယံဇာတအရင်းအမြစ်သည် တိုးပွားအောင်လုပ်၍မရဘဲ အကန့်အသတ်ရှိသည့် အရင်းအမြစ်တစ်ခု

ကြသည့် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တာဝန်ရှိသူများကို ကျေးဇူးတင်အသိအမှတ်ပြုပါကြောင်း၊ လယ်ယာမြေများကို လက်ဝယ်ပြန်လည်ရရှိကြပြီဖြစ်ကြသည့် တောင်သူများအနေဖြင့်လည်း နိုင်ငံတော်၏ လုပ်ကိုင်ဆောင်ရွက်ပေးနေမှုများကို သိမြင်နားလည်ပြီး ယခင်ကထက် ပိုမိုကြိုးစားလုပ်ကိုင်ပေးကြရန်နှင့် တစ်ကိုယ်ရေ တစ်မိသားစု ဝမ်းဝဖူလုံရေးမှတစ်ဆင့် နိုင်ငံ့စီးပွားတိုးတက်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ တောင်သူတစ်ဦးအား လယ်ယာမြေယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၃) ပေးအပ်စဉ်။



တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင် တောင်သူတစ်ဦးအား လယ်ယာမြေယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၃) ပေးအပ်စဉ်။



ဒုတိယဝန်ကြီး ဦးတင်မြင့် တောင်သူတစ်ဦးအား လယ်ယာမြေယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၃) ပေးအပ်စဉ်။

ဖြစ်သည့် လယ်ယာမြေများဖော်ထုတ်ရေးသည် အရေးပါသည့်အချက်တစ်ခုဖြစ်ပါကြောင်း၊ စီမံကိန်းအဖြစ်အသုံးပြုခြင်းမရှိသည့် လယ်ယာမြေများကို တောင်သူများလက်ဝယ်ပြန်လည်ပေးအပ်ခြင်းလုပ်ငန်းစဉ်အပြင် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများကို ဖော်ထုတ်စေပြီး လုပ်ပိုင်ခွင့်လျှောက်ထားစေခြင်းဖြင့် သတ်မှတ်ကာလတွင် လယ်ယာမြေအဖြစ်ပိုင်ဆိုင်ခွင့်ရအောင်လည်း ဥပဒေနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

နိုင်ငံတော်က တောင်သူလယ်သမားများကို မိမိဒေသနှင့်ကိုက်ညီသည့် ဈေးကွက်ဝင်သီးနှံများ စိုက်ပျိုးခွင့်ပေးထားပြီးဖြစ်သကဲ့သို့ တောင်သူလယ်သမားများ၏ လိုအပ်ချက်များကို အစဉ်တစိုက် လေ့လာပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပြည်တွင်းစပါးဈေးနှုန်း ရည်ညွှန်းပေါ်ပေါက်လာစေရေးတို့အတွက် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိပါကြောင်း။

### တန်ဖိုးမြှင့်ထုတ်ကုန်

ပြည်တွင်းပြည်ပ ဈေးကွက်နေရာရရှိရေးအတွက် ယခင်ကကုန်ကြမ်းအနေဖြင့်သာ တင်ပို့ရောင်းချခဲ့သည့် အနေအထားမှ တန်ဖိုးမြှင့်ထုတ်ကုန် ကုန်ချောများအဖြစ် အဆင့်မြှင့်တင်ထုတ်လုပ်ပြီး နိုင်ငံတကာဈေးကွက်သို့ ယှဉ်ပြိုင်တင်ပို့ရောင်းချနိုင်ရေးအတွက် အဆင့်မြင့်နည်းပညာခေတ်မီထုပ်ပိုးပြုပြင်စက်များဖြင့် ထုတ်လုပ်တင်ပို့ရောင်းချနိုင်ရေး လုပ်ငန်းစဉ်ကိုလည်း အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိပါကြောင်း။

ယခုကဲ့သို့ ပြန်လည်လုပ်ပိုင်ခွင့်ရလာသည့် လယ်ယာမြေများကို အသုံးချပြီး ထွက်ရှိလာမည့် မိမိတို့နိုင်ငံ၏ ဖြစ်ပါကြောင်း၊ အဆိုပါအရင်းအမြစ်သည် မိမိတို့တောင်သူများအတွက် မရှိမဖြစ်လိုအပ်သည့် အခြေခံအကျဆုံးနှင့် တန်ဖိုးအရှိဆုံး အရင်းအမြစ်တစ်ခုလည်း ဖြစ်သည့်အတွက် မြေအရင်းအမြစ်များကိုအသုံးချရာတွင် ရေရှည်တည်တံ့မှုရှိစေရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုရှိစေရန် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးမှုမရှိစေသည့် အသုံးချမှုများ လိုအပ်ပါကြောင်း၊ သို့မှသာ တောင်သူလယ်သမားများအနေဖြင့် အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ အရင်းအမြစ်များ ခိုင်မာမှုနှင့် ရေရှည်တည်တံ့မှုကို ရရှိစေနိုင်မည်ဖြစ်ပါကြောင်း။

### ကြိုးပမ်းဆောင်ရွက်

ပြန်လည်စွန့်လွှတ်သည့်မြေများကို မူလပိုင်ရှင်တောင်သူများထံ အမြန်ဆုံးလက်ဝယ်သို့ရောက်ရှိအောင် သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးခဲ့ မှုကို အထောက်အကူပြုနိုင်သည့် ကုန်ထုတ်လယ်ယာမြေများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် တနင်္သာရီတိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင်က တနင်္သာရီတိုင်းဒေသကြီးအတွင်း စွန့်လွှတ်မြေများအနက် မူလတောင်သူများထံသို့ လယ်ယာမြေယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ – ၃) ပေးအပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊

စာမျက်နှာ ၄ သို့ ☆

☆ စာမျက်နှာ ၃ မှ

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင်၊ ပြည်ထောင်စု အစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်မြင့်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင်၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်၊ တိုင်းဒေသကြီးဝန်ကြီး ဦးမြင့်စန်းနှင့် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးတို့က ကျောက်ဖျာကျေးရွာအုပ်စု အတွင်းရှိ ကွင်းအမှတ် – ၁၇၁(ခ) (ကျောက်ဖျာအရှေ့ကွင်း)၊ ကွင်းအမှတ် – ၁၇၂ (ကဘင်းကွင်း)၊ ကွင်းအမှတ်– ၁၇၃(က) (ကဘင်းကွင်း)၊ ကွင်းအမှတ် – ၉၆၂ (အထူးရာကြီးအရှေ့ကွင်း)၊ ကွင်းအမှတ်–၉၆၃ (ကိုးပင်အနောက်ကွင်း)၊ ကွင်းအမှတ် – ၁၇၅ (လွတ်လွတ်တောင်ကွင်း)နှင့် သဘွတ်ကျေးရွာ အုပ်စု အတွင်းရှိ ကွင်းအမှတ် – ၁၆၇ (ဆင်ရိုင်းကွင်း)၊ ကွင်းအမှတ်–၈၄၃ (ဆင်ထဲကွင်း သစ်ကွင်း)၊ ကွင်းအမှတ်–၁၇၀ (လဝဲကွင်း)၊ ကွင်းအမှတ် – ၁၆၈ (တားချယ်ကွင်း)၊ ကွင်းအမှတ်–၉၆၁(ဗန္ဓုလတောင်ကွင်း) တို့မှ တောင်သူများအား လယ်ယာမြေ ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ – ၃) များပေးအပ်ကြသည်။

**ကျေးဇူးတင်ဝမ်းမြောက်စကားပြော**

ထို့နောက် လယ်ယာမြေယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ – ၃) လက်ခံရယူကြသည့် တောင်သူများကိုယ်စား ကျောက်ဖျာကျေးရွာမှ တောင်သူ ဦးအောင်ကြည်က ကျေးဇူးတင်ဝမ်းမြောက်စကားပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် အခမ်းအနားသို့တက်ရောက်လာကြသည့် တောင်သူများအား နှုတ်ဆက်သည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် အမြန်ရေယာဉ်ဖြင့်မြိတ်မြို့မှ ကျွန်းစုမြို့နယ် ကတ္တလူကျေးရွာသို့ရောက်ရှိပြီး ပြည့်ဖြိုးထွန်းအင်တာနေရှယ်နယ် ကုမ္ပဏီလီမိတက်၏ ရေငန်ပုစွန်မွေးမြူရေးလုပ်ငန်းစီမံကိန်းအတွင်း လှည့်လည် ကြည့်ရှုလေ့လာသည်။

အဆိုပါ စီမံကိန်းကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလတွင် စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ၄၁၅ ဧက ကျယ်ဝန်းကာ လက်ရှိတွင်ပုစွန်မွေးမြူကန် ၆၁ ကန်ရှိပြီဖြစ်ကြောင်း၊ ရေငန်ပုစွန်ဖြူ အမျိုးအစားကိုသာမွေးမြူပြီး မွေးမြူရေးကန် တစ်ကန်လျှင် ပုစွန်သားပေါက် ၁၂ သိန်းမှ ၁၅ သိန်းအထိ ထည့်သွင်းမွေးမြူနိုင်ကြောင်း၊ မွေးမြူရေးကန်တစ်ကန်မှ တစ်ကြိမ်လျှင် ရေငန်ပုစွန် ၂၅ တန်မှ တန် ၃၀ အထိထွက်ရှိကြောင်း၊ ပုစွန်များကို ဂျပန်နိုင်ငံနှင့် တရုတ်နိုင်ငံသို့ အဓိကထား တင်ပို့ရောင်းချကြောင်း၊ မွေးမြူရေးကန်တစ်ကန်လျှင် တစ်နှစ်ကာလအတွင်း (၃) ကြိမ်မွေးမြူ ထုတ်လုပ်နိုင်ကြောင်း သိရသည်။

ဆက်လက်၍ အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ကျွန်းစုမြို့နယ် စမတ်ကျွန်းသို့ရောက်ရှိပြီး ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းဖော်ဆောင်မည့် အခြေအနေများကိုကြည့်ရှုစစ်ဆေးရာ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးညိုအေးက လိုက်လံရှင်းလင်းပြသသည်။

အဆိုပါကျွန်းသည် မြိတ်မြို့မှ ၄၈ မိုင်ကွာဝေးပြီး အမြန်ရေယာဉ်ဖြင့် နှစ်နာရီကြာ ခရီးရှိကြောင်း၊ မြိတ် – ဒုံးကျွန်းရေတံခွန်နှင့် စမတ်ကျွန်းကမ်းခြေ ခရီးစဉ်အတွင်း ဗမာ၊ ကရင်နှင့် ဆလုံတိုင်းရင်းသားတို့၏ လူနေမှုဘဝများကို လေ့လာနိုင်ခြင်း၊ ကယက်လှေ စီးခြင်း၊ ကမ်းဦးရေတိမ်ပိုင်းအလှများနှင့် ပင်လယ်ကမ်းခြေအလှများကို ကြည့်ရှုလေ့လာနိုင်ခြင်း၊ ငါးမျှားနိုင်ခြင်းနှင့် လတ်ဆတ်သည့် ပင်လယ်အစားအစာများစားသုံးနိုင်ခြင်း စသည့်ဝန်ဆောင်မှုများကို ရရှိနိုင်မည့် တစ်ညအိပ် နှစ်ရက်ခရီးစဉ်ကို ဖော်ဆောင်လျက်ရှိကြောင်း သိရသည်။

ယင်းနောက် ဒုတိယသမ္မတသည် ဒုံးကျွန်းရှိ ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်းဖော်ဆောင်လျက်ရှိသည့် ဒုံးညောင်မှိုင်းကျေးရွာအား အမြန်ရေယာဉ်ဖြင့် လှည့်လည်ကြည့်ရှုသည်။

**သတင်းစဉ်**



ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင် တောင်သူတစ်ဦးအား လယ်ယာမြေ ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ – ၃) ပေးအပ်စဉ်။



ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ် တောင်သူတစ်ဦးအား လယ်ယာမြေ ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ – ၃) ပေးအပ်စဉ်။



ဒုံးကျွန်းကို တွေ့ရစဉ်။



စမတ်ကျွန်းကို တွေ့ရစဉ်။

## မကွေးမြို့ရှိ ဆားချောထုတ်လုပ်ငန်းများ ထုတ်လုပ်မှုလျော့ကျ

**မကွေး ဇန်နဝါရီ ၁၅**

ဆားကြမ်းမှ ဆားချောချက်ထုတ်လုပ်သည့် တစ်နိုင်တစ်ပိုင် မိသားစုလုပ်ငန်းများ မကွေးမြို့တွင်ရှိနေပြီး မြို့တွင်းဈေးများသို့ နေ့စဉ် ဆားပိဿာချိန် ၂၅၀ ခန့် ထုတ်လုပ်ရောင်းချနေရာမှ ကိုဗစ်–၁၉ ရောဂါကာလတွင် ပိဿာ ၁၀၀ ခန့် လျှော့ချထုတ်လုပ်နေရကြောင်း အောင်မေတ္တာ (ဘူတာ) ရပ်ကွက်ရှိ ဆားချက်လုပ်ငန်းမှ သိရသည်။



"အောက်ပြည် အောက်ရွာက မော်တော်တွေနဲ့ ဆားကြမ်းတွေလာရောင်းပါတယ်။ မြို့ပေါ်ကပွဲရုံတွေမှာလည်း ဝယ်လို့ရတယ်။ ဆားအကြမ်းကိုချက်ပြီး ဆားချောပြန်ထုတ်တာပါ။ ကိုဗစ်–၁၉ ရောဂါကာလမတိုင်ခင်ကတော့ တစ်နေ့ကို ပိဿာ ၂၅၀ ကျော်ထုတ်တယ်။ အခု ကိုဗစ်–၁၉ ရောဂါကာလမှာ ကျောင်းတွေပိတ်ထားတော့ စားသောက်ဆိုင်တွေကလည်း ဆားသုံးစွဲတာ လျော့သွားတယ်။ တစ်ရက်ကို အချိန် ၁၅၀ ကျော် လောက်ပဲချက်ဖြစ်တယ်" ဟု ဆားချောလုပ်ငန်း လုပ်ကိုင်သူ ဒေါ်အေးဝေက ပြောသည်။

ဆားကြမ်းပိဿာ ၅၀ ချက်လျှင် ဆားချော ၄၆ ပိဿာခန့် ပြန်ရပြီး အိုင်အိုဒင်းထည့်၊ တံဆိပ်ကပ် ထုပ်ပိုးကာ တစ်ပိဿာလျှင် ငွေကျပ် ၈၀၀ ဈေးဖြင့် မြို့ပေါ်ရှိဈေးများသို့ ဖြန့်ချိကြောင်း ဇမ္ဗူထွန်းဆားချက်ဖိုပိုင်ရှင် ဦးခင်မောင်မြင့်ထံမှ သိရသည်။

**ဇေယျာတု(မကွေး)**

## ယခုနှစ် သရက်ရာသီတွင် အွန်လိုင်းစနစ်ဖြင့် ရောင်းချသွားရန် စီစဉ်

**မန္တလေး ဇန်နဝါရီ ၁၅**

ယခုနှစ် သရက်သီးထွက်ရှိသည့်ရာသီတွင် အွန်လိုင်းစနစ်ဖြင့် ရောင်းချသွားရန် တောင်သူများ၊ ပွဲရုံများနှင့် ပွဲစားများ စီစဉ်ဆောင်ရွက်နေကြကြောင်း မြန်မာ့ သရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးရေးအသင်း (မန္တလေး)မှ အတွင်းရေးမှူး ဦးကျော်စိုးနိုင်က ပြောကြားသည်။

**ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်**

အဆိုပါ အွန်လိုင်းစနစ်ဖြင့် အဓိကထား ရောင်းချသွားမည်ဆိုပါက ရောင်းချသူများအနေဖြင့် အရည်အသွေးကောင်းသရက်သီးများကို ပြုလုပ်ပေးနိုင်လျှင် အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းသည် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ လက်ရှိဈေးကွက်အတွင်း သရက်သီးရောင်းချရာတွင် ၃၀ ရာခိုင်နှုန်းသည် အွန်လိုင်းစနစ်ဖြင့် ဆောင်ရွက်နေကြကြောင်း သိရသည်။

"အွန်လိုင်းကို အဓိကထားမယ်ဆိုရင် အရည်အသွေးကောင်းကောင်းနဲ့ ကိုယ့်အမှတ်တံဆိပ်နဲ့ကိုယ် ရပ်တည်နိုင်ရင် ပိုကောင်းမှာပါ။ အရည်အသွေးညီအောင် ဆောင်ရွက်ဖို့လိုမယ်။ အရည်အသွေးကောင်းအောင် ပြုလုပ်ပေးနိုင်ရင် အွန်လိုင်းစနစ်တွေ ဖွံ့ဖြိုးလာနိုင်ပါတယ်။ အရင်နှစ်နှစ်လောက်က အွန်လိုင်းစနစ်မရှိပါဘူး။ ကိုဗစ်–၁၉ ကြောင့် မနှစ်ကစပြီး အွန်လိုင်းစနစ်ဖြစ်သွားပါတယ်။ အွန်လိုင်းစနစ်ကတော့ အရည်အသွေးကောင်းမှ ရေရှည်ရပ်တည် နိုင်မှာပါ။ အရည်အသွေးမကောင်းရင် အွန်လိုင်းဈေးကွက်စနစ်ပျက်သွားမှာပါ"ဟု အတွင်းရေးမှူး ဦးကျော်စိုးနိုင်က ရှင်းပြသည်။

အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းကြောင့် ဝယ်သူနှင့် ရောင်းချသူမှာ တိုက်ရိုက်စနစ်ဖြင့် ရောင်းချနိုင်ကြောင်း၊ အားသာချက်အနေဖြင့် ပွဲခနှင့် ဝန်ဆောင်မှုများကို ပေးရန် မလိုအပ်တော့ကြောင်း၊ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းကြောင့် ငွေပေးချေမှုတွင်လည်း အဆင်ပြေနိုင်ကြောင်း၊ ဝယ်ယူသူများအနေဖြင့်လည်း အွန်လိုင်းမှ သရက်သီး 16 kg တစ်ဖာမှာယူပါက မိမိတို့ဝယ်ယူမည့် အရွယ်အစားကို ထည့်၍မှာယူကြရန် လိုအပ်ကြောင်း၊ ရောင်းချသူများအနေဖြင့်လည်း အွန်လိုင်းစနစ်တွင် ရေရှည်ရပ်တည် ရောင်းချသွားလိုပါက မိမိတို့၏ပစ္စည်းနှင့် အမှတ်တံဆိပ်ကို အရည်သွေးကောင်းကောင်းပြုလုပ်ကြရန် လိုကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု “စံ” သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်ပေးအပ်ပွဲ အခမ်းအနား ကျင်းပ




**နေပြည်တော် ဇန်နဝါရီ ၁၅**

မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု “စံ” သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA)၏ အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု အသိအမှတ်ပြု လက်မှတ်ပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန စုဝေးခန်းမ၌ Virtual System ဖြင့် ကျင်းပသည်။

**ကျွမ်းကျင်လုပ်သား ၁၁၆၅ ဦး**

အခမ်းအနားတွင် အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက မိမိတို့ဝန်ကြီးဌာနအနေဖြင့် အသိအမှတ်ပြု လက်မှတ်ရရှိထားသည့်လုပ်သားများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေး ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်နေဆဲကာလအတွင်း ကျွမ်းကျင်မှုအသိအမှတ်ပြု လက်မှတ်ပေးအပ်ပွဲ အခမ်းအနားကျင်းပပေးရခြင်းဖြစ်ကြောင်း၊ ကျွမ်းကျင်မှုအသိအမှတ်ပြု လက်မှတ်များပေးအပ်ရာတွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်များတွင် ဖြေဆိုအောင်မြင်ခဲ့ကြသည့် ကျွမ်းကျင်လုပ်သား ၁၁၆၅ ဦး၊ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာန ၁၁ ခု၊ Assessor ကိုးဦးနှင့် Inspector ၂၂ ဦး တို့ကို အွန်လိုင်းဖြင့် ပထမဆုံးအကြိမ် အသိအမှတ်ပြုလက်မှတ်များ ပေးအပ်ခြင်းဖြစ်ကြောင်း။

NSSA အနေဖြင့် ၂၀၁၄ ခုနှစ်မှစတင်၍ အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြု လက်မှတ်များ ပေးအပ်နိုင်ရေးဆောင်ရွက်ခဲ့ရာ ယနေ့အထိ အလုပ်အကိုင်အမျိုးပေါင်း ၃၀ အတွက် အောင်မြင်သူ ကျွမ်းကျင်လုပ်သား ၁၆၅၁၉ ဦးရှိကြောင်း၊ ယခုအခါ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ကျွမ်းကျင်လုပ်သား ၃၀၀၀ စစ်ဆေးအကဲဖြတ်ရန် လျာထားသတ်မှတ်ထားသည့်အတွက် New Normal နှင့်ကိုက်ညီသည့် စစ်ဆေးအကဲဖြတ်မှုများကို ယခု ဇန်နဝါရီလမှစတင်ပြီး ပြန်လည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိ စစ်ဆေးအကဲဖြတ်ရေးဌာနများတွင် တစ်ကြိမ်လျှင် ဖြေဆိုသူ ၂၀ သတ်မှတ်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ကမ္ဘာ့အလုပ်အကိုင်လောကတွင် လုပ်ကိုင်ရမှုပုံစံများ လျင်မြန်စွာ ပြောင်းလဲလာပြီး ကာယလုပ်သားလိုအပ်ချက်ထက် ဉာဏလုပ်သားလိုအပ်ချက် များလာနိုင်သောကြောင့် အလုပ်အကိုင်အသစ်များတွင် ကျွမ်းကျင်မှုကူးပြောင်းဆောင်ရွက်နိုင်ရန်လိုအပ်သည့် ကျွမ်းကျင်မှုအသစ်များကြိုတင်ဖြည့်ဆည်းထားနိုင်ရေး အပတ်တကုတ်ကြိုးပမ်းအားထုတ်ရန်လိုကြောင်း၊ လုပ်သားများအနေဖြင့် နိုင်ငံတော်က ဘဏ္ဍာငွေအကုန်အကျခံပြီး ဆောင်ရွက်ပေးနေသည့်ကာလတွင် မိမိတို့ ကျွမ်းကျင်မှုကို စစ်ဆေးအကဲဖြတ် အသိအမှတ်ပြုခံနိုင်ရေး အလေးထားဆောင်ရွက်စေလိုကြောင်း၊ အလုပ်ရှင်များအနေဖြင့်လည်း လုပ်သားများကို ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ခံနိုင်ရေး ပူးပေါင်းပါဝင်စေလိုကြောင်း၊ ယနေ့ဒစ်ဂျစ်တယ်ခေတ်တွင် လေ့လာသင်ယူမှုများ လက်လှမ်းမီလာပြီး သင်ယူလိုစိတ်ရှိပါက အလွယ်တကူ ဝင်ရောက်လေ့လာနိုင်ရေး အဘက်ဘက်မှ စီစဉ်ဖန်တီးပေးလျက်ရှိကြောင်း၊ NSSA မှ NSSA Web Portal ကို တည်ထောင်ထားပြီး အလုပ်ရှင်များ၊ အလုပ်သမားများအနေဖြင့် NSSA ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် သိရှိလိုသည်များကို Web Portal မှ တစ်ဆင့်အချက်အလက်များ ရယူနိုင်မည်ဖြစ်ကြောင်း။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဒီဇင်ဘာလတွင် ကျင်းပခဲ့သည့် ရန်ကုန်တိုင်းဒေသကြီးတွင် ပြည်တွင်းရွှေ့ပြောင်းအလုပ်သမားများ လာရောက်နေထိုင်လုပ်ကိုင်မှု များပြားရသည့်အကြောင်းရင်း ဆန်းစစ်လေ့လာမှုစစ်တမ်းအစီရင်ခံစာအရ ရန်ကုန်တိုင်းဒေသကြီးရှိ စက်မှုဇုန်များသို့ ရွှေ့ပြောင်းလာသည့် အလုပ်သမားများတွင် ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ အများဆုံးရွှေ့ပြောင်းလာရောက်ကြကြောင်း၊ အမျိုးသမီးရွှေ့ပြောင်းလုပ်သား ၅၀ ရာခိုင်နှုန်း ပါဝင်ကြောင်း၊ လုပ်သားအများစုသည် မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့်ပြီးမြောက်သူများကြောင်း၊ အထည်အလိပ်နှင့် အထည်ချုပ်ဆိုင်ရာလုပ်ငန်းများတွင် လုပ်ကိုင်သူများကို တွေ့ရှိရသဖြင့် အဆိုပါ တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ လုပ်သားများကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်ကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

**ဆောင်ရွက်ထားရန်လို**

ယခု ကိုဗစ်-၁၉ ကာလအတွင်း အထည်ချုပ်စက်ရုံ၊ အလုပ်ရုံအချို့တွင် အလုပ်သမား လျှော့ချမှုများရှိရာ လျှော့ချခံရသော အလုပ်သမားများအတွက် ယခုကာလအတွင်း အထည်ချုပ်ကျွမ်းကျင်မှုသင်တန်းများ တက်ရောက်နိုင်ရေးစီစဉ်ခြင်း၊ ကျွမ်းကျင်မှုဆိုင်ရာ စိစစ်အကဲဖြတ်ခံယူ၍ အထည်ချုပ်အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်များရယူထားခြင်းများ ဆောင်ရွက်ထားရန်လိုကြောင်း၊ မြန်မာ့စီးပွားရေးကုစားမှုနှင့် ပြန်လည်ထူထောင်ရေးအစီအမံနှင့်အတူ ပေါ်ပေါက်လာမည့် အလုပ်အကိုင်အခွင့်အလမ်းများအတွက် အဆင်သင့်ဖြစ်နေစေရေးကိုလည်း အလုပ်သမားများ၊ အလုပ်ရှင်များ၊ ဖွံ့ဖြိုးရေးမိတ်ဖက်များ၊ ဆက်စပ်ဝန်ကြီးဌာနများက ဟန်ချက်ညီစွာ ပူးပေါင်းဆောင်ရွက်ပေးစေလိုကြောင်း။

အနာဂတ် အလုပ်အကိုင်သစ်များတွင် Green Economy ကို အထောက်အပံ့ဖြစ်စေသော Green Skills များ၊ New Skills များပါဝင်သော အချိန်နှင့်အမျှပြောင်းလဲတိုးတက်နေသည့် ခေတ်သစ်ဒစ်ဂျစ်တယ်နည်းပညာများနှင့် ယှဉ်တွဲနေသောအလုပ်အကိုင်များ၊ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများမှ ဝင်ရောက်လာသော အလုပ်အကိုင်များ၊ ကျွမ်းကျင်မှုကွာဟချက် ကြိုတင်သုတေသနပြုပြီး သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအလိုက် ဖော်ထုတ်သတ်မှတ်နိုင်ရေး လျာထားဆောင်ရွက်မည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ပုံစံသစ်ပြောင်းလဲဆောင်ရွက်နေသည့် လက်ရှိကာလနှင့် ကိုဗစ်-၁၉ အလွန်ကာလများတွင် ကျွမ်းကျင်လုပ်သားများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ရေး NSSA က အသိအမှတ်ပြုပေးသည့် အလုပ်အကိုင်အလိုက် အမျိုးသားအဆင့်ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်များကို လုပ်သားများအား ပိုမိုပေးအပ်နိုင်ရေး အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် ပူးပေါင်းပါဝင်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက အသိအမှတ်ပြု လက်မှတ်ရရှိသည့် Assessor များ၊ Assessment Center များမှ ကိုယ်စားလှယ်များ၊ အသိအမှတ်ပြုလက်မှတ်ရရှိသည့် ကျွမ်းကျင်လုပ်သားများ၏ ကိုယ်စားလှယ်များကို အသိအမှတ်ပြုလက်မှတ်များ ပေးအပ်သည်။

ဆက်လက်၍ Inspector အသိအမှတ်ပြုလက်မှတ်ရရှိသူများကိုယ်စား အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က NSSA နှင့် ပူးပေါင်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ပြီး အလုပ်ရှင်ကိုယ်စားလှယ်နှင့် ဖြေဆိုအောင်မြင်ခဲ့သည့် လုပ်သားများကိုယ်စား လုပ်သားကိုယ်စားလှယ်တို့က ကျေးဇူးတင်စကားပြောကြားသည်။

အခမ်းအနားသို့ NSSA မှ တာဝန်ရှိသူများ၊ ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးနှင့် အသိအမှတ်ပြုရေး ကော်မတီနှင့် အလုပ်အကိုင်ဆိုင်ရာကျွမ်းကျင်မှု လေ့ကျင့်ရေးကော်မတီမှ တာဝန်ရှိသူများ၊ အလုပ်အကိုင်အလိုက် ကျွမ်းကျင်မှု “စံ” သတ်မှတ်ရေးကော်မတီများမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာကိုယ်စားလှယ်များ၊ ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာနများမှ တာဝန်ရှိသူများ၊ အသိအမှတ်ပြုလက်မှတ်ရယူကြမည့် Inspector များ၊ Assessor များ၊ စစ်ဆေးအကဲဖြတ်ရေးဌာနများနှင့် ကျွမ်းကျင်လုပ်သားများ၊ မိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

# အော်ဂဲနစ်ထောက်ခံချက်လက်မှတ် ပေးအပ်ရေးစီမံချက် စတုတ္ထမူကြမ်းများအပေါ် ထပ်မံဖြည့်စွက် အတည်ပြုနိုင်ရေး လုပ်ငန်းညှိနှိုင်းဆွေးနွေး




**နေပြည်တော် ဇန်နဝါရီ ၁၅**

အော်ဂဲနစ်ထောက်ခံချက်လက်မှတ် ပေးအပ်ရေးစီမံချက်၊ လမ်းညွှန်ချက်များနှင့် စိုက်ပျိုးရေးစစ်ဆေးခြင်းဆိုင်ရာ လမ်းညွှန်ချက် စတုတ္ထမူကြမ်းများအပေါ် ထပ်မံဖြည့်စွက် အတည်ပြုနိုင်ရေး ဆွေးနွေးပွဲကို ယမန်နေ့ နံနက်ပိုင်းက အွန်လိုင်းစနစ်ဖြင့် ကျင်းပသည်။

အခမ်းအနားသို့ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဌာနခွဲညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ အော်ဂဲနစ်စိုက်ပျိုးထုတ်လုပ်သူများက Zoom Application အသုံးပြု၍ တက်ရောက်ကြသည်။

ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက အော်ဂဲနစ်စနစ်ဖြင့် ထုတ်လုပ်သည့် သီးနှံများသည် စားသုံးမှုဘေးအန္တရာယ်ကင်းရှင်းရေးကို ဦးစားပေးကာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရေရှည်တည်တံ့သော စိုက်ပျိုးရေးလုပ်ငန်းဖြစ်ရန် အရေးကြီးကြောင်း၊ သက်ဆိုင်သူအားလုံးတို့က အော်ဂဲနစ်စံချိန်စံညွှန်းပြည့်မီရေး လိုက်နာရမည့်စည်းကမ်း လုပ်ထုံးလုပ်နည်းများကို လိုက်နာကြရန် အရေးကြီးသလို တာဝန်ယူမှု၊ တာဝန်ခံမှုရှိရန် လိုအပ်ကြောင်း။

**အသိအမှတ်ပြုနိုင်ရန်**

ယနေ့ဆွေးနွေးတင်ပြသည့် စတုတ္ထမူကြမ်းအား ထပ်မံညှိနှိုင်းပြီး ထောက်ခံချက်ပေးသည့်အဖွဲ့အားလုံး လိုက်နာကိုးကားနိုင်သည့် မိမိတို့နိုင်ငံ၏ ထောက်ခံချက်ပေးရေးဆိုင်ရာ လမ်းညွှန်ချက်များအဖြစ် သတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် ယနေ့အစည်းအဝေးရလဒ်အား ဝန်ကြီးဌာနသို့ ဆက်လက်တင်ပြ၍ ထောက်ခံချက်ပေးရေး စီမံချက်အရ အော်ဂဲနစ်ကြီးကြပ်ရေးအဖွဲ့နှင့် ထောက်ခံချက်ပေးရေးအဖွဲ့များကို ဖွဲ့စည်းပြီး နိုင်ငံတော်အဆင့် အော်ဂဲနစ်ထုတ်ကုန်များအား ကြီးကြပ်ပိုင်ခွင့် အခွင့်အာဏာရှိအဖွဲ့များအဖြစ် အသိအမှတ်ပြုနိုင်ရန် **မြန်မာနိုင်ငံ စံချိန်စံညွှန်းများကို အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများနှင့်ကိုးကား၍ ချမှတ်ခွင့်ရှိသည့် သုတေသနနှင့်တီထွင်ဆန်းသစ်မှု ဦးစီးဌာန (Department of Research and Innovation-DRI)** သို့ ဆက်လက် တင်ပြသွားမည်ဖြစ်ပါကြောင်း၊ Certification Body သည် နိုင်ငံတကာကလက်ခံထားသည့်၊ အာဆီယံ အော်ဂဲနစ် စံချိန်စံညွှန်းနှင့်ကိုက်ညီသော အချက်များနှင့်လည်း ပြည့်စုံရမည်ဖြစ်ကြောင်း၊ Private Sector (Third Party) ၏ အော်ဂဲနစ်အရည်အသွေး စစ်ဆေးရေးဆိုင်ရာအား အစိုးရအဖွဲ့အစည်းက သတ်မှတ်ပြဋ္ဌာန်း စိစစ်ပေးပြီး တောင်သူပညာပေးလုပ်ငန်းများ၊ ပါဝင်ဆောင်ရွက်သူများအား အဆင့်ဆင့်သင်တန်းများပေးကာ ဆောင်ရွက်ခြင်းဖြင့် ပြင်ပအဖွဲ့အစည်းများထံ ဆက်လက်လွှဲပြောင်းဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံး ဘေးအန္တရာယ်ကင်းရှင်းသည့် သန့်ရှင်းလတ်ဆတ်သည့်သီးနှံများ စားသုံးနိုင်ရေးကို ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည့်အတွက် ပြည်တွင်း၊ ပြည်ပတင်ပို့ရောင်းချသည့် လုပ်ငန်းများတွင်လည်း Certificate ပေးနိုင်ရေးအတွက် အားစိုက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စားသုံးသူကို ယုံကြည်မှုရှိအောင် Certificate ထုတ်ပေးခြင်းဖြစ်သည့်အတွက် ကျင့်ဝတ်သိက္ခာနှင့်အညီ ဆောင်ရွက်ကြရန် အရေးကြီးကြောင်း ပြောကြားသည်။

ဆွေးနွေးပွဲတွင် ဒေါက်တာဝဏ္ဏထွန်းက အော်ဂဲနစ်ထောက်ခံချက်ပေးရေးအဖွဲ့အတွက် အထွေထွေသတ်မှတ်ချက်များ၊ အော်ဂဲနစ်ထောက်ခံချက် လျှောက်ထားသူများအတွက် အထွေထွေလိုအပ်ချက်များ၊ မြန်မာအော်ဂဲနစ် အသိအမှတ်ပြုလက်မှတ်ပေးအပ်ရေးနှင့် ဆက်စပ်အဖွဲ့များဖွဲ့စည်းခြင်း၊ စစ်ဆေးသူများလိုက်နာရမည့် အခြေခံကျင့်ဝတ်များ စသည့် အော်ဂဲနစ်ထောက်ခံချက် လက်မှတ်ပေးအပ်ရေးစီမံချက်ဆိုင်ရာများကို တင်ပြရာ ဆွေးနွေးပွဲတက်ရောက်လာကြသူများက ဖြည့်စွက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ညီညီသန်း(နေပြည်တော်)**

# ကိုဗစ်ကာလစိန်ခေါ်မှုများနှင့် ဘာသာရေးခရီးသွားလုပ်ငန်းမြှင့်တင်ရေး

သိန်းထွန်း (IR)

**ဘာသာရေးခရီးသွားလုပ်ငန်းသည် ဘုရားဖူးသက်သက်ခရီးစဉ်၊ ဗုဒ္ဓဘာသာဆိုင်ရာ ဘုရားစေတီ၊ အဆောက်အအုံ၊ နေရာ၊ ဒေသလေ့လာရေးခရီးစဉ်တို့ထက်ပိုသော ဗုဒ္ဓဘာသာကို လေ့လာကျင့်ကြံအားထုတ်ရန် လာရောက်သောခရီးစဉ်ဖြစ်သည်။ သို့အတွက် ဘာသာရေးခရီးသွားလုပ်ငန်းသည် လောကီ၊ လောကုတ္တရာအကျိုးများသော ခရီးသွားလုပ်ငန်းလည်း ဖြစ်သည်။ ကိုဗစ်ကာလအတွင်း ခရီးသွားလုပ်ငန်းများမှာ ရပ်ဆိုင်းထားကြရသည်ဖြစ်သဖြင့် ဘာသာရေးခရီးသွားလုပ်ငန်းကို ယခုအချိန်မှစ၍ ဦးစားပေးကဏ္ဍတစ်ရပ်ဖြင့် ဖွင့်လှစ်မည်ဆိုပါက ကိုဗစ်အလွန်ကာလ ခရီးသွားလုပ်ငန်းတိုးမြှင့်ရေးအတွက် အထောက်အကူများစွာဖြစ်စေနိုင်။**

**ကိုဗစ်ကာလ မြန်မာ့စီးပွားရေးမျှော်မှန်းချက်**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုသည် ကမ္ဘာတစ်ဝန်းတွင် ယနေ့ထက်တိုင် တိုးနေဆဲပင် ဖြစ်သည်။ တစ်နှစ်ကျော်ကြာမြင့်လာသည့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် သေဆုံးသူဦးရေမှာလည်း သန်းချီရှိနေပါ၏။ ကိုဗစ်-၁၉ ကာကွယ်ဆေးများ ရရှိနေပြီဆိုသော်လည်း ယင်းကပ်ရောဂါကြီး အချိန်မည်မျှကြာ၍ လူသားများအပေါ် မည်မျှထိခိုက်နေဦးမည်ဆိုသည်က ခန့်မှန်းရန် ခက်ခဲနေဆဲ ဖြစ်သည်။ သို့ဖြစ်ရာ ကပ်ရောဂါဖြစ်ပွားမှုအကျိုးဆက်မှာ နိုင်ငံအားလုံးတို့၏ စီးပွားရေး၊ ပညာရေး၊ လူမှုရေးဆိုင်ရာများ ရပ်တန့်ခြင်း၊ တုံ့ဆိုင်းခြင်း၊ နှေးကွေးခြင်းတို့ဖြစ်သည်။

ကိုဗစ် -၁၉ ရောဂါဖြစ်ပွားမှုကြောင့် ကုန်ထုတ်လုပ်မှု၊ အထည်ချုပ်လုပ်ငန်း၊ သယ်ယူပို့ဆောင်ရေး၊ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းနှင့် ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းများ၊ အသေးစား၊ အလတ်စားလုပ်ငန်းများသည် အခြားလုပ်ငန်းများထက် ပိုမိုထိခိုက်ခဲ့ကြသည်။ ယခုအချိန်အထိလည်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် လုပ်ငန်းများပြန်လည်မစတင်နိုင်သေးခြင်းကြောင့် ထပ်မံထိခိုက်နိုင်ခြေရှိနေဆဲ ဖြစ်သည်။ ကမ္ဘာ့ဘဏ်၏ ဒီဇင်ဘာလ ၁၆ ရက်နေ့ထုတ်ပြန်ချက်အရ ကပ်ရောဂါကြောင့် မြန်မာ့စီးပွားရေးသည် လွန်ခဲ့သည့်နှစ် ညွှန်းကိန်း ၆ ဒသမ ၈မှ ယခုနှစ်တွင် ၁ ဒသမ ၇ ရာခိုင်နှုန်းကို ကျဆင်းသွားကြောင်း သိရသည်။

ဆင်းရဲမွဲတေမှုအနေဖြင့် မြန်မာနိုင်ငံသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ၂၂ ဒသမ ၄ ရာခိုင်နှုန်းရှိခဲ့ပြီး ကိုဗစ်- ၁၉ ဖြစ်ပွားမှုကြောင့် ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ်တွင် ဆင်းရဲမွဲတေမှု ၂၇ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့ကြောင်း ဆိုသည်။ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်ထက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ဆင်းရဲမွဲတေမှု ငါးရာခိုင်နှုန်းကျော် တိုးလာနိုင်ကြောင်း ကမ္ဘာ့ဘဏ်က ဆိုသည်။ သို့သော်လည်း မျှော်လင့်ချက်အနေဖြင့် လာမည့် ၂၀၂၁ ခုနှစ်အတွင်း မြန်မာ့စီးပွားရေး ပြန်လည်တိုးတက်လာနိုင်ကြောင်း ကမ္ဘာ့ဘဏ်က ခန့်မှန်းထားသည်။

**ခရီးသွားလုပ်ငန်းထိခိုက်မှု**

ကိုဗစ်-၁၉ ထိခိုက်ခံရသော နိုင်ငံ၏ ကဏ္ဍပေါင်းစုံထဲတွင် မြန်မာ့ခရီးသွားလုပ်ငန်းကဏ္ဍလည်း ပါဝင်နေသည်။ ယခုနှစ်အတွင်း ကမ္ဘာတစ်ဝန်း နိုင်ငံတကာခရီးသွားအရေအတွက် ၈၀ ရာခိုင်နှုန်းအထိ ကျဆင်းနိုင်ကြောင်း ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် (WTO) က ဆိုထားသည်။ ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားချိန်မှစ၍ မြန်မာ့ခရီးသွားလုပ်ငန်းသည်လည်း ကျဆင်းခဲ့သည်။ ၂၀၁၉ ခုနှစ်အတွင်း နိုင်ငံခြားသားဧည့်သည်ဝင်ရောက်မှု ၄ ဒသမ ၃ သန်းကျော်ရှိခဲ့သော်လည်း ကပ်ရောဂါဖြစ်ပွားသည့် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလမှ အောက်တိုဘာလအထိ နိုင်ငံခြားသားဧည့်သည်ဝင်ရောက်မှုမှာ ရှစ်သိန်းခုနစ်သောင်းကျော်သာ ရှိခဲ့သည်။ ယခုနှစ်ကုန်တွင် ခရီးသွားဝင်ရောက်မှု ၈၀ ရာခိုင်နှုန်းခန့် ကျဆင်းသွားနိုင်ကြောင်း ခရီးသွား လုပ်ငန်းဆိုင်ရာများက ခန့်မှန်းထားကြသည်။ ခရီးသွား လုပ်ငန်းမှဝင်ငွေအနေဖြင့် ၂၀၁၉ ခုနှစ်အတွင်း ပြည်ပ ခရီးသွားလုပ်ငန်းတစ်ခုတည်းမှ ဒေါ်လာ ၂၈၁၈ သန်း ကျော်ရှိခဲ့သော်လည်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသည့် ၂၀၂၀ ပြည့်နှစ်တွင် ဒေါ်လာ ၅၄၃ သန်းကျော်သာ ရရှိထားသဖြင့် ရာခိုင်နှုန်းအားဖြင့် ၈၀ ရာခိုင်နှုန်းအထိ ဆုံးရှုံးနိုင်ကြောင်း ခန့်မှန်းထားကြသည်။

ကိုဗစ်-၁၉ ရောဂါကြောင့် ခရီးသွားလုပ်ငန်းထိခိုက်ဆုံးရှုံးလာသည်နှင့် နီးနွယ်ကဏ္ဍများဖြစ်သည့် ဟိုတယ်လုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ စားသောက်ဆိုင်လုပ်ငန်း စသည့်လုပ်ငန်းအသီးသီးနှင့် ဆက်စပ်လုပ်ငန်းများတွင် အလုပ်လက်မဲ့ပြဿနာများလည်း ဖြစ်ပေါ်နေသည်။

**ကိုဗစ်နှင့် ပုံစံသစ်ခရီးသွားကဏ္ဍ**

လက်ရှိကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေဆဲအခြေအနေတွင် စီးပွားရေးလုပ်ငန်းများ ပြန်လည်စတင်ရေး၊ ထူထောင်ရေးမှာ ခက်ခဲနေဆဲဖြစ်သည်ကို တွေ့မြင်ကြရသည်။ ကပ်ရောဂါ ဖြစ်ပွားနေဆဲအခြေအနေအရ ကိုဗစ်-၁၉ ကာကွယ်ခြင်း၊ တိုက်ဖျက်ခြင်းနှင့်အတူ ခရီးသွားလုပ်ငန်းများကို New Normal ပုံစံဖြင့် ဒွန်တွဲလုပ်ဆောင်ရန်မှာ ရေရှည်ရပ်တည်ရေးအတွက် နည်းလမ်းတစ်ရပ်ဟု ဆိုနိုင်သည်။

ခရီးသွားလုပ်ငန်းများအပါအဝင် စီးပွားရေးလုပ်ငန်းများကို အခြားနိုင်ငံများနှင့်ယှဉ်ပြိုင်၍ ပြန်လည်စတင်ရာတွင်သမားရိုးကျပုံစံများထက် ဆန်းသစ်တီထွင်မှုရှိသော၊ ထုတ်လုပ်မှုအားကောင်းသော၊ ဝန်ဆောင်မှုအားကောင်းသောပုံစံများဖြင့် ထိုးဖောက်နိုင်ရန် လိုအပ်ပါလိမ့်မည်။ မကြာမီပြန်လည်စတင်မည့် ခရီးသွားလုပ်ငန်းများကိုလည်း ခရီးသွားကဏ္ဍသစ်၊ ပုံစံသစ်များဖြင့် ထိုးဖောက်ခြင်းဖြင့် ကိုဗစ်ကာလခရီးသွားလုပ်ငန်းများ ရှင်သန်ရပ်တည်နိုင်ရေးနှင့် ကိုဗစ်အလွန်ကာလ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို မျှော်မှန်းနိုင်ပေမည်။

**ခရီးသွားလုပ်ငန်းကဏ္ဍသစ် တိုးချဲ့ခြင်း**

မြန်မာနိုင်ငံတွင် ခရီးသွားလုပ်ငန်းအမျိုးမျိုး ယခင်ကပင် တိုးချဲ့လုပ်ကိုင်နေသည်ကို တွေ့ရသည်။ ခရီးသွားလုပ်ငန်းသည် နိုင်ငံခြားဝင်ငွေရရှိသည့်လုပ်ငန်းဖြစ်သည်နှင့်အညီ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုလျက်ရှိသည်။ ထို့အတွက်လည်း ကမ္ဘာ့နိုင်ငံများသည် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း တိုးတက်ရေးနည်းလမ်းအမျိုးမျိုးဖြင့် မြှင့်တင်နေကြသည်။ ထို့အပြင် နိုင်ငံ့ဝင်ငွေတိုးတက်ရေး၊ သက်ဆိုင်ရာဒေသ ဝင်ငွေတိုးတက်ရေး၊ အလုပ်အကိုင်ရရှိရေး၊ ဆင်းရဲမှုလျှော့ချရေးတို့အတွက် ယခုအခါ လူထုအခြေပြုလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်လျက်ရှိသည်။

မိမိတို့နိုင်ငံတွင် ခရီးသွားလုပ်ငန်းဆိုင်ရာ ရင်းမြစ်များ များစွာကြွယ်ဝလှသည်။ သို့သော်လည်း မြန်မာ့ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှုသည် အာဆီယံ အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းစာပါက အားနည်းနေဆဲဖြစ်သည်။ သို့ဖြစ်ရာ ကိုဗစ်နှင့်အတူ ယှဉ်တွဲရပ်တည်ရေး၊ ကိုဗစ်အလွန်ကာလ ပြန်လည်ထူထောင်ရေးတို့အတွက် မိမိတို့နိုင်ငံ၏ အခွင့်အလမ်းကောင်းများ၊ ရင်းမြစ်များ၊ အတွေးအမြင်များကို ထိရောက်စွာ အသုံးချကြရမည် ဖြစ်သည်။ ခရီးသွားကဏ္ဍကို ကာလတို၊ ကာလလတ်၊ ကာလရှည်မျှော်မှန်း၍ ခရီးသွားကဏ္ဍသစ်များ ဖော်ဆောင်ခြင်းများအပါအဝင် ဈေးကွက်မြှင့်တင်ရေး၊ ဝန်ဆောင်မှုများတိုးမြှင့်ရေးဆိုင်ရာ ခရီးသွားလုပ်ငန်း ဈေးကွက်ဖွံ့ဖြိုးရန် လိုအပ်ပါလိမ့်မည်။

**ဘာသာရေးခရီးသွားလုပ်ငန်း**

ကိုဗစ်ဖြစ်ပွားနေသော်လည်း မြန်မာ့ခရီးသွားလုပ်ငန်းကို ၂၀၂၁ ခုနှစ် ဇန်နဝါရီလထဲတွင် ပြန်လည်ဖွင့်ရန် ပြင်ဆင်နေကြောင်း သိရသည်။ ထို့အပြင် ဒီဇင်ဘာလ ၂၀ ရက်နေ့က ရန်ကုန်မှ လေယာဉ်အပျော်စီးခရီးကို စတင်ပြေးဆွဲခဲ့သည်။ မြန်မာ့ခရီးသွားလုပ်ငန်းများအတွက် မျှော်လင့်ချက်များဟု ဆိုရမည် ဖြစ်သည်။ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁၁ ရက်နေ့ က ကချင်ပြည်နယ်အတွင်း Sport Tourism ဖွင့်လှစ်နိုင်ရေး ကြိုးပမ်းနေသည်ကို တွေ့ရသည်။ ကိုဗစ်ကာလ မြန်မာ့ခရီးသွားလုပ်ငန်းအတွက် Covid-19 Tourism Relief Plan ကို ချမှတ်ဆောင်ရွက်နေသည့်အပြင် Myanmar Tourism Strategic recovery Roadmap – MTSRR ကိုလည်း ရေးဆွဲထားပြီးဖြစ်ကြောင်း သိရသည်။

ယခုအခါ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကာလအတွင်း ဖြစ်သော်လည်း New Normal ပုံစံဖြင့် ခရီးသွားလုပ်ငန်းများကို ပြန်လည်ဖွင့်လှစ်မည်ဖြစ်ရာ ထပ်မံတိုးချဲ့အကောင်အထည်ဖော်သင့်သည့် ခရီးသွားကဏ္ဍတစ်ရပ် ဖော်ပြလိုပါသည်။ ယင်းမှာ ဘာသာရေးခရီးသွားလုပ်ငန်း ဖြစ်သည်။ မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာနိုင်ငံဖြစ်သည့်အတွက် ဘာသာရေးခရီးသွားလုပ်ငန်းကို လူထုအခြေပြုခရီးသွားလုပ်ငန်းကဲ့သို့ နိုင်ငံအနှံ့၊ ဒေသအနှံ့တွင် အကောင်အထည်ဖော်နိုင်မည့် ခရီးသွားလုပ်ငန်းအမျိုးအစားဖြစ်သည်။ ဘာသာရေး ခရီးသွားလုပ်ငန်းအတွက် အခြေခံလိုအပ်သော ရင်းမြစ်များစွာ နိုင်ငံအတွင်းရှိနေပြီး ဖြစ်သည်။

**ဘာသာရေးခရီးသွားရင်းမြစ်များ**

မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းကားသည့်နိုင်ငံ ဖြစ်သည်။ အထူးသဖြင့် ထေရဝါဒဗုဒ္ဓဘာသာဝင်နိုင်ငံများအကြားတွင် ဦးဆောင်နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံလူဦးရေ၏ ၈၅ ရာခိုင်နှုန်းကျော်သည် ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြသည်။ မြန်မာနိုင်ငံအနှံ့တွင် ဝိပဿနာကျင့်ကြံအားထုတ်နိုင်သည့် ဘုန်းတော်ကြီးကျောင်းများ၊ တရားစခန်းရိပ်သာများ၊ ပရိယတ္တိ၊ ပဋိပတ္တိကျောင်းတိုက်များအပြင် ပြည်တွင်း၊ ပြည်ပမှ ပုဂ္ဂိုလ်များကို သင်ကြားပို့ချနိုင်သည့် ဆရာတော်၊ သံဃာတော်များလည်း ရှိနေသည်။ ဗုဒ္ဓဘာသာဆိုင်ရာ တက္ကသိုလ်များအနေဖြင့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် (စစ်ကိုင်း)၊ သီတဂူကမ္ဘာ့ ဗုဒ္ဓတက္ကသိုလ် (ရန်ကုန်)၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် (မန္တလေး)၊ သီတဂူချင်းတွင်း ဗုဒ္ဓတက္ကသိုလ် (မုံရွာ)၊ ရှမ်းပြည်နယ်ဗုဒ္ဓတက္ကသိုလ်၊ ဓမ္မဒူတဆေးကိန္ဒဗုဒ္ဓတက္ကသိုလ်၊ ဝိပဿနာတက္ကသိုလ်တို့ရှိသည်။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ ၂၀၁၉ ခုနှစ်ဝါဆို သံဃာနှင့် သီလရှင်စာရင်းအရ မြန်မာနိုင်ငံတစ်ဝန်းတွင် ဘုန်းတော်ကြီးကျောင်းပေါင်း ၆၈၀၈၇ ကျောင်း၊ သီလရှင်ကျောင်းပေါင်း ၄၄၈၁ ကျောင်း ရှိသည်။ နိုင်ငံတစ်ဝန်း စာသင်တိုက်ပေါင်း ၁၂၃၁ ကျောင်း ရှိသည်။ ၂၀၂၀ ပြည့်နှစ်တွင် သက်တော်ထင်ရှားဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအနေဖြင့် အဘိဓဇမဟာရဋ္ဌဂုရုဆရာတော်ကြီး ၃၈ ပါး၊ တိပိဋကရေဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီး ကိုးပါး၊ အဂ္ဂမဟာပဏ္ဍိတဆရာတော်ကြီး အပါး ၃၀၀ အပါအဝင် ရဟန်း၊ သီလရှင် ၁၅၉၁ ပါး ရှိသည်။

ထို့အပြင် နိုင်ငံတစ်ဝန်း ကမ္ဘာ့အမွေအနှစ်စာရင်းဝင်နေရာများ၊ ရှေးဟောင်းစေတီများ၊ ထင်ရှားကျော်ကြားသော စေတီပုထိုးများ၊ ဘာသာရေးဆိုင်ရာနေရာ၊ အဆောက်အအုံများနှင့် ဘာသာရေးဆိုင်ရာအမွေအနှစ်များ ရှိနေသည်။ ပြည်တွင်း၊ ပြည်ပဘာသာရေးခရီးသွားကို ဆွဲဆောင်နိုင်သည့်ရင်းမြစ်များ ဖြစ်ကြသည်။

**ဘာသာရေးခရီးသွားလုပ်ငန်းအကျိုးကျေးဇူး**

ဘာသာရေးခရီးသွားလုပ်ငန်းများကို တိုးချဲ့လုပ်ဆောင်ခြင်းဖြင့် နိုင်ငံ၏ပုံရိပ်ကို မြှင့်တင်ပေးနိုင်မည်ဖြစ်သကဲ့သို့ အေးချမ်းသောတစ်ဦးချင်းဘဝ သို့မဟုတ် လူမှုပတ်ဝန်းကျင်များကို ဖန်တီးပေးနိုင်ပါသည်။ ခရီးသွားလုပ်ငန်းအကောင်အထည်ဖော်မည့် နေရာဒေသများအတွင်းရှိ ဒေသခံပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည် ဖြစ်သည်။ ထို့အပြင် ဘာသာရေးခရီးသွားလုပ်ငန်းသည် ခရီးသွားလုပ်ငန်းမှဝင်ငွေများ သက်ဆိုင်ရာဒေသခံလူထုသို့ တိုက်ရိုက်စီးဝင်နိုင်သဖြင့် ဆင်းရဲမှုလျှော့ချနိုင်ခြင်း၊ ဒေသဝင်ငွေ၊ တစ်ဦးချင်းဝင်ငွေ တိုးတက်ခြင်းအကျိုးကျေးဇူးများ ရရှိနိုင်ပါသည်။ လူထုအခြေပြုခရီးသွားလုပ်ငန်းနှင့် ဆက်စပ်လုပ်ကိုင်နိုင်မည် ဖြစ်သည်။

မြန်မာနိုင်ငံတွင် ပြည်တွင်း၊ ပြည်ပဘုရားဖူးခရီးစဉ်များမှာ ယခင်ကတည်းကပင် ရှိနေပြီးဖြစ်သည်။ ဘာသာရေးခရီးသွားလုပ်ငန်းသည် ဘုရားဖူးသက်သက်ခရီးစဉ်၊ ဗုဒ္ဓဘာသာဆိုင်ရာ ဘုရားစေတီ၊ အဆောက်အအုံ၊ နေရာ၊ ဒေသလေ့လာရေးခရီးစဉ်တို့ထက်ပိုသော ဗုဒ္ဓဘာသာကို လေ့လာကျင့်ကြံအားထုတ်ရန် လာရောက်သော ခရီးစဉ်ဖြစ်သည်။ သို့အတွက် ဘာသာရေးခရီးသွားလုပ်ငန်းသည် လောကီ၊ လောကုတ္တရာအကျိုးများသော ခရီးသွားလုပ်ငန်းလည်း ဖြစ်သည်။ ကိုဗစ်ကာလအတွင်း ခရီးသွားလုပ်ငန်းများမှာ ရပ်ဆိုင်းထားကြရသည်ဖြစ်သဖြင့် ဘာသာရေးခရီးသွားလုပ်ငန်းကို ယခုအချိန်မှစ၍ ဦးစားပေးကဏ္ဍတစ်ရပ်ဖြင့် ဖွင့်လှစ်မည်ဆိုပါက ကိုဗစ်အလွန်ကာလ ခရီးသွားလုပ်ငန်းတိုးမြှင့်ရေးအတွက် အထောက်အကူများစွာဖြစ်စေနိုင်သည်။

**ငြိမ်းချမ်းသောလူမှုဝန်းကျင်ဆီသို့**

ကမ္ဘာတွင်လည်း ဘာသာရေးခရီးသွားလုပ်ငန်များ လုပ်ကိုင်လျက်ရှိကြသည်။ ဘာသာရေးခရီးသွားလုပ်ငန်းသည် ဘာသာရေးနှင့် ခရီးသွားလုပ်ငန်း တွဲဖက်ထားခြင်းဖြစ်သည့်အတွက် ဘာသာရေးဆိုင်ရာ၊ ယုံကြည်မှုဆိုင်ရာ ခရီးသွားများကို ဆွဲဆောင်နိုင်သည်။ အိန္ဒိယနိုင်ငံတွင်လည်း ဘာသာရေးခရီးသွား လုပ်ငန်းကို စီးပွားရေးရှုထောင့်အတွက်သာမက သဟ ဇာတဖြစ်သော လူမှုဝန်းကျင်တည်ဆောက်ရေးအတွက် အစိုးရက အားပေးလုပ်ဆောင်လျက်ရှိသည်။

မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာအများဆုံး ကိုးကွယ်သည့်နိုင်ငံဖြစ်သည့်အတွက် မြတ်စွာဘုရား ဟောကြားတော်မူခဲ့သည့် မြတ်တရားများကို လေ့လာကျင့်ကြံအားထုတ်နိုင်မည်ဖြစ်ရာ လောကီ၊ လောကုတ္တရာ နှစ်ဖြာသောအကျိုးကို ရရှိစေနိုင်သည်။ လောကီဘုံသားလူသားများအဖို့ လောဘ၊ ဒေါသ၊ မောဟတို့ များပြားလာသောခေတ်ကာလကြီးတွင် ငြိမ်းချမ်းသောဘဝများ တည်ဆောက်ကြခြင်းဖြင့် အတ္တနှင့်ပရ မျှတသော ဝန်းကျင်များတည်ဆောက်နိုင်မည်ဖြစ်သည်။ ထို့ထက်ပိုပါက သံသရာလွတ်မြောက်ရာ ဆင်းရဲခြင်းဟူသမျှ၏ ချုပ်ဆုံးရာ အေးငြိမ်းမှုသို့ ဆိုက်ရောက်ကြောင်း ခရီးလမ်းမှန်ဖြစ်သော မဂ္ဂသစ္စာကို ကျင့်ကြံအားထုတ်နိုင်ကြမည် ဖြစ်သည်။ မဂ္ဂင်ရှစ်ပါးတရားသည် မဂ္ဂသစ္စာမည်ပါ၏ သို့မဟုတ် နိဗ္ဗာန်သို့ ရောက်ကြောင်းအမှန်ဖြစ်၏ဟု ဆိုနိုင်၏။ မဂ္ဂင်ရှစ်ပါးဟူသည် အကျဉ်းအားဖြင့်ဆိုသော် (၁) သမ္မာဒိဋ္ဌိ = ကောင်းမွန်မှန်ကန်သောအယူအမြင်၊ (၂) သမ္မာသင်္ကပ္ပ= ကောင်းမြတ်သောအကြံ၊ (၃)သမ္မာဝါစာ = ကောင်းမြတ်သောဝစီကံ သို့မဟုတ် ကောင်းမြတ်သောနှုတ်ပြောစကား၊ (၄) သမ္မာကမ္မန္တ = ကောင်းမြတ်သောကာယကံ သို့မဟုတ် ကောင်းမြတ်သောပြုလုပ်မှု၊ (၅) သမ္မာအာဇီဝ = ကောင်းမြတ်သော အသက်မွေးခြင်း သို့မဟုတ် ကောင်းမြတ်သောအသက်မွေးမှု၊ (၆)သမ္မာဝါယာမ = ကောင်းမြတ်သောအားထုတ်မှု၊ (၇)သမ္မာသတိ = ကောင်းမြတ်သောအောက်မေ့ခြင်း၊ (၈) သမ္မာသမာဓိ = စိတ်၏ကောင်းစွာတည်ကြည်ခြင်းတို့ဖြစ်၏။ ထိုတရားတို့ ကျင့်ကြံအားထုတ်ခြင်းဖြင့် ပစ္စုပ္ပန်ဝဋ်ဆင်းရဲ၊ သံသရာဝဋ်ဆင်းရဲမှ ရုန်းထွက်နိုင်ပါ၏။

သို့ဖြစ်ရာ ဘာသာရေးခရီးသွားခြင်းဖြင့် ဘဝ၏ အေးငြိမ်းရာ၊ လောက၏ငြိမ်းချမ်းရာ၊ သံသရာအတွက် ငြိမ်းချမ်းရာတို့ကို ရှာဖွေနိုင်မည်ဖြစ်သည်။

**အခွင့်အလမ်းကောင်းများနှင့် ခရီးသွားလုပ်ငန်း**

ကိုဗစ်ကာလအတွင်းနှင့် ကိုဗစ်ကာလအလွန် ခရီးသွားလုပ်ငန်း ရှင်သန်ရပ်တည်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးမှာ လတ်တလောရင်ဆိုင်နေရဆဲ စိန်ခေါ်မှုများဖြစ်သည်။ ထိုစိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရန် အစိုးရ၊ ပုဂ္ဂလိက၊ ပြည်သူများအကြား ဆန်းသစ်သော အတွေးအမြင်များဖြင့် ဟန်ချက်ညီ အကောင်အထည်ဖော်ကြရန် လိုအပ်မည်ဖြစ်သည်။ ထိုသို့အကောင်အထည်ဖော်ရာတွင် ဘာသာရေးခရီးသွားလုပ်ငန်းသည် လက်ရှိရင်ဆိုင်နေရသည့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်မည့် အခွင့်အလမ်းတစ်ရပ်ဟု ဆိုချင်ပါ၏။ ။

# ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီက ကြီးမှူးကျင်းပသည့် International Conference on Engineering Education Association (ICEEA 2021 Myanmar)သို့ တက်ရောက်





**နေပြည်တော် ဇန်နဝါရီ ၁၅**
မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီက ကြီးမှူးကျင်းပသည့် International Conference on Engineering Education Association (ICEEA 2021 Myanmar) အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၌ အွန်လိုင်းစနစ်ဖြင့် ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနာယက ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က မြန်မာနိုင်ငံ၏ အင်ဂျင်နီယာပညာသင်ကြားရေးသမိုင်းသည် ၁၉၂၃ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၌ အင်ဂျင်နီယာပညာဌာနကို ဖွင့်လှစ်ထူထောင်ခြင်းဖြင့် စတင်ခဲ့ပါကြောင်း၊ ထို့နောက် ၁၉၆၄ ခုနှစ်မှစတင်၍ ရန်ကုန်စက်မှုတက္ကသိုလ်မှ သက်ဆိုင်ရာ အင်ဂျင်နီယာဘွဲ့များကို ပေးအပ်ချီးမြှင့်ခဲ့သည်မှာ ယနေ့အထိပင်ဖြစ်ပါကြောင်း၊ အင်ဂျင်နီယာဘွဲ့ရများသည် မြန်မာနိုင်ငံ၏ သက်ဆိုင်ရာကဏ္ဍအသီးသီးတွင် တာဝန်ထမ်းဆောင်လျက်ရှိပြီး နိုင်ငံ၏လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို များစွာ အထောက်အကူပြုလျက်ရှိပါကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အခြေခံအဆောက်အအုံ တည်ဆောက်ရေးသည် အလွန်အရေးပါပြီး ယင်းလုပ်ငန်းများကို အင်ဂျင်နီယာများက အဓိကအကောင်အထည်ဖော် ဆောင်ရွက်ရပါကြောင်း၊ မြန်မာနိုင်ငံတွင် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အားရရှိရေး၊ သောက်သုံးရေ ရရှိရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့ကြောင့် အရည်အသွေးပြည့်ဝသော အင်ဂျင်နီယာများ မွေးထုတ်နိုင်ရေးအတွက် အင်ဂျင်နီယာပညာ သင်ကြားရေးသည် အရေးပါသော အခန်းကဏ္ဍမှ ရပ်တည်လျက်ရှိပါကြောင်း။

နိုင်ငံတော်၏ ဈေးကွက်စီးပွားရေးစနစ် ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ အင်ဂျင်နီယာများသည် အစိုးရကဏ္ဍတွင်သာမက ပုဂ္ဂလိကလုပ်ငန်းအသီးသီးတွင်လည်း ပါဝင်လျက်ရှိပါကြောင်း၊ အင်ဂျင်နီယာများ၏ အရည်အသွေးပြည့်ဝကောင်းမွန်စေရေးအတွက် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်နှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီအနေဖြင့် ASEAN Federation of Engineering Organization (AFEO)၊ Federation of Engineering Institutions of Asia and Pacific (FEIAP)စသည့် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရန် လုပ်ငန်းများစွာလည်းရှိပါကြောင်း၊ ပူးပေါင်းကူညီ လမ်းပြဆောင်ရွက်မှုများစွာအတွက် FEIAP၊ IEET၊ UNSW၊ BEM၊ WFEO နှင့် IEA အစရှိသော မိတ်ဖက်အဖွဲ့အစည်းများကို ကျေးဇူးတင်ရှိပါကြောင်း။

**ကြိုးပမ်းဆောင်ရွက်လျက်ရှိ**

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီအနေဖြင့်လည်း အပြည်ပြည်ဆိုင်ရာ ကြိုးပမ်းဆောင်ရွက်မှုအဖြစ် အင်ဂျင်နီယာပညာမဟာမိတ်အဖွဲ့ (International Engineering Alliance – IEA) ၏ ပဏာမအဖွဲ့ဝင်အဖြစ် အသိအမှတ်ပြုခြင်းခံခဲ့ရပါကြောင်းနှင့် ဝါရှင်တန်သဘောတူညီချက်အပြည့်အဝအဖွဲ့ဝင်ရရှိရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ အခြေခံအဆောက်အအုံဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အင်ဂျင်နီယာများ၏ အခန်းကဏ္ဍသည် များစွာအရေးပါလျက်ရှိပါကြောင်းနှင့် အစိုးရသစ်လက်ထက်၌ ကဏ္ဍအသီးသီးတွင် သိသာထင်ရှားသော ဖွံ့ဖြိုးတိုးတက်မှုများကို တွေ့ရှိခဲ့ရပါကြောင်း၊ မြန်မာနိုင်ငံတွင် ၂၀၁၆ ခုနှစ်က တစ်နိုင်ငံလုံး၏ ၃၄ ရာခိုင်နှုန်းသာ နိုင်ငံတော် ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ခဲ့သော်လည်း ယခုအခါ ၅၇ ရာခိုင်နှုန်းအထိ ဓာတ်အားစနစ်မှ ဖြန့်ဖြူးပေးနိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုကိုလည်း အာဆီယံနှင့် အပြည်ပြည်ဆိုင်ရာ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သုံးစွဲရေးနှင့် ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေး ရည်မှန်းချက်များနှင့်အညီ ရေအားလျှပ်စစ်မှ ၄၀ ရာခိုင်နှုန်း၊ နေရောင်ခြည် စွမ်းအင်မှ ၁၄ ရာခိုင်နှုန်း၊ Domestic Gas မှ ၃၄ ရာခိုင်နှုန်း နှင့် LNG မှ ၁၁ ခိုင်နှုန်းစသည်ဖြင့် ထုတ်လုပ်လျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် လာမည့် ၂၀၂၅ ခုနှစ်တွင် တစ်နိုင်ငံလုံး၏ ၇၅ ရာခိုင်နှုန်းနှင့် ၂၀၃၀ ပြည့်နှစ်တွင် ရာနှုန်းပြည့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

အင်ဂျင်နီယာပညာသင်ကြားရေးနှင့် အင်ဂျင်နီယာဘွဲ့ရများ၏ အရည်အသွေးများ ဖွံ့ဖြိုး တိုးတက်ရေးအတွက် အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့်အညီ ကြိုးပမ်းဆောင်ရွက်ရေးသည် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအရေးပါလျက်ရှိပါကြောင်း ပြောကြားသည်။

**စာတမ်းများ ဖတ်ကြားသွားကြမည်**

အဆိုပါ International Conference on Engineering Education Association (ICEEA 2021 Myanmar) သည် ဇန်နဝါရီ ၁၄ ရက်မှ ၁၆ ရက်အထိ ကျင်းပလျက်ရှိကာ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီအပါအဝင် အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ အင်ဂျင်နီယာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် မန္တလေးနည်းပညာတက္ကသိုလ်တို့မှ Accreditation ဆိုင်ရာ ပါမောက္ခချုပ်နှင့် ပါမောက္ခများပါဝင်၍ စာတမ်းများ ဖတ်ကြားသွားကြမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



## ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ Online Learning System ဖြင့် ဖွင့်လှစ်ပို့ချခဲ့သည့် အရာထမ်းငယ်အခြေခံသင်တန်း အမှတ်စဉ်(၈၇)သင်တန်းဆင်းပွဲ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၅**
နိုင်ငံ့ဝန်ထမ်းများ၏ လေ့လာသင်ယူမှုအခွင့်အလမ်းများ အရှိန်အဟုန်မပြတ်စေရေးအတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ Online Learning System ဖြင့် ဖွင့်လှစ်ပို့ချခဲ့သည့် အရာထမ်းငယ်အခြေခံသင်တန်း အမှတ်စဉ်(၈၇)၏ သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ညနေ ၄ နာရီက ကျင်းပခဲ့ရာ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ် ဦးကျော်စိုးက အွန်လိုင်းမှ သင်တန်းဆင်း အမှာစကားပြောကြားသည်။

သင်တန်းဆင်းပွဲသို့ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ပညာဌာနများမှ ပါမောက္ခများ၊ သင်ကြားပို့ချခဲ့သည့် ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)အနေဖြင့် ဤသင်တန်းကို ကိုဗစ်-၁၉ ကူးစက်ရောဂါ ဖြစ်ပွားနေစဉ်ကာလအတွင်း ကျန်းမာရေး မထိခိုက်စေဘဲ သင်ကြားသင်ယူမှုအခွင့်အလမ်းများ စဉ်ဆက်မပြတ် ရရှိစေရေးနှင့် နည်းပညာအတွေ့အကြုံများ ရရှိပြီး နိုင်ငံတော်၏ e-Government လုပ်ငန်းများတွင် အထောက်အကူပြုစေရေးတို့ကိုရည်ရွယ်၍ ဒုတိယအကြိမ်မြောက် Online Learning System ဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

သင်တန်းဆင်းပွဲ အခမ်းအနားသို့ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း ၃၃ ခုမှ ဒုတိယဦးစီးမှူးအဆင့်ရှိ အရာထမ်းငယ်သင်တန်းသား ၄၉ဦး၊ သင်တန်းသူ ၆၃ ဦး စုစုပေါင်း ၁၁၂ ဦးတို့က အွန်လိုင်းဖြင့် တက်ရောက်ခဲ့ကြပြီး သင်တန်းကာလ ရက်သတ္တလေးပတ်ကြာ Zoom Cloud Meetings နှင့် Google Classroom တို့ကို အသုံးပြု၍ Online Learning Systemဖြင့် သင်ကြားပို့ချခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)၌ Online Learning System ဖြင့် ဖွင့်လှစ်ပို့ချခဲ့သည့် အရာထမ်းငယ်အခြေခံသင်တန်း အမှတ်စဉ်(၁၁၇)သင်တန်းဆင်းပွဲ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၅**
နိုင်ငံ့ဝန်ထမ်းများ၏ လေ့လာသင်ယူမှု အခွင့်အလမ်းများ အရှိန်အဟုန်မပြတ်စေရေးအတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ် ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)၌ Online Learning System ဖြင့် ဖွင့်လှစ်ပို့ချခဲ့သည့် အရာထမ်းငယ်အခြေခံသင်တန်း အမှတ်စဉ်(၁၁၇)၏ သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ညနေ ၄ နာရီက ကျင်းပသည်။

ရှေးဦးစွာ ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ပါမောက္ခချုပ် ဦးကျော်ဝင်းဟန်က အွန်လိုင်းမှ သင်တန်းဆင်း အမှာစကားပြောကြားခဲ့ပြီး ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ပညာဌာနများမှ ပါမောက္ခများ၊ သင်ကြားပို့ချခဲ့သည့် ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)အနေဖြင့် ဤသင်တန်းကို ကိုဗစ်-၁၉ ကူးစက်ရောဂါ ဖြစ်ပွားနေစဉ်ကာလအတွင်း ကျန်းမာရေး မထိခိုက်စေဘဲ သင်ကြားသင်ယူမှု အခွင့်အလမ်းများ စဉ်ဆက်မပြတ် ရရှိစေရေးနှင့် နည်းပညာ အတွေ့အကြုံများရရှိပြီး နိုင်ငံတော်၏ e-Government လုပ်ငန်းများတွင် အထောက်အကူ ပြုစေရေးတို့ကို ရည်ရွယ်၍ ဒုတိယအကြိမ်မြောက် Online Learning System ဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

သင်တန်းဆင်းပွဲ အခမ်းအနားသို့ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း ၂၈ ခုမှ ဒုတိယဦးစီးမှူးအဆင့်ရှိ အရာထမ်းငယ်သင်တန်းသား ၅၄ ဦး၊ သင်တန်းသူ ၆၅ ဦး စုစုပေါင်း ၁၁၉ ဦးတို့ အွန်လိုင်းဖြင့် တက်ရောက်ခဲ့ကြပြီး သင်တန်းကာလ ရက်သတ္တလေးပတ်ကြာ Zoom Cloud Meetings နှင့် Google Classroom တို့ကို အသုံးပြု၍ Online Learning System ဖြင့် သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးအတွက် တည်ဆောက်ထားသည့် အခြေခံအဆောက်အအုံများ ရေရှည်ကြံ့ခိုင်ရေးနှင့် ပြန်လည်နေရာချထားရေးဆိုင်ရာကိစ္စရပ်များ ညှိနှိုင်း

**နေပြည်တော် ဇန်နဝါရီ ၁၅**

ရခိုင်ပြည်နယ်အတွင်း နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးအတွက် တည်ဆောက်ထားသည့် အခြေခံအဆောက်အအုံများ၏ လက်ရှိအခြေအနေနှင့် ရေရှည်ကြံ့ခိုင်ရေးကိစ္စရပ်များ၊ ပြန်လည်နေရာချထားရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Virtual Meeting ဖြင့် ကျင်းပသည်။



**ညှိနှိုင်းဆွေးနွေးရန် လိုအပ်**

အစည်းအဝေးတွင် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက နေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးအတွက် တည်ဆောက်ပေးထားသည့် အဆောက်အအုံများ၏ လက်ရှိအခြေအနေနှင့် ရေရှည်ကြံ့ခိုင်ရေးအတွက် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ၊ ပြန်လည်နေရာချထားရေးကိစ္စရပ်များသည် အလွန်အရေးကြီးသည့်အတွက် မြေပြင်တွင် လက်တွေ့ဆောင်ရွက်နေရသည့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးရန် လိုအပ်ပါကြောင်း။

၂၀၁၇ ခုနှစ် ဩဂုတ်လအတွင်း ဖြစ်ပွားခဲ့သည့် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ရခိုင်ပြည်နယ်တွင် နေထိုင်လျက်ရှိသည့် အစ္စလာမ်ဘာသာဝင်များ တစ်ဖက်နိုင်ငံသို့ အုပ်စုလိုက် တရွေ့ရွေ့ထွက်ခွာသွားခဲ့ကြပါကြောင်း၊ မိမိတို့နိုင်ငံအတွင်း အခြေချနေထိုင်ခဲ့ပြီး တစ်ဖက်နိုင်ငံသို့ ထွက်ခွာသွားသူများကို ပြန်လည်ခေါ်ယူရမည်ဖြစ်ကြောင်းကို နိုင်ငံတကာသို့အသိပေးခဲ့ပြီး နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့်စပ်လျဉ်း၍ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံသဘောတူညီမှုအစီအစဉ်ကို ရေးဆွဲအတည်ပြုဆောင်ရွက်လျက်ရှိပါကြောင်း။

**ဖွဲ့စည်းဆောင်ရွက်ခဲ့**

နေရပ်စွန့်ခွာသူများ စနစ်တကျပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားနိုင်ရေးအတွက် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးကော်မတီကို ၂၀၁၈ ခုနှစ် မတ် ၁၅ ရက်တွင် ဖွဲ့စည်း၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကော်မတီ၏လုပ်ငန်းတာဝန်များကို စနစ်တကျအကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းကော်မတီနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော နေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးလုပ်ငန်းကော်မတီတို့ကို ၂၀၁၈ ခုနှစ် ဇူလိုင် ၁၈ ရက်တွင် ဖွဲ့စည်းဆောင်ရွက်ခဲ့ပါကြောင်း၊ ပြန်လည်လက်ခံရေးလုပ်ငန်းများကို အချိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရန် အာဆီယံနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

နေရပ်စွန့်ခွာသူများ ပြန်လည်ဝင်ရောက်လာချိန်တွင် ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရန် တောင်ပြို(လက်ဝဲ)၊ ငါးခူရ ပြန်လည်လက်ခံရေးစခန်းများနှင့် ယာယီနေထိုင်နိုင်ရန် လှဖိုးခေါင်ကြားစခန်းများတွင် ယာယီတဲတန်းလျားများကို လည်းကောင်း၊ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ပြီးစီးချိန်တွင် ပြန်လည်နေရာချထားရေးနှင့် တစ်ဖက်နိုင်ငံသို့ထွက်ခွာခြင်းမပြုဘဲ ဒေသအတွင်း ကျန်ရှိနေသည့် နေရပ်စွန့်ခွာသူများအတွက် နေအိမ်များ၊ သောက်သုံးရေ၊ လျှပ်စစ်မီး၊ လမ်း၊ တံတားစသည့် အခြေခံအဆောက်အအုံများ တည်ဆောက်ရေးအတွက် UEHRD က ဦးဆောင်၍ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၊ ပြည်တွင်း၊ ပြည်ပစေတနာရှင်များ၊ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနှင့် မိတ်ဆွေနိုင်ငံများ၏ ကူညီထောက်ပံ့လှူဒါန်းငွေကျပ် ၁၈ ဘီလီယံကျော် သုံးစွဲခဲ့ရပါကြောင်း။

**၁ ဒသမ ၄ ဘီလီယံကျော် သုံးစွဲခဲ့ရ**

တိုင်းရင်းသားများ၊ ဟိန္ဒူဘာသာဝင်များနှင့် အစ္စလာမ်ဘာသာဝင်များအတွက် နေအိမ် ၁၈၅၄ လုံး တည်ဆောက်ပေးခဲ့ပြီး ၁၂၉၄ လုံး နေရာချထားပြီးဖြစ်ပါကြောင်း၊ နေအိမ်နှင့် တဲတန်းလျားများ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများအတွက် UEHRD ကော်မတီ ရန်ပုံငွေမှ ငွေကျပ် ၁ ဒသမ ၄ ဘီလီယံကျော် သုံးစွဲခဲ့ရပါကြောင်း။

အဆိုပါ အဆောက်အအုံများကို စေတနာရှင်များ၏ လှူဒါန်းငွေများဖြင့် ဆောင်ရွက်ထားသည့်အတွက် ပျက်စီးဆုံးရှုံးမှုနည်းပါးအောင် သက်ဆိုင်ရာတာဝန်ရှိသူများက ကြပ်မတ်၍ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ပြန်လည်လက်ခံရေးစခန်းများတွင် တည်ဆောက်ထားသည့် နေအိမ်များမှာ ယာယီနေထိုင်ရန်အတွက်သာ ရည်ရွယ်၍ တည်ဆောက်ထားသည့်အတွက် တစ်စတစ်စ ပျက်စီးယိုယွင်းလျက်ရှိပါကြောင်း၊ နောင်တွင် ရေရှည်အသုံးပြုနိုင်အောင် အစီအမံများဖြင့် စနစ်တကျ တည်ဆောက်ပေးရန် အရေးကြီးပါကြောင်းနှင့် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် နေအိမ်အဆောက်အအုံများ ပြုပြင်ထိန်းသိမ်းခြင်းနှင့် ရေရှည်တည်တံ့အောင် ဆောင်ရွက်ပေးနိုင်မည့်နည်းလမ်းများကို အကြံပြုဝိုင်းဝန်းဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

**ရှင်းလင်းဆွေးနွေး**

ဆက်လက်၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖုန်းမြတ်က နယ်စပ်ရေးရာဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်း၊ တံတားများတည်ဆောက်ခြင်း၊ ဆိုလာမီး၊ IDP စခန်းများအတွက် လုံးချင်းအိမ်ရာများ ဆောက်လုပ်ပေးခြင်း စသည့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်ပေးနိုင်မှုအခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် နေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးစိုးအောင်က ရခိုင်ပြည်နယ်အတွင်း နေရပ်စွန့်ခွာသူများအတွက် နေအိမ်များ တည်ဆောက်ရာတွင် ရာသီဥတု၊ ပထဝီအနေအထားတို့အပြင် ရခိုင်ပြည်နယ်တွင် ဒေသခံများ၏ နေအိမ်ဆောက်လုပ်ထားရှိမှု ပုံစံဒီဇိုင်းနှင့် နည်းပညာတို့ကိုပါ အခြေခံ၍ ဆောက်လုပ်ရန်လိုအပ်ပါကြောင်း၊ နေအိမ်အများစုမှာ ပြင်းထန်သည့်ရာသီဥတုဒဏ်မခံရဘဲ ပျက်စီးမှုများရှိနေ၍ ပြုပြင်ထိန်းသိမ်းရန် လိုအပ်လျက်ရှိပါကြောင်း၊ နေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးကို ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးမဟာဗျူဟာနှင့် ချိတ်ဆက်ဆောင်ရွက်ရန်လိုပါကြောင်း၊ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံသဘောတူညီမှုဖြင့် ပြန်လည်ဝင်ရောက်လာမည့်သူများအပြင် နယ်စပ်ခြံစည်းရိုးအနီးတွင် တရားမဝင်နေထိုင်သူများ ပြန်လည်ဝင်ရောက်လာနိုင်ရန်လည်း ရှိပါကြောင်း၊ ပြန်လည်ဝင်ရောက်လာမည့်သူများကို စနစ်တကျ ပြန်လည်နေရာချထားနိုင်ရန် မြေနေရာရွေးချယ်ခြင်း၊ နေအိမ်များတည်ဆောက်ခြင်းနှင့် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာကိစ္စရပ်များကို ပြည်နယ်အစိုးရအပါအဝင် သက်ဆိုင်ရာဝန်ကြီးဌာနများက ဘဏ္ဍာနှစ်အလိုက် စီမံကိန်းများ လျာထားဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ရခိုင်ပြည်နယ် လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံက ပြန်လည်လက်ခံရေးစခန်းများရှိ ယာယီတဲတန်းလျားများနှင့် ပြန်လည်နေရာချထားရေးအတွက် တည်ဆောက်ထားသည့် နေအိမ်များ၏ လက်ရှိအခြေအနေနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်ရမည့်အခြေအနေများ၊ Cash For Work အစီအစဉ်ဖြင့် နေအိမ်ဆောက်လုပ်ပေးနိုင်ရန် ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ပြန်လည်လက်ခံမည့် လူဦးရေစာရင်းများ စိစစ်ပြီးစီးမှုအခြေအနေများ၊ မောင်တောခရိုင်အုပ်ချုပ်ရေးမှူးက ပြန်လည်နေရာချထားရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ နေအိမ်များတည်ဆောက်ပြီးစီးမှု၊ နေရာချထားပေးနိုင်မှုအခြေအနေများနှင့် နေအိမ်များဆောက်လုပ်ပေးနိုင်ရေးဆက်လက်ဆောင်ရွက်ရန် ကျန်ရှိသည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

**ဆွေးနွေး**

ထို့နောက်အစည်းအဝေးတက်ရောက်လာကြသူများက နေရပ်စွန့်ခွာသူများ စနစ်တကျ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများ၊ အဆောက်အအုံများ ကြံ့ခိုင်ရေး၊ ပြုပြင်ထိန်းသိမ်းရေးနှင့် ရေရှည်တည်တံ့အောင် ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖုန်းမြတ်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ရခိုင်ပြည်နယ် လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ နေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေး လုပ်ငန်းကော်မတီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**




# ကိုဗစ်-၁၉ ကာကွယ်ဆေး ဝယ်ယူရန် ငွေကျပ် သိန်း ၉၀၀ ကျော် လှူဒါန်း

**ရန်ကုန် ဇန်နဝါရီ ၁၅**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ရွာမပရိယတ္တိစာသင်တိုက်က ငွေကျပ် သိန်း ၅၀၀ အပါအဝင် အင်းစိန်မြို့နယ်နေ စေတနာအလှူရှင်များ စုပေါင်း၍ နိုင်ငံတော်သို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဝယ်ယူရန်အတွက် ငွေကျပ်သိန်း ၉၀၀ ကျော် လှူဒါန်းခြင်းကို ယနေ့မွန်းလွဲ ၁ နာရီတွင် အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**လှူဒါန်း**

ကိုဗစ်-၁၉ ကာကွယ်ဆေး ဝယ်ယူရန် အင်းစိန်ရွာမပရိယတ္တိစာသင်တိုက် ဆရာတော်ကြီးက အလှူငွေကျပ် သိန်း ၅၀၀ အပါအဝင် မြို့နယ်နေ ပြည်သူများ၊ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ လူမှုရေးပရဟိတအဖွဲ့များ၊ မြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့၊ မြို့နယ် နိုင်ငံရေးအကျဉ်းသားဟောင်းများ စသည့် စေတနာအလှူရှင်များ စုပေါင်း၍ ငွေကျပ် ၉၁၅၈၈၀၀၀ နှင့် အမေရိကန်ဒေါ်လာ ၁၀၀ ကို လှူဒါန်းခဲ့ကြသည်။

အလှူငွေများကို အင်းစိန်မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် နာယကများဖြစ်ကြသော အင်းစိန်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦး၊ အမှတ်(၁)၊ အမှတ်(၂)တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသာအောင်၊ ဦးဝေဖြိုးဟန်နှင့် ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းအောင်တို့က နိုင်ငံတော်၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးဝယ်ယူရေး ရန်ပုံငွေထဲသို့ ထည့်ဝင်နိုင်ရန် အင်းစိန်မြို့နယ် မြန်မာ့စီးပွားရေးဘဏ်မန်နေဂျာ ဦးထက်နိုင်ထံ အလှူရှင်များကိုယ်စား လွှဲပြောင်းလှူဒါန်းပေးအပ်ခဲ့ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

# လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၁)ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၅**

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့အောက်တွင် ဖွဲ့စည်းထားသော လုပ်ငန်းအဖွဲ့သုံးခုအနက် လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၁)ကို ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်က လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့ (Working Group on Repatriation, Reintegration and Rehabilitation of Trafficked Victims – R & R Working Group) ၏ အဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ယူဆောင်ရွက်ပြီး လုပ်ငန်းအဖွဲ့ဝင်ဌာနများ၊ ဆက်စပ်ဌာနများ၊ ပြည်တွင်း/ပြည်ပ လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ငန်းအဖွဲ့ကို ၂၀၁၈ ခုနှစ် မေလတွင် ပြန်လည်ပြင်ဆင်ဖွဲ့စည်းခဲ့ပါကြောင်း၊ ယနေ့ လုပ်ငန်းအဖွဲ့အစည်းအဝေးပြုလုပ်ရခြင်းမှာ အဖွဲ့ဝင်များအကြား ထိရောက်စွာ ချိတ်ဆက်ဆောင်ရွက်နိုင်ရန်နှင့် အားသာချက်၊ အားနည်းချက်များကို ဖော်ထုတ်၍ ရှေ့လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်ဖြစ်ပါကြောင်း။



လုပ်ငန်းများကို(၅)နှစ် စီမံကိန်းများ၊ လုပ်ငန်းစီမံချက်များအရ ဆောင်ရွက်ရာတွင် လုပ်ငန်းအဖွဲ့ဝင်ဌာနများအနေဖြင့် ဘတ်ဂျက်လျာထားချက်ရှိရန် လိုအပ်ပါကြောင်း၊ ထို့ပြင် နှစ်စဉ်ပေးပို့ရသော အမေရိကန်နိုင်ငံ၏ လူကုန်ကူးမှုတိုက်ဖျက်ရေး အစီရင်ခံစာအတွက် သက်ဆိုင်ရာဌာနများက ပြင်ဆင်ရာတွင် မိမိတို့ကဏ္ဍအလိုက် ထည့်သွင်းဖော်ပြရမည့် ခေါင်းစဉ်အလိုက် သက်ဆိုင်သည့် ဌာနများနှင့်ပူးပေါင်း၍ ပြင်ဆင်ကြရန် လိုအပ်ပါကြောင်း၊ ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် အိမ်တွင်းအကြမ်းဖက်မှု အပါအဝင် မြန်မာရွှေ့ပြောင်းအလုပ်သမားများ၊ အမျိုးသမီးနှင့်ကလေးများ၊ ထိခိုက်လွယ်အုပ်စုများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ဖြစ်ပေါ်လာနိုင်သည့် လူကုန်ကူးမှုများ စသည်တို့ကို ကာကွယ်တားဆီးတုံ့ပြန်နိုင်ရန် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့ အတွင်းရေးမှူး ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်ထွန်းက လုပ်ငန်းအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် လျာထားလုပ်ငန်းစဉ်များကို တင်ပြပြီး တက်ရောက်လာကြသူများက လုပ်ငန်းဆောင်ရွက်မှု အားသာချက်၊ အားနည်းချက်များကို ဆွေးနွေးတင်ပြကြသည်။

အစည်းအဝေးသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် လုပ်ငန်းအဖွဲ့ဝင်ဌာနများဖြစ်သော ကောင်စစ်ရေးရာဦးစီးဌာန၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန၊ ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနတို့မှ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ဒေးဒရဲမြို့နယ်ပြည်သူ့ဆေးရုံကြီးသို့ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက ကိုဗစ်-၁၉ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်း

**ဒေးဒရဲ ဇန်နဝါရီ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် ပြည်သူ့ဆေးရုံကြီးသို့ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက ကိုဗစ်-၁၉ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ လှူဒါန်းပွဲတွင် ဖျာပုံခရိုင် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ နာယက အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိမ်းဆွေက ကိုဗစ်-၁၉ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ လှူဒါန်းရခြင်းနှင့်ပတ်သက်၍ အဖွင့်အမှာစကား ပြောကြားခဲ့သည်။ ဆက်လက်၍ ဖျာပုံခရိုင် ကိုဗစ်-၁၉ ကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်က မြို့နယ်အတွင်း ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများအား ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း မှုကြိုကျောင်း၌ အဝီစိတွင်း တူးဖော်ရန်အတွက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်(မိသားစု)က လှူဒါန်းသည့် အလှူငွေကျပ် နှစ်သိန်းအား ပေးအပ်လှူဒါန်းခဲ့ရာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဦးက လက်ခံရယူခဲ့သည်။

ထို့နောက် ဒေးဒရဲမြို့နယ် ပြည်သူ့ဆေးရုံကြီးအတွက် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက ပေးအပ်လှူဒါန်းသော တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ၊ ခွဲခန်းသုံးလက်အိတ်၊ Face Shield၊ ရေမလိုလက်သန့်ဆေးရည်၊ အရက်ပြန်များ၊ အောက်ဆီဂျင်ဘူးများနှင့် အခြားကျန်းမာရေး အထောက်အကူပြုပစ္စည်းများဖြစ်သည့် ကိုဗစ်-၁၉ ထိန်းချုပ်ကာကွယ်ရေးသုံး အထောက်အကူပြုပစ္စည်းများအား ဖျာပုံခရိုင် ကိုဗစ်-၁၉ ကော်မတီ နာယက အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိမ်းဆွေနှင့် တာဝန်ရှိသူများက ပေးအပ်လှူဒါန်းခဲ့ရာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဇော်ဝင်းနိုင်နှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။

**မြင့်မြင့်ခိုင်(ပြန်/ဆက်)**






# ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ ရွေးချယ်နိုင်ရေး မြို့နယ်အဆင့် အကူအညီပေးရေးအဖွဲ့ ဖွဲ့စည်း

**ရေတာရှည် ဇန်နဝါရီ ၁၅**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများအား ၂၀၂၁ ခုနှစ် ဧပြီ ၁ ရက်မှစတင်၍ တာဝန်ထမ်းဆောင်နိုင်ရေးအတွက် ရွေးချယ်သည့်ကိစ္စရပ်များ၌ မြို့နယ်အဆင့် အကူအညီပေးရေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးမင်းသူက ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ ရွေးချယ်ခန့်အပ်တာဝန်ပေးနိုင်ရေးကိစ္စရပ်များနှင့် ရွေးချယ်ခြင်းလုပ်ငန်းစဉ် Time Frame ပါ အချိန်ကာလ သတ်မှတ်ချက်အတိုင်း ရွေးချယ်ခန့်အပ်နိုင်ရေးတို့ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဇင်မင်းအောင်က အကူအညီပေးရေးအဖွဲ့ ခေါင်းဆောင်၊ အဖွဲ့ဝင်များနှင့် တာဝန်ကျသော ကျေးရွာအုပ်စုစာရင်းများကို ကြေညာပေးခဲ့သည်။

ယနေ့ ဖွဲ့စည်းခဲ့ရာတွင် မြို့နယ်အဆင့် အကူအညီပေးရေးအဖွဲ့ ၁၁ ဖွဲ့ ပါဝင်ပြီး ရပ်ကွက် ၁၇ ခု၊ ကျေးရွာအုပ်စု ၄၈ အုပ်စုတို့တွင် ဇန်နဝါရီလ နောက်ဆုံးပတ်မှ ဖေဖော်ဝါရီလ ပထမပတ်အတွင်း နောက်ဆုံးထားရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# တာဝေးပစ်ဒုံးကျည်အမျိုးအစားသစ်တစ်မျိုး မြောက်ကိုရီးယား ထုတ်ဖော်ပြသ



**ပြုံယမ်း ဇန်နဝါရီ ၁၅**
မြောက်ကိုရီးယားနိုင်ငံက တာဝေးပစ်ဒုံးကျည်အမျိုးအစားသစ်တစ်မျိုးကို ယနေ့ကျင်းပသည့် စစ်ရေးပြအခမ်းအနားတွင် ပြသခဲ့ကြောင်း သိရသည်။

ပြုံယမ်းမြို့၌ ကျင်းပသည့် စစ်ရေးပြအခမ်းအနားသို့ ခေါင်းဆောင် ကင်ဂျုံအန်တက်ရောက်ခဲ့သည်ကို နိုင်ငံပိုင်ရုပ်သံလိုင်းက ထုတ်လွှင့်ပြသခဲ့သည်။ ဇန်နဝါရီ ၁၃ ရက်တွင် ပြုလုပ်ခဲ့သည့် အာဏာရအလုပ်သမားများပါတီ၏ အစည်းအဝေးကျင်းပသည့် အထိမ်းအမှတ်အဖြစ် အဆိုပါစစ်ရေးပြအခမ်းအနားကို ယနေ့ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

မြောက်ကိုရီးယားနိုင်ငံအား ကာကွယ်ရေးအရ ခြိမ်းခြောက်မှုများရှိလာပါက အဆင့်မြင့်နည်းပညာများဖြင့် ပြုလုပ်ထားသည့် ကာကွယ်ရေးလက်နက်များဖြင့် ပြန်လည်ခုခံတိုက်ခိုက်သွားမည်ဖြစ်ကြောင်း မြောက်ကိုရီးယားကာကွယ်ရေးဝန်ကြီး ကင်ဂျုံဂွမ်က ၎င်း၏မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။

အဆိုပါစစ်ရေးပြအခမ်းအနားတွင် ဒုံးကျည်အများအပြား တင်ဆောင်ထားသည့် မော်တော်ယာဉ်များ ပါဝင်ပြီး တိုက်ချင်းပစ်ဒုံးကျည်အမျိုးအစားသစ် Pukguksong-5 များကိုလည်း ထုတ်ဖော်ပြသခဲ့ကြောင်း နိုင်ငံပိုင်မီဒီယာက သတင်းဖော်ပြခဲ့သည်။ သို့သော် တိုက်ချင်းပစ်ဒုံးကျည်အမျိုးအစားသစ် Pukguksong-5 ၏ ဓာတ်ပုံများကို ထုတ်ဝေခဲ့ခြင်းမရှိပေ။ ယခုစစ်ရေးပြအခမ်းအနားသည် လွန်ခဲ့သောနှစ် အောက်တိုဘာလတွင်ကျင်းပခဲ့သည့် စစ်ရေးပြအခမ်းအနား ပြီးနောက် သုံးလအကြာတွင် ပြုလုပ်သည့် အခမ်းအနားတစ်ခုဖြစ်သည်။

အမေရိကန်နိုင်ငံသည် မြောက်ကိုရီးယားနိုင်ငံ၏ အဓိက အင်အားကြီးရန်သူဖြစ်ပြီး မြောက်ကိုရီးယားအနေဖြင့် နျူကလီးယားဖွံ့ဖြိုးမှုအစီအစဉ်များနှင့် ဒုံးကျည်စမ်းသပ်ထုတ်လုပ်ရေးအစီအစဉ်များကို အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွန်ခဲ့သောရက်သတ္တတစ်ပတ်က ပြုလုပ်ခဲ့သည့် အစည်းအဝေးတွင် ခေါင်းဆောင် ကင်ဂျုံအန်က ကတိပြုပြောကြားခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံ၏ ယခုပြုလုပ်သည့် စစ်ရေးပြအခမ်းအနားသည် အမေရိကန်ရွေးကောက်ခံသမ္မတ ဂျိုးဘိုင်ဒင် သမ္မတ ရာထူးအာဏာများလက်ခံရယူမည့် အခမ်းအနားမတိုင်မီ အမေရိကန်အစိုးရနှင့် မြောက်ကိုရီးယားအစိုးရကြား ဆက်ဆံရေးနှင့်ပတ်သက်ပြီး မြောက်ကိုရီးယားနိုင်ငံ၏ ရပ်တည်ချက်ကို ပြသသည့်အနေဖြင့် ကျင်းပခဲ့ခြင်းဖြစ်နိုင်ဖွယ်ရှိကြောင်း နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ဆိုသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# တရားမဝင်ရွှေ့ပြောင်းလုပ်သားများကို အထူးလုပ်ကိုင်ခွင့် ခွင့်ပြုချက် ထိုင်းအစိုးရ ထုတ်ပေးမည်



**ဗန်ကောက် ဇန်နဝါရီ ၁၅**
ထိုင်းအစိုးရအနေဖြင့် တရားမဝင်ရွှေ့ပြောင်းလုပ်သားများကို အထူးလုပ်ကိုင်ခွင့်လက်မှတ် ထုတ်ပေးရေးအတွက် မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်ကို ယနေ့ စတင်ခဲ့ကြောင်း သိရသည်။

ယင်းလုပ်ငန်းစဉ်သည် ဒီဇင်ဘာလလယ်က ဗန်ကောက်မြို့အနီး ငါးဈေးကြီးတစ်ခုတွင် ရွှေ့ပြောင်းလုပ်သားများမှတစ်ဆင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုဖြစ်ပွားပြီးနောက် ပေါ်ပေါက်လာခြင်း ဖြစ်သည်။ အဆိုပါလုပ်သားများကို စစ်ဆေးရာတွင် မြန်မာနှင့် လာအိုနိုင်ငံတို့မှ တရားမဝင် လာရောက်အခြေချနေထိုင်သူများဖြစ်သည်ကို ထိုင်းအစိုးရက တွေ့ရှိခဲ့သည်။

ယခုအစီအစဉ်အရ တရားမဝင်လုပ်သားများ အားလုံးကို အထူးအလုပ်လုပ်ခွင့် ခွင့်ပြုချက်အပြင် တရားဝင်နေထိုင်ခွင့်ပါ ပေးအပ်သွားမည်ဖြစ်သည်။ လုပ်သားများဘက်ကလည်း ကိုဗစ်-၁၉ ရောဂါစစ်ဆေးမှုခံယူရမည်ဖြစ်ပြီး ကျန်းမာရေးစောင့်ရှောက်မှု အာမခံကိုလည်း ဝယ်ယူရမည်ဖြစ်သည်။

တရားဝင်လုပ်ကိုင်ခွင့်လက်မှတ်ရရှိရေးအတွက် မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်ကို အလုပ်ရှင်များက လုပ်သားများကိုယ်စား ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါအစီအစဉ်အရ လုပ်သားတစ်သန်းမှာ တရားဝင်အလုပ်လုပ်ကိုင်ခွင့်ရရှိမည်ဖြစ်ပြီး မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်ကို ယနေ့တွင် စတင်ဆောင်ရွက်ပေးလျက်ရှိသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-မေလွဲ့သင်း**

■

# 5G နည်းပညာ ဖွံ့ဖြိုးရေးအတွက် ဂျပန်နှင့် အိန္ဒိယ ပူးပေါင်းဆောင်ရွက်မည်

**တိုကျို ဇန်နဝါရီ ၁၅**
ဂျပန်နှင့် အိန္ဒိယနိုင်ငံတို့သည် 5G နည်းပညာကဏ္ဍပိုမိုတိုးတက်ရေးအတွက် သတင်းအချက်အလက်နည်းပညာနှင့် အခြေခံအဆောက်အဦ တည်ဆောက်မှုတို့တွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယနေ့ ကြေညာခဲ့သည်။

ဂျပန်ဆက်သွယ်ရေးဝန်ကြီး ရာအိုတာနှင့် အိန္ဒိယဆက်သွယ်ရေးဝန်ကြီး ပရာဆက်ဒ်တို့နှစ်ဦး အွန်လိုင်းမှ ပြုလုပ်သည့်အစည်းအဝေးအတွင်း နှစ်နိုင်ငံသဘောတူစာချုပ်ကိုလည်း လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ဂျပန်ဝန်ကြီး ရာအိုတာက " ကျွန်တော်တို့နှစ်နိုင်ငံအနေနဲ့ သတင်းအချက်အလက်နှင့် ဒစ်ဂျစ်တယ်နည်းပညာကဏ္ဍတို့မှာ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။

နှစ်နိုင်ငံကြား ရေအောက်ကေဘယ်လ်ကြိုးတပ်ဆင်ခြင်း၊ ဆိုက်ဘာလုံခြုံရေးနှင့် ဉာဏ်ရည်တုနည်းပညာများဖလှယ်ခြင်းတို့ ဆောင်ရွက်သွားမည်ဖြစ်သည်။ နှစ်နိုင်ငံ ဒစ်ဂျစ်တယ်ပြည်သူ့ဝန်ဆောင်မှုအပြင် ပုဂ္ဂလိကလုပ်ငန်းများကြား ပူးပေါင်းဆောင်ရွက်ရန်လည်း သဘောတူညီခဲ့ကြကြောင်း သိရသည်။

ဂျပန်ကုမ္ပဏီနှင့် အိန္ဒိယလုပ်ငန်းများ ပူးပေါင်းပြီး 5G သုတေသနများ ဆောင်ရွက်ခဲ့ပြီးနောက် ရေအောက်ကေဘယ်လ်နည်းပညာရပ်များကို ဂျပန်နိုင်ငံမှ အိန္ဒိယနိုင်ငံသို့ မျှဝေရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ ဂျပန်နည်းပညာကုမ္ပဏီများအနေဖြင့် အိန္ဒိယနိုင်ငံတွင် အခြေချတိုးချဲ့လုပ်ကိုင်နိုင်ရေးကိုပါ ဂျပန်ဆက်သွယ်ရေးဝန်ကြီးက ကမ်းလှမ်းခဲ့ကြောင်း သိရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-မေလွဲ့သင်း**

# အာရှနိုင်ငံများတွင် ဗိုင်းရပ်စ်ကူးစက်မှုများ ဆက်လက်မြင့်တက်လျက်ရှိ

**ဂျကာတာ ဇန်နဝါရီ ၁၅**
အင်ဒိုနီးရှားနိုင်ငံတွင် တစ်ရက်တာအတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၂၈၁၈ ဦး စံချိန်တင်ထပ်မံတွေ့ရှိခဲ့စဉ် အာရှနိုင်ငံအချို့၌လည်း ဗိုင်းရပ်စ်ကူးစက်မှုများ ဆက်လက်မြင့်တက်လျက်ရှိကြောင်း ယနေ့သတင်းများအရ သိရသည်။

အင်ဒိုနီးရှားနိုင်ငံ၌ ယနေ့တစ်ရက်တာအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၂၈၁၈ ဦး ထပ်မံတွေ့ရှိခဲ့ပြီး အဆိုပါရောဂါကြောင့် ၂၃၈ ဦးသေဆုံးခဲ့ကြောင်း အင်ဒိုနီးရှားကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သည်။

လက်ရှိအချိန်အထိ အင်ဒိုနီးရှားနိုင်ငံ၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၈၈၂၄၁၈ ဦးရှိပြီး သေဆုံးသူပေါင်း ၂၅၄၈၄ ဦးရှိခဲ့သည်။

**အိန္ဒိယနိုင်ငံ**

အိန္ဒိယနိုင်ငံ၌ ယနေ့တစ်ရက်တာအတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၅၅၉၀ ထပ်မံတွေ့ရှိခဲ့သည့်အတွက် ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၁၀၅၂၈၅၀၈ ဦးအထိ မြင့်တက်လာခဲ့ကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် ကိန်းဂဏန်းများအရ သိရသည်။

ယနေ့ထပ်မံတွေ့ရှိခဲ့သည့် ဗိုင်းရပ်စ်ကူးစက်ခံရသူများအနက် ၅၈ ရာခိုင်နှုန်းနီးပါးသည် ကီရာလာပြည်နယ်နှင့် မဟာရာရှ်ထရာပြည်နယ်တို့မှဖြစ်သည်။

**မလေးရှားနိုင်ငံ**

မလေးရှားနိုင်ငံ၌ ယနေ့တစ်ရက်တာအတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူ ၃၂၁၁ ဦး ထပ်မံတွေ့ရှိခဲ့သည့်အတွက် ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၁၅၁၀၆၆ ဦးအထိ ရှိလာပြီဖြစ်ကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနက ယနေ့ ပြောကြားခဲ့သည်။

ယခုထပ်မံတွေ့ရှိခဲ့သည့် ဗိုင်းရပ်စ်ကူးစက်ခံရသူများအနက် ငါးဦးသည် နိုင်ငံရပ်ခြားမှပြန်လည်ရောက်ရှိလာသူများဖြစ်ပြီး ကျန်ဗိုင်းရပ်စ်ကူးစက်ခံရသူများသည် ဒေသတွင်းကူးစက်ခံရသူများဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် နော်ဟစ်ဟမ်အဒူလာရှ်က သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားခဲ့သည်။

ကိုဗစ်-၁၉ ရောဂါကြောင့် လူနာရှစ်ဦး ထပ်မံသေဆုံးခဲ့ရာ သေဆုံးသူပေါင်း ၅၈၆ ဦးရှိလာခဲ့ပြီဖြစ်သည်။

**ဖိလစ်ပိုင်နိုင်ငံ**

ဖိလစ်ပိုင်နိုင်ငံ၌ ယနေ့တစ်ရက်တာအတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူ ၂၀၄၈ ဦးထပ်မံတွေ့ရှိခဲ့သည့်အတွက် ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၄၉၆၆၄၆ ဦးအထိ မြင့်တက်လာခဲ့ကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဌာနက ဆိုသည်။

ကိုဗစ်-၁၉ ရောဂါကြောင့် ၁၃၇ ဦးထပ်မံသေဆုံးခဲ့ရာ သေဆုံးသူပေါင်း ၉၈၇၆ ဦးရှိလာခဲ့သည်။

**တောင်ကိုရီးယားနိုင်ငံ**

တောင်ကိုရီးယားနိုင်ငံတွင် ဗိုင်းရပ်စ်ကူးစက်ခံရသူ ၅၁၃ ဦး ယနေ့ထပ်မံတွေ့ရှိခဲ့သည့်အတွက် ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၇၁၂၄၁ ဦးအထိ ရှိလာခဲ့ပြီဖြစ်သည်။

အဆိုပါဗိုင်းရပ်စ်ကူးစက်ခံရသူများအနက် ၁၂၂ ဦးသည် ဆိုးလ်မြို့နေပြည်သူများဖြစ်ပြီး ဦးရေ ၁၈၀ သည် Gyeonggi ခရိုင်မှ ဖြစ်သည်။



ကိုဗစ်-၁၉ ရောဂါကြောင့် ၂၂ ဦး ယနေ့ထပ်မံသေဆုံးခဲ့ရာ သေဆုံးသူပေါင်း ၁၂၁၇ ဦးရှိခဲ့ကြောင်း သိရသည်။ အဆိုပါရောဂါကြောင့် သေဆုံးမှုရာခိုင်နှုန်းသည် ၁ ဒသမ ၇၁ ရာခိုင်နှုန်းရှိသည်။

**ထိုင်းနိုင်ငံ**

ထိုင်းနိုင်ငံ၌ ယနေ့တစ်ရက်အတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၈၈ ဦးထပ်မံတွေ့ရှိခဲ့ရာ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၁၁၄၅၀ အထိ ရှိလာခဲ့သည်။

အဆိုပါဗိုင်းရပ်စ်ကူးစက်ခံရသူများအနက် ၁၅၄ ဦးသည် ပြည်တွင်းကူးစက်မှုဖြစ်ပြီး ၃၄ ဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်- အောင်ကျော်ကျော်**

# အမေရိကန်ဒေါ်လာ ၁ ဒသမ ၉ ထရီလီယံတန်ဖိုးရှိ ငွေကြေးထောက်ပံ့ရေးအစီအစဉ်တစ်ရပ် ဂျိုးဘိုင်ဒင် အဆိုပြု

**ဝါရှင်တန် ဇန်နဝါရီ ၁၅**

အမေရိကန်ရွေးကောက်ခံသမ္မတ ဂျိုးဘိုင်ဒင်က အမေရိကန် ဒေါ်လာ ၁ ဒသမ ၉ ထရီလီယံတန်ဖိုးရှိ ငွေကြေးထောက်ပံ့ရေး အစီအစဉ်တစ်ရပ်ကို သမ္မတအာဏာအပ်နှင်းသည့် အခမ်းအနားမတိုင်မီ ယနေ့အဆိုပြုခဲ့ကြောင်း သိရသည်။

အမေရိကန် သက်သာချောင်ချိရေးအစီအစဉ်အဖြစ် အမည်ပေးထားသည့် အဆိုပါထောက်ပံ့ရေးအစီအစဉ်တွင် လိုငွေပြမှုအသုံးစရိတ်အပါအဝင် ဘဏ္ဍာရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ ပါဝင်မည်ဖြစ်ကြောင်း ဂျိုးဘိုင်ဒင်က မီဒီယာသို့ ပြောကြားခဲ့သည်။

အလုပ်အကိုင်ဖန်တီးမှုများနှင့် လူမျိုးရေး တန်းတူညီမျှမှုကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုပြုခြင်းသည် ကာလရှည် စီးပွားရေးပျက်စီးယိုယွင်းမှုများကို ကာကွယ်ပေးသည့် အပြင် အကျိုးရလဒ်များစွာ ဖြစ်ထွန်းစေမည်ဖြစ်ကြောင်း ဂျိုးဘိုင်ဒင်က ဆိုသည်။

အဆိုပါအစီအစဉ်တွင် အမေရိကန်နိုင်ငံသား တစ်ဦးလျှင် ကန်ဒေါ်လာ ၁၄၀၀ ရရှိမည်ဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေးတွင် ကန်ဒေါ်လာ ၄၁၅ ဘီလီယံနှင့် အသေးစားစီးပွားရေးလုပ်ငန်းများအတွက် ကန်ဒေါ်လာ ၄၄၀ ဘီလီယံသုံးစွဲသွားမည်ဖြစ်သည်။

နိုင်ငံအတွင်း ကူးစက်ပျံ့နှံ့လျက်ရှိသည့် ကိုဗစ်-၁၉ ရောဂါကို အမြစ်ပြတ်သုတ်သင်သွားမည်ဖြစ်ကြောင်း ဂျိုးဘိုင်ဒင်က ကတိပြုပြောကြားခဲ့သည်။ လက်ရှိအချိန်အထိ အဆိုပါရောဂါကြောင့် သေဆုံးသူ ၃၈၅၀၀၀ ကျော်ရှိပြီ ဖြစ်သည်။

ထို့ပြင် အဆိုပါအစီအစဉ်တွင် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ရောဂါ စစ်ဆေးမှုများနှင့် ကာကွယ်ဆေးထိုးနှံပေးရေးအစီအစဉ်များ တိုးမြှင့်လုပ်ဆောင်ခြင်းတို့ ပါဝင်မည်ဖြစ်သည်။ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ရာတွင် ဗိုင်းရပ်စ်ကာကွယ်ရေး စည်းမျဉ်းများနှင့် ကိုက်ညီရန် ပြင်ဆင်မှုများ ဆောင်ရွက်ရမည်ဖြစ်သည့် အတွက် ပြန်လည်ပြင်ဆင်ရမည့် ကုန်ကျစရိတ်များကိုလည်း ပြည်နယ်နှင့် ဒေသန္တရအစိုးရအဖွဲ့များအား အဆိုပါ အစီအစဉ်အရ ထောက်ပံ့ပေးသွားမည် ဖြစ်သည်။

အမေရိကန်နိုင်ငံ၌ ဆောင်းရာသီကာလအတွင်း ဗိုင်းရပ်စ်ကူးစက်မှုများ မြင့်တက်လျက်ရှိစဉ် ဂျိုးဘိုင်ဒင်၏ ငွေကြေးထောက်ပံ့ရေးအစီအစဉ် ထွက်ပေါ်လာခဲ့ခြင်း ဖြစ်သည်။

နိုင်ငံအတွင်း၌ တစ်ရက်တာအတွင်း ဗိုင်းရပ်စ် ကူးစက်ခံရသူ ၂၀၀၀၀၀ ကျော်ရှိပြီး သေဆုံးသူ ၄၀၀၀ အထိ



မြင့်တက်လျက်ရှိသည်။

ဂျိုးဘိုင်ဒင်အဆိုပြုခဲ့သည့်ယခုငွေကြေးထောက်ပံ့ရေး အစီအစဉ်ကို ဥပဒေပြုလွှတ်တော်က အတည်ပြုမည်ဆိုပါက အမေရိကန်သမိုင်းတွင် ငွေကြေးပမာဏအများဆုံး ထောက်ပံ့ပေးသည့် အစီအစဉ်တစ်ရပ် ဖြစ်လာမည် ဖြစ်သည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**



# ပြင်သစ်နိုင်ငံ၌ ညမထွက်ရအမိန့်ကို အချိန်ပြောင်းလဲထုတ်ပြန်မည်

**ပါရီ ဇန်နဝါရီ ၁၅**

ပြင်သစ်နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူအရေအတွက် များပြားလာသဖြင့် နိုင်ငံအဝှမ်းတွင် ရောဂါကူးစက်မှုထိန်းချုပ်ရန်အတွက် လက်ရှိထုတ်ပြန်ထားသည့် ည ၈ နာရီမှ စတင်သည့် ညမထွက်ရအမိန့်ကို ဇန်နဝါရီ ၁၆ ရက်မှစတင်ပြီး ညနေ ၆ နာရီမှ နံနက် ၆ နာရီအထိ ညမထွက်ရအမိန့်အဖြစ် ပြောင်းလဲထုတ်ပြန်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ယွန်ကာစတက်စ်က ယမန်နေ့က ပြောကြားခဲ့သည်။

ဇန်နဝါရီ ၁၈ ရက်မှစတင်ပြီး နိုင်ငံအတွင်း အသက်အရွယ်မရွေး နိုင်ငံသားများအား ကိုဗစ်-၁၉ ကာကွယ်ဆေးများထိုးနှံပေးသွားမည်ဟုလည်း ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများက ပြောကြားသည်။

သို့သော် ရောဂါအခံရှိသော နိုင်ငံသားများအား သက်ဆိုင်ရာဆရာဝန်၏ ထောက်ခံချက်များ ပါရှိမှသာ ကိုဗစ်-၁၉ ကာကွယ်ဆေးများထိုးနှံပေးသွားမည်ဖြစ်ကြောင်း ယွန်ကာစတက်စ်က ပြောကြားသည်။

နိုင်ငံ၏ နေရာဒေသအများအပြားတွင် ည ၈ နာရီမှစတင်၍ ညမထွက်ရအမိန့်ကို ထုတ်ပြန်ထားသော်လည်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုများပြားသော နိုင်ငံ၏အရှေ့ပိုင်းတွင်မူ ညနေ ၆ နာရီမှစတင်သော ညမထွက်ရအမိန့်ကို ထုတ်ပြန်ထားသည်။ နှစ်သစ်ကူးအားလပ်ရက်များအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူအရေအတွက် မြင့်မားသည်ကို မတွေ့ရှိရသော်လည်းနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုအခြေအနေများကို ပြန်လည်သုံးသပ်ပြီး ကျန်းမာရေးဆိုင်ရာကန့်သတ်ချက်များကို လိုအပ်လျှင် ပြန်လည်ချမှတ်သွားမည်ဟု ဝန်ကြီးချုပ် ယွန်ကာစတက်စ်က ပြောကြားသည်။

ယခုအချိန်တွင် နိုင်ငံအတွင်းရှိ စာသင်ကျောင်းများကို ဖွင့်လှစ်ထားသော်လည်း အိမ်တွင်းစုပေါင်းအားကစားလေ့ကျင့်မှုများကို ပိတ်ပင်ထားသည်။ စာသင်ကျောင်းများကို ကာလကြာရှည် ဖွင့်လှစ်နိုင်ရေးအတွက် နိုင်ငံအတွင်းရှိ စာသင်ကျောင်းများတွင် တစ်လလျှင် ကိုဗစ်-၁၉ ရောဂါ စစ်ဆေးမှု တစ်သန်းခန့်ကို ဆောင်ရွက်သွားမည်ဟု ၎င်းက ပြောကြားသည်။

နိုင်ငံအတွင်းရှိ အဆင့်မြင့်ပညာသင်ကြားရေးတွင် တက္ကသိုလ် ပထမနှစ်သို့ စတင်တက်ရောက်မည့် ကျောင်းသားများအား ဇန်နဝါရီ ၂၅ ရက်မှစတင်ပြီး အုပ်စုငယ်များဖွဲ့ကာ တက်ရောက်သင်ကြားခွင့်ပြုမည်ဟု သိရသည်။ အီးယူနိုင်ငံများမှ မဟုတ်သော နိုင်ငံအတွင်း ဝင်ရောက်လာသူ ခရီးသွားများအနေဖြင့် ကိုဗစ်-၁၉ ရောဂါကင်းရှင်းကြောင်း ဆေးလက်မှတ်ပြသရမည်ဖြစ်ပြီး သီးခြားခွဲ စောင့်ကြည့်မှုကိုလည်း အနည်းဆုံး ခုနစ်ရက် ခံယူရမည်ဖြစ်ကြောင်း သိရသည်။

ထိုခွဲခြားစောင့်ကြည့်မှုကိုခံယူပြီးပါက ၎င်းတို့အနေဖြင့် ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါ စစ်ဆေးမှုထပ်မံခံယူရမည်ဖြစ်သည်။ ပြင်သစ်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကြောင့် ၆၉၃၁၃ ဦး သေဆုံးခဲ့သည်။

**ကိုးကား- အေအက်ဖ်ပီ**
**ဘာသာပြန်- စိုးသူရ**

# အင်ဒိုနီးရှားနိုင်ငံ၌ အင်အားပြင်း ငလျင်လှုပ်ခတ်မှုကြောင့် ၄၂ ဦး သေဆုံးပြီး ၆၀၀ ကျော် ဒဏ်ရာရ

**ဂျကာတာ ဇန်နဝါရီ ၁၅**

အင်ဒိုနီးရှားနိုင်ငံ ဆူလာဝေစီကျွန်း၌ ယနေ့နံနက်အစောပိုင်းက အင်အားရစ်(ချ်)တာစကေး ၆ ဒသမ ၂ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ခတ်ခဲ့ရာ ၄၂ ဦး သေဆုံးခဲ့ပြီး ၆၀၀ ကျော် ဒဏ်ရာရရှိခဲ့သည်။

ငလျင်လှုပ်ခတ်မှုကြောင့် မာဂျီနီမြို့၌ လေးဦး သေဆုံးပြီး ၆၃၇ ဦး ဒဏ်ရာရရှိကာ အနီးအနားရှိ မာမူဂျူပြည်နယ်၌ သုံးဦး သေဆုံးပြီး ၂၄ ဦး ဒဏ်ရာရရှိခဲ့ကြောင်း အင်ဒိုနီးရှား ဘေးအန္တရာယ်လျှော့ချရေး အေဂျင်စီ၏ ကနဦးအချက်အလက်များအရ သိရသည်။

ယနေ့နံနက် တစ်နာရီခန့်က ငလျင်လှုပ်ခတ်ချိန်တွင် ထောင်နှင့်ချီသော ပြည်သူများ နေအိမ်များမှ ထွက်ပြေးခဲ့ပြီး နေအိမ်အလုံး ၆၀ ထက်မနည်း ပျက်စီးခဲ့ရကြောင်း အဆိုပါ အေဂျင်စီက ဆိုသည်။

ငလျင်က မာဂျီနီမြို့တော်၏ အရှေ့မြောက်ဘက် ခြောက်ကီလိုမီတာ၌ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ လှုပ်ခတ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

အဆိုပါ အင်အားပြင်းထန်သော ငလျင်က ခုနစ်စက္ကန့်ခန့်ကြာအောင် လှုပ်ခတ်ခဲ့သော်လည်း ဆူနာမီသတိပေးချက် ထုတ်ပြန်ခဲ့ခြင်း မရှိပေ။

**ကိုးကား- ဗွီအင်န်အေ**
**ဘာသာပြန်- ကျော်ထိုက်စိုး**



# ဖိလစ်ပိုင်၌ ဗီဇပြောင်း ဗိုင်းရပ်စ်သစ်ထိန်းချုပ်ရန် ၃၃ နိုင်ငံမှ လေကြောင်းလိုင်းများအပေါ်တားမြစ်မှု သက်တမ်းထပ်မံတိုး

**မနီလာ ဇန်နဝါရီ ၁၅**

ဖိလစ်ပိုင်အစိုးရသည် ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုထိန်းချုပ်ရန် ထိုရောဂါဖြစ်ပွားလျက်ရှိသည့် ၃၃ နိုင်ငံမှ ခရီးသည်များအား ခရီးတစ်ထောက်ရပ်နားခြင်းအပါအဝင် နိုင်ငံအတွင်းဝင်ရောက်ခြင်း တားမြစ်မှုကို ဇန်နဝါရီ ၃၁ ရက်အထိ သက်တမ်းထပ်မံတိုးလိုက်ကြောင်း ဖိလစ်ပိုင်သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ ဟာရီရော့ခ်က ယနေ့ပြောကြားသည်။

ဖိလစ်ပိုင်အစိုးရသည် ဗီဇပြောင်း ဗိုင်းရပ်စ်ဖြစ်ပွားရာ ၃၃ နိုင်ငံမှ ခရီးသည်များအား နိုင်ငံအတွင်း ဝင်ရောက်ခြင်းကို ကနဦးက ဇန်နဝါရီ ၁၅ ရက်အထိ တားမြစ်ထားသော်လည်း ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့သို့ ခရီးသွားရာဇဝင်ရှိသည့် ဖိလစ်ပိုင်အမျိုးသားတစ်ဦးတွင် ဗီဇပြောင်း ဗိုင်းရပ်စ်တွေ့ရှိခဲ့ပြီးနောက် နှစ်ရက်ခန့်အကြာတွင် အဆိုပါနိုင်ငံများမှ ခရီးသည်များ ဝင်ရောက်လာမှုကို တားမြစ်ခြင်း သက်တမ်းထပ်တိုးလိုက်ခြင်း ဖြစ်သည်။

အဆိုပါ တားမြစ်ချက်အရ ဖိလစ်ပိုင်လေဆိပ်၌ ခရီးတစ်ထောက်ရပ်နားရန်သော်လည်းကောင်း၊ နိုင်ငံအတွင်း ဝင်ရောက်လည်ပတ်ရန်သော်လည်းကောင်း ယင်းနိုင်ငံများမှ ခရီးသည်အားလုံးကို ခွင့်ပြုမည်မဟုတ်ပေ။ သို့သော် နိုင်ငံရပ်ခြားတွင် အလုပ်လုပ်ကိုင်သည့် ဖိလစ်ပိုင်အလုပ်သမားများ သို့မဟုတ် ဗီဇပြောင်း ရောဂါဖြစ်ပွားခဲ့သည့်နိုင်ငံများသို့ သွားရောက်ခဲ့သည့် ဖိလစ်ပိုင်နိုင်ငံသားများကိုမူ နိုင်ငံအတွင်း ပြန်လည်ဝင်ရောက်ခွင့်ပြုမည်ဖြစ်သည်။

ခရီးသည်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကင်းစင်ကြောင်း အထောက်အထားရှိသည့်တိုင် အစိုးရကသတ်မှတ်ထားသည့် စောင့်ကြည့်ရေးစင်တာများတွင် ၁၄ ရက်ပြည့်အောင် စောင့်ကြည့်မှု ခံယူရမည်ဖြစ်ကြောင်း ဟာရီရော့ခ်က ရှင်းလင်းပြောကြားသည်။

ဖိလစ်ပိုင်အစိုးရသည် ဗီဇပြောင်းဗိုင်းရပ်စ်လူနာနှင့် ထိတွေ့သူများကို အဆင့်ဆင့်ဖြင့် တိုးချဲ့စစ်ဆေးသွားမည်ဖြစ်သည်။ ပိုးတွေ့လူနာများအနေဖြင့် တင်းကျပ်သောစောင့်ကြည့်ရေးစင်တာများတွင် ၁၄ ရက်ကြာ စောင့်ကြည့်မှု ခံယူရန်လိုအပ်ကြောင်း ၎င်းကထပ်မံပြောကြားသည်။

လက်ရှိအချိန်တွင် ဖိလစ်ပိုင်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ပေါင်း ၄၉၄၆၀၅ ဦး ရှိပြီး ၎င်းတို့အနက် ၃၇၃၉ ဦးသည် ထိုရောဂါကြောင့် သေဆုံးခဲ့ကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

တစ်ချိန်တည်းမှာပင် အစိုးရက နိုင်ငံအတွင်း အသွားအလာ ကန့်သတ်မှု ချမှတ်ထားသည့်ကာလအတွင်း ကြိုတင်စီစဉ်ထားသည့် ခရီးစဉ်များကို ရွှေ့ဆိုင်းကြရန် ပြည်သူများအား တိုက်တွန်းထားကြောင်း သိရသည်။

**ကိုးကား – အေအက်ဖ်ပီ**
**ဘာသာပြန် – ဂျေတီ**

# အိန္ဒိယနိုင်ငံက အိမ်နီးချင်းနိုင်ငံများသို့ ကာကွယ်ဆေးအလုံးရေ သန်း ၂၀ ထောက်ပံ့ရန် စီစဉ်




**နယူးဒေလီ ဇန်နဝါရီ ၁၅**

ကမ္ဘာပေါ်တွင် ကာကွယ်ဆေးအများဆုံး ထုတ်လုပ်သော နိုင်ငံတစ်ခုဖြစ်သည့် အိန္ဒိယနိုင်ငံက အိမ်နီးချင်းနိုင်ငံများသို့ ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးအလုံးရေ သန်း ၂၀ ထောက်ပံ့ရန် စီစဉ်လျက်ရှိသည်။

အိန္ဒိယနိုင်ငံပိုင် ကုမ္ပဏီတစ်ခုက နီပေါ၊ ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာ၊ အာဖဂန်နစ္စတန်၊ ဆေးရှဲလ်နှင့် မောရစ်သျှနိုင်ငံများသို့ ထောက်ပံ့ရန် Serum Institute of India နှင့် Bharat Biotech International တို့မှ ဗိုင်းရပ်စ်ကာကွယ်ဆေးများဝယ်ယူမည်ဟု တာဝန်ရှိသူများက ပြောသည်။ ပထမအသုတ် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးများကို လာမည့်သီတင်းနှစ်ပတ်အတွင်း ပေးပို့မည်ဖြစ်သည်။ အိန္ဒိယအစိုးရက လက်တင်အမေရိက၊ အာဖရိကနှင့် ဆိုဗီယက်ပြည်ထောင်စုဟောင်းဝင် နိုင်ငံများသို့လည်း ဗိုင်းရပ်စ်ကာကွယ်ဆေးများ ထောက်ပံ့မည်ဖြစ်သည်။

**ပြောကြားခဲ့**

"ဗိုင်းရပ်စ်ကာကွယ်ဆေး ထုတ်လုပ်မှုနဲ့ ဖြန့်ဖြူးမှုကို အကဲဖြတ်မှုပြုလုပ်နေဆဲဖြစ်လို့ အခြားနိုင်ငံတွေကို ကာကွယ်ဆေးပေးပို့မှုနဲ့ ပတ်သက်လို့ အသေးစိတ်ပြောဖို့ စောလွန်းနေပါသေးတယ်"ဟု အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ အနူရတ်ဆရီဗတ်စတာဗာက အပတ်စဉ် သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။ ဝန်ကြီးချုပ်မိုဒီက ကာကွယ်ဆေးအလုံးရေနှစ်သန်းတင်ပို့ရန် သဘောတူညီပြီးနောက် ဘရာဇီးနိုင်ငံက ကာကွယ်ဆေးများသယ်ယူရန် လေယာဉ်တစ်စင်း စေလွှတ်ခဲ့ကြောင်း ဘရာဇီးကျန်းမာရေးဝန်ကြီး အက်ကွာဒိုပါဇွဲလိုက ပြောသည်။ ပြည်ပသို့ ကာကွယ်ဆေးများတင်ပို့မှုကို မတ်လဝန်းကျင်ရောက်မှစတင်နိုင်မည်ဟု Serum Institute အမှုဆောင်အရာရှိချုပ် အဒါပိုနာဝါလာက ယခုလ တွေ့ဆုံမေးမြန်းမှုတစ်ခုတွင် ပြောကြားခဲ့သည်။

Serum Institute of India က AstraZeneca ကာကွယ်ဆေးများ ထုတ်လုပ်နေပြီး Bharat Biotech International က ပြည်တွင်းဖြစ် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးတစ်မျိုးထုတ်လုပ်သည်။

ကိုးကား–ဘလွန်းဘာ့ဂ်
ဘာသာပြန်–ကျော်ထိုက်စိုး

# အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်ကာကွယ်ဆေးကို ဦးစားပေးအုပ်စုများ ထိုးနှံပြီးမှသာ ပုဂ္ဂလိကလုပ်ငန်းများအား ဝယ်ယူဖြန့်ချိခွင့်ပြုနိုင်ဖွယ်ရှိ




**ဂျကာတာ ဇန်နဝါရီ ၁၅**

အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ပုဂ္ဂလိကလုပ်ငန်းများကို ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး ဝယ်ယူခွင့်နှင့် ပြန်လည်ဖြန့်ဖြူးရောင်းချခွင့် ပြုနိုင်ဖွယ်ရှိသော်လည်း ခွင့်ပြုမည်ဆိုပါက ဦးစားပေးအုပ်စုများသို့ ကာကွယ်ဆေး ထိုးနှံပေးပြီးမှသာ လုပ်ကိုင်ခွင့်ပေးအပ်သွားမည်ဖြစ်ကြောင်း အင်ဒိုနီးရှားစက်မှုလုပ်ငန်းရှင်များအသင်းက ယနေ့ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးမှုလုပ်ငန်းစဉ် စတင်ခဲ့ပြီး ကျန်းမာရေးဝန်ထမ်းများကို ဦးစားပေးထိုးနှံပေးလျက်ရှိသည်။ အင်ဒိုနီးရှားအစိုးရသည် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးဝယ်ယူရန်အတွက် အမေရိကန်ဒေါ်လာ ၅ ဒသမ ၃ ဘီလီယံ သုံးစွဲထားသည်။ ပုဂ္ဂလိကလုပ်ငန်းများအား ယင်းတို့၏ ဝန်ထမ်းများကို ထိုးနှံပေးရန်နှင့် ပြည်သူများသို့ ပြန်လည်ရောင်းချရန် ကာကွယ်ဆေးဝယ်ယူခွင့်ပြုမည်ဆိုပါက အစိုးရ၏ ဝန်ထုပ်ဝန်ပိုးကို အတိုင်းအတာတစ်ရပ်အထိ လျှော့ချနိုင်မည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီး ဆာဒီခင်က သုံးသပ်သည်။ "အစိုးရက ကျန်းမာရေးဝန်ထမ်းတွေနဲ့ နိုင်ငံ့ဝန်ထမ်းတွေအတွက် ကာကွယ်ဆေးအခမဲ့ထိုးနှံပေးမှာပါ။ ဒါပေမယ့် လူချမ်းသာတွေကိုတော့ ကာကွယ်ဆေးအခမဲ့ထိုးပေးမှာ မဟုတ်ပါဘူး။ ဘာလို့လဲဆိုတော့ ကာကွယ်ဆေးတစ်လုံးရဲ့တန်ဖိုးက ကိုရိုနာဗိုင်းရပ်စ်ပိုး ရှိ၊ မရှိ ဆေးတစ်ခါစစ်တဲ့ တန်ဖိုးလောက်တောင်ကျသင့်မှာ မဟုတ်လို့ပါ"ဟု ကျန်းမာရေးဝန်ကြီးက ဆက်လက်ပြောကြားသည်။

ပုဂ္ဂလိကလုပ်ငန်းများအား ကာကွယ်ဆေးဝယ်ယူခွင့်နှင့် ဖြန့်ဖြူးရန် ခွင့်ပြုကောင်းခွင့်ပြုနိုင်မည်ဖြစ်သော်လည်း အဆိုပါဆေးများမှာ ရုရှားနိုင်ငံထုတ် Sputnik V ကဲ့သို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အတည်ပြုထားပြီးဖြစ်သည့် ဆေးများသာ ဖြစ်ရမည်ဖြစ်ကြောင်း အင်ဒိုနီးရှား စက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ရိုဆန်ရိုဆလာနီက ပြောသည်။

**လူဦးရေလည်း များပြားလာ**

ပုဂ္ဂလိကလုပ်ငန်းများမှ ဆေးဖြန့်ချိပါက ဆေးတစ်လုံး၏တန်ဖိုးမှာ မူရင်းဈေးနှုန်းထက် များနေမည်ဖြစ်သည်။ သို့ရာတွင် အစိုးရက ဦးစားပေးအုပ်စုများကို ကာကွယ်ဆေးထိုးနှံပေးပြီး အများပြည်သူကလည်း ကာကွယ်ဆေးကို မိမိတို့ဘာသာဝယ်ယူထိုးနှံခြင်းဖြင့် ကာကွယ်ဆေးထိုးနှံပြီးဖြစ်မည့် လူဦးရေလည်း များပြားလာမည်ဖြစ်သည်။

အင်ဒိုနီးရှား၏ အကြီးဆုံးဘဏ်လုပ်ငန်းဖြစ်သည့် Bank Central Asia ၏ အမှုဆောင်ချုပ် ဆက်တီမက်ဂျာက ပုဂ္ဂလိကလုပ်ငန်းများကို ကာကွယ်ဆေးဝယ်ယူခွင့်ပြုမည်ဆိုပါက ၎င်း၏ ဝန်ထမ်းများကို ကာကွယ်ဆေးထိုးနှံပေးရန်အတွက် ဝယ်ယူမည်ဖြစ်ကြောင်း ဆိုခဲ့သည်။ အင်ဒိုနီးရှားလူငယ်အများစုက ပုဂ္ဂလိကလုပ်ငန်းများကို ကာကွယ်ဆေးဝယ်ယူဖြန့်ဖြူးခွင့် ခွင့်ပြုပေးမည့် ကိစ္စရပ်ကို နှစ်သက်ကြသော်လည်း လူ့အခွင့်အရေးစောင့်ကြည့်လေ့လာသူများက ဆင်းရဲသည့်မိသားစုများနှင့် ဝေးလံခေါင်ဖျားသည့် ကျွန်းများတွင် နေထိုင်ကြသူများမှာ ကာကွယ်ဆေးထိုးနှံခွင့်ရရန် ခက်ခဲဦးမည်ဖြစ်သောကြောင့် ထိုသူတို့အတွက် သီးခြားအစီအမံတစ်ရပ်ကို အစိုးရဘက်မှ ဆောင်ရွက်ပေးသင့်သည်ဟု သတိပေးထားသည်။

ကိုးကား–စီအင်န်အေ
ဘာသာပြန်–မေလဲ့သင်း

# ဥရောပတစ်ခွင်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း သန်း ၃၀ ကျော်ရှိလာ

**ပါရီ ဇန်နဝါရီ ၁၅**

ဥရောပတစ်ခွင်လုံးတွင် ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူပေါင်း သန်း ၃၀ ကျော်ရှိလာကြောင်း အေအက်ဖ်ပီသတင်းဖော်ပြချက်အရ သိရသည်။

ဥရောပတစ်ခွင်လုံး၌ ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၃၀၀၀၃၉၀၅ ဦးရှိလာခဲ့ရာ ယခုအခါ ဥရောပတိုက်သည် ကမ္ဘာပေါ်တွင် ကိုဗစ်–၁၉ ရောဂါ အဆိုးဆုံးထိခိုက်လျက်ရှိသည့် ဒေသဖြစ်လာခဲ့သည်။

ထို့အတူ အမေရိကန်ပြည်ထောင်စုနှင့် ကနေဒါတွင် ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၂၃၉၄၅၀၇ ဦး၊ လက်တင်အမေရိကနှင့် ကာရစ်ဘီယံဒေသတွင် ၁၆၉၈၉၆၂၈ ဦး၊ အာရှတွင် ၁၄၄၈၅၅၈၈ ဦး၊ အရှေ့အလယ်ပိုင်းဒေသတွင် ၄၃၂၃၉၆၆ ဦး၊ အာဖရိကတွင် ၃၁၇၀၈၃၇ ဦးနှင့် သမုဒ္ဒရာပိုင်းဇုန်နိုင်ငံများတွင် ၃၁၄၄၃ ဦး စသည်ဖြင့် ကိုဗစ်–၁၉ ရောဂါ အသီးသီးကူးစက်ခံရကြောင်း သိရသည်။

ထို့အပြင် ဥရောပတိုက်တွင် ကိုဗစ်–၁၉ ရောဂါ အဆိုးဆုံးထိခိုက်လျက်ရှိသည့်နိုင်ငံမှာ ရုရှားနိုင်ငံဖြစ်ပြီး ထိုနိုင်ငံတစ်နိုင်ငံတည်းအတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၃၅၂၀၅၃၀ ဦးနှင့် ရောဂါကြောင့် သေဆုံးသူပေါင်း ၆၄၄၉၈ ဦးရှိသည်။ အလားတူ ဗြိတိန်တွင် ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ ၃၂၆၀၂၅၈ ဦးနှင့် သေဆုံးသူ ၈၆၀၁၅ ဦး၊ ပြင်သစ်တွင် ရောဂါကူးစက်ခံရသူ ၂၈၅၁၆၇၀ နှင့် သေဆုံးသူ ၆၉၃၁၃ ဦး၊ တူရကီတွင် ရောဂါကူးစက်ခံရသူ ၂၃၆၄၈၀၁ ဦးနှင့် သေဆုံးသူ ၂၃၄၉၅ ဦး၊ အီတလီတွင် ရောဂါကူးစက်ခံရသူ ၂၃၃၆၂၇၉ ဦးနှင့် သေဆုံးသူ ၈၀၈၄၈ ဦးနှင့် စပိန်တွင် ရောဂါကူးစက်ခံရသူ ၂၂၁၉၆၇ ဦးနှင့် သေဆုံးသူ ၅၃၀၇၉ ဦး စသည်ဖြင့် အသီးသီးရှိသည်။

ဥရောပနှင့် မြောက်အမေရိကတိုက်သည် လက်ရှိအချိန်တွင် ကိုဗစ်–၁၉ ရောဂါ နေ့စဉ်ကူးစက်မှုနှုန်းအများဆုံးဒေသဖြစ်ပြီး ပြီးခဲ့သည့်သီတင်းပတ်က အဆိုပါ ဒေသတစ်ခုချင်းစီရှိ ကိုဗစ်–၁၉ ရောဂါ နေ့စဉ်ကူးစက်မှုနှုန်းမှာ ၂၆၀၀၀၀ ခန့်ရှိကြောင်း သိရသည်။ ထို့အပြင် လွန်ခဲ့သည့် ၂၄ နာရီအတွင်း ဥရောပတိုက်တွင် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၆၄၆၀၂ ဦးရှိသည်။

ထို့အတူ ကမ္ဘာတစ်ဝန်းရှိ ကိုဗစ်–၁၉ ရောဂါ နေ့စဉ်ကူးစက်မှုနှုန်းမှာ ၇၃၀၀၀၀ ခန့်ရှိသည်။ လက်ရှိအချိန်တွင် ကမ္ဘာတစ်ဝန်း၌ ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၉၃ သန်းကျော်ရှိပြီး ၎င်းတို့အနက် နှစ်သန်းကျော်မှာ ထိုရောဂါကြောင့် သေဆုံးခဲ့ကြောင်း သိရသည်။

ကိုးကား–အေအက်ဖ်ပီ
ဘာသာပြန်–ဂျေတီ



# သီးခြားနေထိုင် စောင့်ကြည့်ကာလအတွင်း နိုင်ငံခြားသားဧည့်သည်များကို ဂေါက်ရိုက်ကစားနိုင်ရန် ထိုင်းအစိုးရ စီစဉ်

**ဗန်ကောက် ဇန်နဝါရီ ၁၅**

ထိုင်းနိုင်ငံသို့ လာရောက်သည့် နိုင်ငံခြားသားဧည့်သည်များအနေဖြင့် သီးခြားနေထိုင် စောင့်ကြည့်ကာလအတွင်း ဂေါက်ရိုက်ကစားနိုင်အောင် ဆောင်ရွက်ထားပြီးဖြစ်သည်ဟု ထိုင်းခရီးသွားလာရေးလုပ်ငန်းအာဏာပိုင်(TAT)က ယနေ့ပြောကြားသည်။

သီးခြားခွဲ နေထိုင်ရသည့်ကာလအတွင်း နိုင်ငံခြားသားဧည့်သည်များအနေဖြင့် အခန်းတွင်းတစ်ဦးတည်း နေထိုင်ရခြင်းထက် ဂေါက်ရိုက်ကာ အချိန်ကုန်ဆုံးနိုင်ရေး စီစဉ်ထားခြင်းဖြစ်သည်။ ထိုင်းနိုင်ငံသည် နိုင်ငံခြားသား ခရီးသည်အများစုလာရောက်လည်ပတ်သည့် နိုင်ငံဖြစ်ပြီး ၂၀၁၉ ခုနှစ်အတွင်း နိုင်ငံခြားဧည့်သည်ဦးရေ သန်း ၄၀ လာရောက်ကာ ဝင်ငွေ ၆၃ ဒသမ ၄ ဘီလီယံရရှိခဲ့သည်။ သို့ရာတွင် ၂၀၂၀ ပြည့်နှစ်အတွင်း ကိုဗစ်–၁၉ ကပ်ရောဂါ၏ သက်ရောက်မှုကြောင့် ခရီးသွားလုပ်ငန်းမှာ ထိခိုက်မှုများစွာ ကြုံတွေ့ခဲ့ရပြီးနောက် ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် ခရီးသွားလာရေးလုပ်ငန်း ပြန်လည်ဖွံ့ဖြိုးလာရေးတို့အကြား ဟန်ချက်ညီမှုရှိသည့် အစီအမံများကို အစိုးရဘက်မှ ဖန်တီးလာခြင်းဖြစ်သည်။

ထိုင်းနိုင်ငံသည် နယ်စပ်ဝင်ပေါက်များကို ပြန်လည်ဖွင့်လှစ်ပြီး နိုင်ငံခြားသားခရီးသွားများ လာရောက်လည်ပတ်မှုကို ပြန်လည်ခွင့်ပြုရန် စီစဉ်လျက်ရှိသည်။ ထိုင်းနိုင်ငံသို့ လာရောက်လည်ပတ်လိုသည့် နိုင်ငံခြားသားများကို ခရီးသွားလာခွင့်ဗီဇာထုတ်ပေးမည်ဖြစ်ပြီး ယင်းဗီဇာကိုရက် ၉၀ နှစ်ကြိမ်သက်တမ်းတိုးနိုင်ကြောင်း သိရသည်။ ထိုင်းသို့ လာရောက်မည့် ခရီးသည်များအနေဖြင့် ၇၂ နာရီအတွင်း စစ်ဆေးထားသည့် ကိုရိုနာဗိုင်းရပ်စ်ပိုးမရှိကြောင်း ဆေးလက်မှတ်နှင့် ကိုဗစ်–၁၉ ရောဂါ ကုသမှုကို ဆောင်ရွက်ပေးမည့် အမေရိကန်ဒေါ်လာ တစ်သိန်းတန် ကျန်းမာရေးအာမခံဝယ်ယူရမည်ဖြစ်သည်။

ကိုးကား–အမ်အက်စ်အမ်၊ ဘာသာပြန်–မေလဲ့သင်း

| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၉၃၆၃၇၆၈၄ | ဦး |
| သေဆုံးသူ | ၂၀၀၄၈၁၅ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၆၆၉၄၂၄၃၆ | ဦး |












## စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၂၀ ပြည့်နှစ်တွင် လူသတ်မှုအများဆုံးဖြစ်ပွားခဲ့

**စစ်ကိုင်း ဇန်နဝါရီ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၂၀ ပြည့်နှစ်တွင် လူသတ်မှုအများဆုံးဖြစ်ပွားခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး ဦးစီးအရာရှိ(ပထမတန်း) ဒုတိယရဲမှူးကြီးဘဝင်းထံမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စစ်ကိုင်း၊ ရွှေဘို၊ ကန့်ဘလူ၊ မုံရွာ၊ ယင်းမာပင်၊ တမူး၊ ကသာ၊ ကလေး၊ မော်လိုက်နှင့် ခန္တီးခရိုင်တို့တွင် ၂၀၂၀ ပြည့်နှစ်အတွင်း လူသတ်မှု ၁၃၃ မှုဖြစ်ခဲ့ကြောင်း သိရသည်။

ခရိုင် ၁၀ ခုတွင် လူသတ်မှု ၂၄ မှုဖြစ်ခဲ့သည့် ကသာခရိုင်သည် လူသတ်မှုအများဆုံးဖြစ်ခဲ့ပြီး ရွှေဘိုခရိုင်တွင် လူသတ်မှု ၂၀ ဖြင့် ဒုတိယအများဆုံးဖြစ်သည်။

"ကိုဗစ်ကာလ ရက်ရှည်နေပြီ။ မှုခင်းမဖြစ်အောင် လှည့်ပြီးစည်းရုံးပြောရတာတွေရှိတယ်။ လူသတ်မှုဖြစ်စေတဲ့ ယစ်မျိုးတို့၊ လက်နက်ပုန်းတို့ စသဖြင့် ဖမ်းရတာတွေရှိတယ်။ ကြိုကာမှုတွေဖမ်းနိုင်ပေမယ့် စည်းရုံးမှုမှာ ကိုဗစ်ကာလမို့ မလုပ်နိုင်တာတစ်ပိုင်းပါတာပေါ့။ ကိုဗစ်ပြီးရင်တော့ စည်းရုံးရေး ပြန်လုပ်မယ်။ လှည့်ကင်း၊ ဝပ်ကင်း စသဖြင့် ကြိုကာမှုတွေကို ကြိုးစားဆောင်ရွက်ပါမယ်။ နည်းနိုင်သမျှနည်းအောင် လုပ်သွားပါမယ်"ဟု ဒုတိယရဲမှူးကြီးဘဝင်းက ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရရုံးစိုက်သည့် မုံရွာမြို့ရှိရာ မုံရွာခရိုင်တွင် ၂၀၂၀ ပြည့်နှစ်အတွင်း လူသတ်မှု ၁၅ မှုရှိပြီး တတိယအများဆုံး ကလေးခရိုင်နှင့် စတုတ္ထနေရာ၌ရှိသော ကန့်ဘလူခရိုင်နောက်တွင် မုံရွာခရိုင်သည် ပဉ္စမနေရာ၌ ရှိနေခြင်းဖြစ်သည်။

**မျိုးဝင်းထွန်း(မုံရွာ)**



## မြို့နယ်အချို့၌ တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၁၅**

ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်အရ ဇန်နဝါရီ ၈ ရက်မှ ၁၄ ရက်အတွင်း သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဟုမ္မလင်းမြို့နယ် ပင်ခုတ်ကျေးရွာ၏ အရှေ့တောင်ဘက် ကိုးမိုင်ခန့်အကွာ၌ တရားမဝင် ကညင်သစ်/ ခွဲခြမ်း/ ခွဲသားတန် ၂၀ နှင့် ချန်ချိုင်း ၂၅ ကောင်၊ အင်ဂျင်တစ်လုံး၊ သစ်စက်နှင့်ဆက်စပ်ပစ္စည်းများအား လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ရန်ကုန်-မော်လမြိုင်ကားလမ်း မုပ္ပလင်တံတားသစ်လမ်းပိုင်း မိုင်တိုင်အမှတ် (၅/၆)အနီးနေရာ၌ ခြောက်ဘီးယာဉ်ပေါ်မှ တရားမဝင် ပိတောက်ခွဲသား ၅၄ ချောင်း (၇ ဒသမ ၁၆၁၄)တန်ကို လည်းကောင်း၊ ပုသိမ်ကြီးမြို့နယ် တောင်ကျွန်းကြိုးဝိုင်း အကွက်အမှတ်(၇၊ ၉၊ ၁၁၊ ၁၂) အတွင်း ဘက်ဟိုးယာဉ်လေးစီး၊ ယာဉ်တစ်စီး၊ ချိန်းဆောတစ်လက်နှင့် သစ်ပင် ၁၉၃ ပင်တို့ကို သိမ်းဆည်းရမိခဲ့သည်။

ထို့ပြင် ဥတ္တရသီရိမြို့နယ် တောင်ညိုကြိုးပြင် ဇမ္ဗူရန်နိုင်လမ်း၌ ခြောက်ဘီးယာဉ်တစ်စီးပေါ်မှ တရားမဝင် ဒီးဒူး/ နဘဲ/ ငွေး/ လက်ပံ/ မအူ လက်တံရှည်ခွဲသား ၄ ဒသမ ၁၉၁၇ တန်နှင့်အတူ ပြစ်မှုကျူးလွန်သူနှစ်ဦးတို့အား လည်းကောင်း။

ဖယ်ခုံမြို့နယ် မိုးဖြဲကျေးရွာအုပ်စု ပွဲကုန်း (၃) ရပ်ကွက် ဦးလွှီးဇီး၏ နေအိမ်ခြံဝင်းအတွင်းမှ တရားမဝင် ထင်းရှူးခွဲသားဆိုဒ်စုံ ၁၉ တန်နှင့်အတူ ပြစ်မှုကျူးလွန်သူတစ်ဦးတို့ကို ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**ညီညီသန်း(နေပြည်တော်)**

## ကော့သောင်း၌ ဂက်စ်အိုးတင်ယာဉ် တိမ်းမှောက်မီးလောင်ရာမှ နေအိမ်သုံးလုံးသို့ ကူးစက်လောင်ကျွမ်း၊ တစ်ဦး သေဆုံး

**ကော့သောင်း ဇန်နဝါရီ ၁၅**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ ရွှေပြည်သာရပ်ကွက် မြရည်ပုလဲလမ်းတွင် ယနေ့ မွန်းလွဲ ၁ နာရီခန့်က ဂက်စ်အိုးများ တင်ဆောင်လာသည့် ယာဉ်တစ်စီး တိမ်းမှောက်မီးလောင်ရာမှ အနီးအနား နေအိမ်သုံးလုံးသို့ မီးကူးစက်ခဲ့ကာ



အမျိုးသားတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အဆိုပါနေ့ နံနက်ပိုင်းက ကော့သောင်းမြို့အဝင် (၁၂)မိုင်စစ်ဆေးရေးဂိတ်မှတစ်ဆင့် ယာဉ်မောင်း အောင်ကိုလွင် မောင်းနှင်လာသည့် ၁၀ ဘီးယာဉ်သည် ဂက်စ်အိုးကြီးများတင်ဆောင်ကာ ကော့သောင်းမြို့တွင်းသို့ ခုနစ်မိုင်မြို့ပတ်လမ်းမှတစ်ဆင့် မောင်းနှင်ဝင်ရောက်လာစဉ် ရွှေပြည်သာရပ်ကွက် မြရည်ပုလဲလမ်း ကုန်းဆင်းအရောက်တွင် တိမ်းမှောက်ခဲ့၍ မီးလောင်ကျွမ်းမှုကြောင့် ဂက်စ်အိုးများ ပေါက်ကွဲမီးလောင်ရာမှ လမ်းဘေးအနီးအနားရှိ နေအိမ်များသို့ ထပ်မံကူးစက် လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။

မီးလောင်မှုကြောင့် ၁၀ ဘီးယာဉ်တစ်စီး၊ ဂက်စ်အိုးကြီး အလုံး ၃၀၊ နေအိမ်သုံးလုံး မီးလောင်ဆုံးရှုံးခဲ့ရပြီး နေအိမ်တစ်လုံးမှ အသက် ၃၀ ဝန်းကျင်ခန့် အမျိုးသားတစ်ဦး(စိစစ်ဆဲ) သေဆုံးခဲ့သည်။ မီးလောင်မှုနှင့်ပတ်သက်၍ အောင်ကိုလွင်အား ကော့သောင်းမြို့နယ်ရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

## ထီးချိုင့်မြို့နယ်၌ မူးယစ်ဆေးဝါး၊ စိတ်ကြွဆေးပြားနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ

**ထီးချိုင့် ဇန်နဝါရီ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် ရေရှင်ကျေးရွာ၌ ဇန်နဝါရီ ၁၄ ရက် ည ၁၁ နာရီခွဲက မူးယစ်ဆေးဝါးနှင့် စိတ်ကြွဆေးပြားများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့ ညပိုင်းက ကသာခရိုင် မှုခင်းနှိမ်နင်းရေးဌာနမှ ရဲအုပ်သက်နိုင်ဦးနှင့်အဖွဲ့သည် မူးယစ်ဆေးဝါးသတင်းအရ ထီးချိုင့်မြို့နယ် ရေရှင်ကျေးရွာနေ ဒေါ်မြင့်ကြည်၏နေအိမ်အား ရှာဖွေစစ်ဆေးရာ ဒေါ်မြင့်ကြည်နှင့်အတူ အောင်ဇော်အားတွေ့ရပြီး စိတ်ကြွရှူးသွပ်ဆေးပြား ၁၃၃၆ ပြား၊ ဘိန်းမဲဟု ယူဆရသော(ခတ်ပုံ)အလေးချိန် ခုနစ်ဂရမ်ခန့်နှင့် မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသည့်ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဒေါ်မြင့်ကြည်နှင့် အောင်ဇော်တို့အား ထီးချိုင့်ရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**အေးမြသက်ထား**

# အားတက်ဖွယ်ရာ အခြေအနေတစ်ရပ်ကို ရောက်ရှိလာဖို့ ရည်မှန်းချက်ထား



ဒီလိုဦးတည်ချက်ထားပြီး လုပ်ငန်းစဉ်ပိုင်း၊ ဒီဇိုင်းပိုင်း၊ ပါဝင်သူတွေအားလုံး အကျုံးဝင်စေခြင်း အပိုင်းတွေကို လာမယ့်ငါးနှစ်တာကာလမှာ လက်တွေ့အသက်ဝင်ဖို့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်နိုင်ဖို့အတွက် ပညာရပ်ဆိုင်ရာ၊ စီမံခန့်ခွဲမှုဆိုင်ရာ အထောက်အကူပြုအဖွဲ့တွေ၊ နိုင်ငံရေးပါတီတွေ၊ အရပ်ဘက်အဖွဲ့အစည်းတွေကအစ ပြည်သူတွေအပါအဝင် အဓိကအင်အားစုတွေအဆုံး အကျေအလည် ဆွေးနွေးညှိနှိုင်းနိုင်မယ့် ပြန်လည်သုံးသပ်ရေး လုပ်ငန်းစဉ်ကို ကျယ်ကျယ်ပြန့်ပြန့် ဘက်စုံစဉ်းစားပြီး ကိုယ်စားပြုမှုနဲ့ ထိရောက်မှုဟန်ချက် ဘက်ညီမျှတစေမယ့် “၂၀၂၀ အလွန် ငြိမ်းချမ်းရေးဖွဲ့စည်းတည်ဆောက်မှုအသစ်” (New Peace Architecture) ကို အရှိန်အဟုန်နဲ့ ဖော်ဆောင်သွားမှာ ဖြစ်ပါတယ်။ “ပင်လုံစာချုပ်” လက်မှတ်ရေးထိုးမှုနှစ်ပေါင်း (၇၅)နှစ် ပြည့်မြောက်မယ့် “စိန်ရတုနှစ်” ဖြစ်တဲ့ ၂၀၂၂ ခုနှစ်မှာ ပြည်ထောင်စုရဲ့ပန်းတိုင်ကို အတူတကွဆက်ပြီး လျှောက်လှမ်းသွားမယ့်လမ်းကြောင်းတွေ ခိုင်ခိုင်မာမာ ထင်ထင်ရှားရှား လှမ်းမြင်နေရတဲ့ အားတက်ဖွယ်ရာ အခြေအနေတစ်ရပ်ကို ရောက်ရှိလာဖို့ ရည်မှန်းချက်ထားပြီး ၂၀၂၀ အလွန် ငြိမ်းချမ်းရေးဖွဲ့စည်းတည်ဆောက်မှုအသစ်အနေနဲ့ ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

( အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၊ ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁-၁-၂၀၂၁ ရက် နိုင်ငံတကာနှစ်သစ်ကူးနေ့တွင် ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

# ဇန်နဝါရီ ၁၅ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၅၁၃ ဦး တွေ့ရှိ

## COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၅-၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၁၄-၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၅-၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၂၂,၇၅၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၅၁၃) ဦး တွေ့ရှိရပါသည်။

ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ

(၁၅-၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) | (၁,၉၈၆) ခု | (၄၃) ဦး |
| ဆေးသုတေသနဦးစီးဌာန (ရန်ကုန်) | (၅၁၆) ခု | (၃၇) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) | (၇၄၁) ခု | (၆၂) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) | (၂၀၂) ခု | (၁၁) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (တောင်ကြီး) | (၆၃၅) ခု | (၇) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မွေးယယ်) | (၁၀၅) ခု | (၁) ဦး |
| ဆေးတက္ကသိုလ် (၁) (ရန်ကုန်) | (၃၆) ခု | (၆) ဦး |
| ရန်ကုန်မြို့ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၂၈) ခု | (၁၁) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၂) ခု | (၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၅၉) ခု | (၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆၈၅) ခု | (၈၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၇,၂၁၀) ခု | (၂၄၈) ဦး |
| စုစုပေါင်း | (၂၂,၇၅၅) ဦး | (၅၁၃) ဦး |

COVID-19 နေ့စဉ် စမ်းသပ်တွေ့ရှိရမှုနှုန်း (test positivity rate) မှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| | ၆-၁-၂၁ | ၇-၁-၂၁ | ၈-၁-၂၁ | ၉-၁-၂၁ | ၁၀-၁-၂၁ | ၁၁-၁-၂၁ | ၁၂-၁-၂၁ | ၁၃-၁-၂၁ | ၁၄-၁-၂၁ | ၁၅-၁-၂၁ |
|---|---|---|---|---|---|---|---|---|---|---|
| ဓာတ်ခွဲနမူနာ စုစုပေါင်း | ၁၇,၂၇၉ | ၁၈,၉၅၃ | ၂၃,၁၆၄ | ၁၇,၈၀၆ | ၁၇,၃၃၃ | ၁၈,၂၅၇ | ၂၀,၇၃၉ | ၁၇,၈၂၅ | ၁၈,၆၂၀ | ၂၂,၇၅၅ |
| ပိုးတွေ့လူနာ | ၅၃၆ | ၅၈၄ | ၇၁၁ | ၅၆၆ | ၅၅၅ | ၅၈၂ | ၅၆၀ | ၅၂၈ | ၆၀၄ | ၅၁၃ |
| ပိုးတွေ့ရှိမှု ရာခိုင်နှုန်း | ၃.၁ | ၃.၁ | ၃.၁ | ၂.၈ | ၃.၂ | ၃.၂ | ၂.၇ | ၂.၉ | ၃.၂ | ၂.၃ |

မှတ်ချက်။ COVID-19 စမ်းသပ်တွေ့ရှိရမှုနှုန်းမှာ ဓာတ်ခွဲစစ်ဆေးသည့်အရေအတွက်ပေါ်၌လည်း မူတည်နေပါသည်။ (၆-၁-၂၀၂၁)ရက်နေ့မှ (၁၅-၁-၂၀၂၁)ရက်နေ့အထိ နေ့စဉ်စစ်ဆေးသော ဓာတ်ခွဲနမူနာများ၏ ပျမ်းမျှအရေအတွက်မှာ (၁၉,၂၉၄) ခု ဖြစ်ပါသည်။

* ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တစ်ပြည်လုံးအတိုင်းအတာဖြင့် ဆောင်ရွက်နေသည့် ပါးစပ်နှင့် နှာခေါင်းစည်းမြဲမြဲမေ့ တပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက် (mask and face shield campaign) ၌ ပါဝင်သော ဆောင်ရွက်ရမည့်အချက်များကို တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်မှသာလျှင် ရောဂါကူးစက်ပြန့်ပွားမှုကို အမြန်ဆုံးထိန်းချုပ်နိုင်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် COVID-19 လူနာဖြစ်ပွား၊ သေဆုံးမှုအခြေအနေ

(၁၅-၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| | အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယခုအထိ စုစုပေါင်း |
|---|---|---|
| စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၂၂,၇၅၅) ဦး | (၂,၀၉၇,၃၄၂) ဦး |
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၅၁၃) ဦး | (၁၃၃,၃၇၈) ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | (၅၁၀) ဦး | (၁၁၆,၆၁၀) ဦး |
| သေဆုံးလူနာ | (၁၄) ဦး | (၂,၉၄၆) ဦး |

- ယနေ့ သေဆုံးသူ (၁၄) ဦးအနက် ရောဂါအခံရှိသူ (၁၁) ဦးပါဝင်ပါသည်။
- တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဆေးရုံများနှင့် ရန်ကုန်မြို့ရှိ COVID-19 ရောဂါကုသရေးဌာနများ၊ တပ်မတော်ဆေးရုံများမှ ဆေးရုံဆင်းခွင့်ရရှိသူ စုစုပေါင်း (၅၁၀) ဦးတွင် -
  - ဆေးရုံများ - (၃၆၃) ဦး
  - COVID-19 ရောဂါကုသရေးဌာနများ (ရန်ကုန်မြို့) - (၁၄၇) ဦး ပါဝင်ပါသည်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်း ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများအနက်မှ ဓာတ်ခွဲအဖြေ Negative ထွက်ရှိခဲ့သဖြင့် အသွားအလာကန့်သတ်ထားရှိရာ နေရာများမှ ဆင်းခွင့်ပေးခဲ့ကာ နေအိမ်များတွင် ဆက်လက်၍ အသွားအလာကန့်သတ်ထားရှိသူ စုစုပေါင်း (၂၀၃) ဦး ရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၁၅-၁-၂၀၂၁) ရက်နေ့၊ ညနေ (၆)နာရီ

(၂၃-၃-၂၀၂၀)ရက်နေ့မှ (၁၄-၁-၂၀၂၁) ရက်နေ့အထိ တွေ့ရှိရသော **ဓာတ်ခွဲအတည်ပြုလူနာ (၁၃၂,၈၆၅) ဦး**၏ မြို့နယ်အလိုက်တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | မြို့နယ် | (၂၃-၃-၂၀၂၀)မှ (၁၄-၁-၂၀၂၁) အထိ | (၁-၁-၂၀၂၁) ရက်နေ့မှ (၁၄-၁-၂၀၂၁) ရက်နေ့အထိ | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | ၁-၀၁-၂၁ | ၂-၀၁-၂၁ | ၃-၀၁-၂၁ | ၄-၀၁-၂၁ | ၅-၀၁-၂၁ | ၆-၀၁-၂၁ | ၇-၀၁-၂၁ | ၈-၀၁-၂၁ | ၉-၀၁-၂၁ | ၁၀-၀၁-၂၁ | ၁၁-၀၁-၂၁ | ၁၂-၀၁-၂၁ | ၁၃-၀၁-၂၁ | ၁၄-၀၁-၂၁ |
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | | | | | | | | | | | | | | | |
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| ၇၅ | လက်ပံတန်း | ၄၁၈ | ၁၁ | ၂ | ၀ | ၃ | ၀ | ၀ | ၈ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၈ |
| ၇၆ | သနပ်ပင်** | ၁၉၁ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၁၅ | ၀ | ၀ | ၁ | ၁ | ၁ | ၇ |
| ၇၇ | [illegible] | ၃၈၂ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၁ | ၆ |
| ၇၈ | ညောင်လေးပင် | ၂၉၀ | ၃ | ၄ | ၀ | ၀ | ၅ | ၀ | ၀ | ၀ | ၀ | ၁၃ | ၀ | ၀ | ၄ | ၄ |
| ၇၉ | ပေါက်ခေါင်း | ၅၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၃ |
| ၈၀ | ဇေါ** | ၄၃၀ | ၀ | ၀ | ၁ | ၁ | ၅ | ၁ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၂ |
| ၈၁ | ဒိုက်ဦး | ၂၂၃ | ၁ | ၁ | ၀ | ၀ | ၁ | ၁ | ၅ | ၄ | ၂ | ၀ | ၂ | ၂ | ၀ | ၂ |
| ၈၂ | ပေါင်းတည် | ၁၁၇ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၃ | ၀ | ၀ | ၀ | ၀ | ၂ |
| ၈၃ | မင်းလှ | ၂၉၄ | ၀ | ၀ | ၀ | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၁ |
| ၈၄ | ပြည် | ၂၁၆ | ၄ | ၁ | ၁ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၅ | ၂ | ၇ | ၁ |
| ၈၅ | ကြို့ပင်ကောက် | ၁၂၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ |
| ၈၆ | သာယာဝတီ | ၅၁၆ | ၀ | ၁ | ၁၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁၁ | ၀ | ၁ | ၁ | ၂ | ၀ |
| ၈၇ | အုတ်ဖို | ၁၉၄ | ၁ | ၀ | ၂ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၂ | ၂ | ၀ | ၀ | ၀ |
| ၈၈ | တောင်ငူ | ၁၈၉ | ၀ | ၀ | ၁ | ၂ | ၁ | ၁ | ၁ | ၀ | ၀ | ၁ | ၀ | ၀ | ၅ | ၀ |
| ၈၉ | ရေတာရှည် | ၁၇၀ | ၀ | ၀ | ၁ | ၁ | ၁ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၉၀ | ရွှေတောင် | ၁၇၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၃ | ၀ | ၀ |
| ၉၁ | နတ်တလင်း | ၁၃၄ | ၀ | ၀ | ၂ | ၁ | ၀ | ၀ | ၁ | ၀ | ၃ | ၃ | ၀ | ၀ | ၁ | ၀ |
| ၉၂ | မိုးညို | ၁၁၅ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၉၃ | အုတ်တွင်း | ၁၁၂ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၁ | ၀ | ၀ |
| ၉၄ | ပန်းတောင်း | ၉၉ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၉၅ | သဲကုန်း | ၉၇ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၃ | ၀ | ၀ | ၀ | ၀ | ၀ |
| ၉၆ | ဇီးကုန်း | ၇၉ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၉၇ | ရွှေကျင် | ၇၂ | ၀ | ၀ | ၀ | ၉ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၉၈ | ထန်းတပင် | ၄၉ | ၀ | ၀ | ၁ | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၉၉ | ကျောက်ကြီး | ၄၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၈၇၁၉ | ၆၉ | ၄၁ | ၁၁၀ | ၈၁ | ၅၃ | ၁၀၁ | ၄၇ | ၉၄ | ၅၇ | ၅၆ | ၃၁ | ၅၁ | ၆၇ | ၈၂ |
| ၄။ | ဧရာဝတီတိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၁၀၀ | ပုသိမ် | ၇၅၆ | ၈ | ၁၅ | ၁၂ | ၆ | ၁၂ | ၈ | ၂၁ | ၆ | ၄ | ၃ | ၁၀ | ၉ | ၁၇ | ၁၇ |
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |

စာမျက်နှာ ၁၇ သို့ ❖

# အခြေခံသတင်းစာပညာနှင့် ကျင့်ဝတ်

## မောင်ဖေလှိုင်

**“သတင်းစာဆရာတစ်ဦးသည် အလွန်ထူးသော သတင်းတစ်ပုဒ်ရသောအခါ ထိုသတင်းကို ရေးသားဖော်ပြခြင်းဖြင့် သတင်းဦး၊ သတင်းထူးဖြစ်သောကြောင့် မိမိသတင်းစာအတွက် အကျိုးရှိမည်ဖြစ်သော်လည်း အဆိုပါသတင်းရေးသားဖော်ပြခြင်းဖြင့် တိုင်းပြည်အကျိုးယုတ်မည့်ကိစ္စမျိုးဖြစ်ပါက တိုင်းပြည်အကျိုးကို ဦးစားပေး၍ ထိုသတင်းကို ဖော်ပြခြင်းမပြုရ။”**

အထက်ပါကဲ့သို့ သတင်းသမားများ လိုက်နာအပ်သော သတင်းစာဆရာ၏ တာဝန်နှင့်ကျင့်ဝတ်ကို သတင်းစာဆရာကြီး ဂါဒီယန်ဦးစိန်ဝင်းက **“အခြေပြသတင်းစာပညာ”**စာအုပ်၌ ပြဆိုဖော်ပြထားခဲ့ပါသည်။

ဆရာဦးစိန်ဝင်းသည် မြန်မာ့အလင်း၊ စီးပွားရေးစသည့် မြန်မာသတင်းစာများ၊ အလုပ်သမားဂေဇက်၊ နယူးတိုင်းအော့(ဖ်)ဘားမားနှင့် နေးရှင်းအင်္ဂလိပ်သတင်းစာများ၌ သတင်းထောက်ချုပ်၊ အယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့သူဖြစ်ပြီး ၁၉၅၈ ခုနှစ် မတ်လမှ ၁၉၆၃ ခုနှစ် မေလကုန်အထိ ဂါဒီယန်သတင်းစာ၏ အယ်ဒီတာချုပ်အဖြစ် ဆောင်ရွက်ခဲ့သူဖြစ်ပါ၏။

### သတင်းထောက် ၆၀၀ ကျော် တက်ရောက်

၁၉၆၀-၁၉၆၁၊၁၉၆၁-၁၉၆၂ ခုနှစ်များ၌ မြန်မာနိုင်ငံသတင်းစာဆရာများအသင်း (Burma Journalists Association) ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်နေစဉ် ၁၉၆၂ ခုနှစ် ဩဂုတ် ၁၁ ရက်က ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေတွင် ပြည်လုံးကျွတ် သတင်းထောက်များ သတင်းစာ ရက်တိုသင်တန်းပို့ချခဲ့ရာ ဆရာ ဂါဒီယန် ဦးစိန်ဝင်း ဦးဆောင်၍ သတင်းစာဆရာကြီးများက ဘာသာရပ်အလိုက် ပို့ချပေးခဲ့ကြပါသည်။ ယင်းသင်တန်းသို့ မြန်မာတစ်နိုင်ငံလုံးမှ သတင်းထောက် ၆၀၀ ကျော် တက်ရောက်ခဲ့ကြပေသည်။

အဆိုပါသင်တန်းတွင် ပို့ချခဲ့သော ဘာသာရပ်များကို မြန်မာနိုင်ငံသတင်းစာဆရာများအသင်းကပင် စာအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေခဲ့ပါ၏။ ၁၉၆၃ ခုနှစ် ဧပြီလက ပထမအကြိမ်ထုတ်ဝေခဲ့ရာ ထိုစဉ်က မျက်နှာဖုံးဒီဇိုင်းကို ဟယ်ရီအောင်က ပြုလုပ်ပေးခဲ့ပါ၏။

ယင်းစာအုပ်တွင် ဆရာဂါဒီယန် ဦးစိန်ဝင်းက “သတင်းဟူသည်၊ သတင်းလိုက်နည်း ၁+၂၊ နောက်ဆက်တွဲ သတင်းလိုက်နည်းနှင့် သတင်းရေးနည်း” ဘာသာရပ်များကို ဦးဆောင်ပို့ချပေးခဲ့ပါသည်။

ဆရာဇေယျက ‘မြန်မာသတင်းစာသမိုင်း’၊ ယူပီအိုင် ဦးဘသန်းက ‘ရှေးခေတ်သတင်းစာ အတွေ့အကြုံ’နှင့် ဆရာဦးသန်းတင့်(ရူဝံ)က ‘ရှေးခေတ်နှင့်ယခုနှစ်သတင်းစာ’ စသော ဘာသာရပ်များကိုလည်းကောင်း၊ ဆရာဇဝန (ဦးသိန်း)က ‘သတင်းစာသုံးမြန်မာစာ’နှင့် မိုးကြိုးဦးအုန်းခင်က ‘မြန်မာစာရေးနည်း’ဘာသာရပ်များကို ပို့ချခဲ့ပေသည်။

ထို့အတူ သတင်းစာတ်ပုံနှင့်ပတ်သက်၍ တက္ကသိုလ်ထင်ကြီး၊ သတင်းထောက်တာဝန်ဝတ္တရား ဘာသာရပ်ကို ဦးဘဖေ(ဟံသာဝတီ)နှင့် ဆရာဦးစိုးမောင်(သာဂရစိုး)က စိုက်ပျိုးရေးနှင့် မွေးမြူရေးသတင်းနှင့်ပတ်သက်၍ ပို့ချခဲ့ကြပါသည်။

ယင်းသင်တန်းမှ ပို့ချချက်များကို စာအုပ်အဖြစ် စုစည်းထုတ်ဝေခဲ့ရာ၌ ထိုစဉ်က ကြေးမုံသတင်းစာ အယ်ဒီတာ(နောင် ဟံသာဝတီဦးဝင်းတင်)က တည်းဖြတ်ပေးခဲ့ခြင်းဖြစ်ပါ၏။

ဆရာဂါဒီယန်ဦးစိန်ဝင်းက ယင်းစာအုပ်၏အမှာတွင် အောက်ပါအတိုင်း ထည့်သွင်းဖော်ပြထားခဲ့ပါသည်-

**“ကျွန်တော်တို့နိုင်ငံတွင် သတင်းစာလုပ်ငန်း၌ ဆောင်ရွက်နေသူများ၏အရေးအတွက်သည် အားရဖွယ်ကောင်းလောက်အောင် ကြီးမားလေသည်။ ထိုသို့အရေအတွက် ကြီးမားသည်နှင့်အမျှ ထိုသတင်းစာလောကသားတို့၏ အရည်အချင်း အဆင့်အတန်းကို လက်ရှိမြင့်မားသော အခြေထက် ပိုမိုတိုးမြင့်ကျယ်ပြန့်စေသော်ငှာ ဆောင်ရွက်နိုင်သော် မြန်မာသတင်းစာလောကသည် တာဝန်သိသော သတင်းစာဆရာတို့ဖြင့် ပြည့်လျှမ်းသော သတင်းစာလောကအဖြစ်သို့ မုချတက်လှမ်းနိုင်မည် ဖြစ်ပေသည်။”**

မြန်မာစာနယ်ဇင်းနယ်ပယ်တွင် ‘ဂျာနယ်ကျော်’ နှင့် တွဲစပ်၍ ထင်ရှားသောပုဂ္ဂိုလ်လေးဦး ရှိခဲ့ဖူးပါသည်။ ဂျာနယ်ကျော်ဦးချစ်မောင်၊ ဂျာနယ်ကျော်မမလေးတို့သည် သတင်းစာဆရာမောင်နှံဖြစ်ကြ၍ ဂျာနယ်ကျော်၌ သတင်းဆောင်းပါး၊ ဝတ္ထုရေးသားသူနှင့် အယ်ဒီတာအဖြစ် ဂျာနယ်ကျော်တင့်ဆွေနှင့် ဂျာနယ်ကျော်စောဦးတို့နှစ်ဦးသည်လည်း လူသိများထင်ရှားခဲ့ကြပါသည်။

### “သတင်းစာအခြေခံပညာ” အမည်ရှိစာအုပ်

လွတ်လပ်ရေးရပြီးစခေတ်တွင် သတင်းစာပညာနှင့် ဆက်နွှယ်၍ စာပေဆုရခဲ့ဖူးသော စာအုပ်တစ်အုပ်မှာ **“သတင်းစာအခြေခံပညာ”** အမည်ရှိစာအုပ်ဖြစ်ပါ၏။ ယင်းစာအုပ်ကို ရေးသားခဲ့သူမှာ **“ဂျာနယ်ကျော် တင့်ဆွေ”** ဖြစ်၍ ၁၉၅၂ ခုနှစ် ဒီဇင်ဘာလက ထုတ်ဝေခဲ့သော ယင်းစာအုပ်သည် ၁၉၅၂ ခုနှစ်အတွက် စာပေဗိမာန်စာပဒေသာဆုကို ဆွတ်ခူးခဲ့ခြင်းပင် ဖြစ်ပါသည်။

ရှုမဝစာအုပ်တိုက်၏ (၇၅)အုပ်မြောက်အဖြစ် ထုတ်ဝေခဲ့သော ယင်းစာအုပ်သည် သက်တမ်းအားဖြင့် (၆၈)နှစ်ကြာမြင့်ခဲ့ပေပြီ။ ယင်းစာအုပ်အဖွင့်စာမျက်နှာတွင် ရန်ကုန်တက္ကသိုလ် သတင်းစာသင်တန်း ကထိကဦးညိုမြ (နောင်မောင်သုမန)တည်းဖြတ်၍ ဟံသာဝတီအယ်ဒီတာအဖွဲ့ဝင် **‘ဂျာနယ်ကျော်တင့်ဆွေ’** စုဆောင်းရေးသားသော **‘သတင်းစာအခြေခံပညာ’** ဟူ၍ ဖော်ပြထားပြီး စာအုပ်တန်ဖိုးမှာ တစ်အုပ် ငါးကျပ်ဖြစ်ကြောင်း ဖော်ပြထားပါ၏။

ဆရာသည် မြို့မကျောင်းတွင် ကျောင်းတက်နေရာမှ ဝါသနာပါရာ သတင်းစာနယ်ပယ်သို့ ၁၉၃၇ ခုနှစ်မှစ၍ ဆယ်သန်း၊ လမ်းညွှန်၊ ဂျာနယ်ကျော်၊ တိုးတက်ရေး၊ သူရိယ၊ ပြည်သူ့ဟစ်တိုင်၊ ဟံသာဝတီ၊ ဂါဒီယန်၊ အမျိုးသားနှင့် ပြည်ထောင်စု စသည့် သတင်းစာတိုက်များ၌ သတင်းထောက်၊ သတင်းထောက်ချုပ်၊ သတင်းအယ်ဒီတာ၊ တာဝန်ခံအယ်ဒီတာအဆင့်အထိ နှစ်ပေါင်း ၃၀ မျှ သတင်းစာလောက၌ ကျင်လည်ခဲ့ပြီး **‘ဂျာနယ်ကျော်’** တွင် ဖော်ပြခဲ့သော ‘ပြဿနာ’ ဝတ္ထုတိုမှအစပြု၍ ‘ဂျာနယ်ကျော် တင့်ဆွေ’ ကလောင်အမည်ကို စတင်အသုံးပြုခဲ့ပါသည်။ နိုင်ငံခြားသတင်းဌာန သတင်းထောက်အဖြစ် ရိုက်တာ၊ အေပီနှင့် ယူပီအိုင်တို့၌လည်း လုပ်ကိုင်ခဲ့ပါသည်။

ဤစာအုပ်အတွက် ဆရာမကြီး ဂျာနယ်ကျော်မမလေးက အမှာစာရေးသားပေးခဲ့ရာ၌ **“သတင်းစာအခြေခံပညာသည် သမုဒ္ဒရာပမာ အပြောကျယ်သည်ဟု စကားပမာဆိုလို၏။ ဤသို့ အသိဉာဏ်ပညာဗဟုသုတ ကြီးကျယ်စေသည့် အပြန့်ကျယ်ဝန်းလှသော ဤပညာရပ်ကြီးကို ဦးတင့်ဆွေသည် ဤစာအုပ်တွင် လုပ်ငန်းသဘောသွားများနှင့်တကွ အဘက်ဘက်က လိုလေသေးမရှိအောင် မကြွင်းမကျန် ပြည့်စုံလုံလောက်စွာ ဖော်ပြထားပြီးဖြစ်သည်ဟု မဆိုနိုင်စေကာမူ သတင်းစာနယ်ထဲသို့ရောက်ခဲ့ရသည့် သတင်းထောက်ဘဝကလေးက အခြေပြု၍ သူကျင်လည်နေသည့် သတင်းစာလောကသံသရာကြီးသည် အပြန့်မည်မျှ ကျယ်ဝန်းကာ ဇောက်မည်မျှနက်ကြောင်းကို ထောက်၍ ထင်ရှားစွာပြ စွမ်းဆောင်သွားရှာပါပေသည်။”** ဟူ၍ ၁၃၁၁ ခု တပေါင်းလဆန်း ၁၂ရက် ရက်စွဲဖြင့် ရေးသားပေးထားပါသည်။


ဂျာနယ်ကျော်တင့်ဆွေ(၁၉၁၇-၁၉၈၂)

### ဘာသာမပြန်တတ်၍ ပို၍ ခေါင်းခဲခဲ့ရ

၁၉၃၇ ခုနှစ်၌ မြို့မကျောင်းဆရာကြီး ဦးဘလွင်၏ စာဖြင့်ကျောင်းမှထွက်ခဲ့သော ကိုတင့်ဆွေသည် မြို့မမောင်ခေါ် ဦးအောင်မြင်ထံ၌ သတင်းထောက်ပေါက်စဘဝဖြင့် သတင်းနယ်ပယ်တွင် စတင်ခြေချခဲ့ပါ၏။ ကနဦး သတင်းထောက်ပေါက်စဘဝ ပထမပတ်အတွင်း၌ပင် ကိုတင့်ဆွေအတွက် အခက်ကြုံခဲ့ရသည်က အမှတ်ရစရာ ဖြစ်ခဲ့ပါ၏။ အယ်ဒီတာဖြစ်သူက အထက်လွှတ်တော်သို့ သွားရောက်သတင်းယူစေခဲ့ရာ ဘာမျှနားမလည်၍ အခက်တွေ့ခဲ့ခြင်းဖြစ်သည်။ ယင်းကာလက လွှတ်တော်စာတမ်းများကို အင်္ဂလိပ်ဘာသာဖြင့်သာ ရေးသားဖြန့်ဝေလေ့ရှိရာ ဘာသာမပြန်တတ်၍ ပို၍ ခေါင်းခဲခဲ့ရပါတော့သည်။ ထိုစဉ်က အမတ်မင်းအချို့တို့ထံ ချဉ်းကပ်၍ ရှင်းလင်းပြောပြစေခြင်းဖြင့် သတင်းစာတိုက်၏ လိုလားချက်နှင့်ကိုက်ညီစွာ သတင်းရေးသားဖော်ပြနိုင်ခဲ့ပါ၏။

စာမျက်နှာ ၁၉ သို့ ■







**မြန်မာစာနယ်ဇင်းနယ်ပယ်တွင် ‘ဂျာနယ်ကျော်’နှင့် တွဲစပ်၍ ထင်ရှားသော ပုဂ္ဂိုလ်လေးဦး ရှိခဲ့ဖူးပါသည်။ ဂျာနယ်ကျော်ဦးချစ်မောင်၊ ဂျာနယ်ကျော် မမလေးတို့သည် သတင်းစာ ဆရာမောင်နှံဖြစ်ကြ၍ ဂျာနယ်ကျော်၌ သတင်းဆောင်းပါး၊ ဝတ္ထုရေးသားသူနှင့် အယ်ဒီတာအဖြစ် ဂျာနယ်ကျော်တင့်ဆွေနှင့် ဂျာနယ်ကျော်စောဦးတို့ နှစ်ဦးသည်လည်း လူသိများထင်ရှားခဲ့ကြ။**

## လှိုင်ကော်မြို့၌ (၆၉) နှစ်မြောက် ကယားပြည်နယ်နေ့အခမ်းအနားကျင်းပ

**လှိုင်ကော် ဇန်နဝါရီ ၁၅**

(၆၉) နှစ်မြောက် ကယားပြည်နယ်နေ့ အခမ်းအနားကို ယနေ့နံနက် ၈ နာရီက လှိုင်ကော်မြို့ ကန္တာဟောဝန်ပန်းခြံ ကျောက်သားရင်ပြင်၌ ကျင်းပသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ (၆၉) နှစ်မြောက် ကယားပြည်နယ် နေ့ အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို ကယားပြည်နယ် စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဒေါက်တာ အောင်ကျော်ဌေးက ဖတ်ကြားသည်။

ထို့နောက် ကယားပြည်နယ် ခေတ္တဝန်ကြီးချုပ် ဦးဘော့စ်ကိုက ပြည်နယ်ကြီး တည်ငြိမ်အေးချမ်းပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန်၊ တိုင်းရင်းသားများ၏စာပေနှင့် ရိုးရာယဉ်ကျေးမှုများ အစွန့်ရှည်စွာ ထိန်းသိမ်းနိုင်ရန်၊ စည်းစည်းလုံးလုံး လက်တွဲနေထိုင်နိုင်ကြရန်နှင့် စစ်မှန်သည့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီး တည်ဆောက်ရာတွင်လည်း တိုင်းရင်းသားပြည်သူ ညီအစ်ကိုမောင်နှမများ အားလုံး ချစ်ချစ်ခင်ခင်၊ စည်းစည်းလုံးလုံးနှင့် ဝိုင်းဝန်းတည်ဆောက်သွားကြရန် ပြောကြားသည်။



အခမ်းအနားသို့ ကယားပြည်နယ် ခေတ္တဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ ငြိမ်းချမ်းရေး အဖွဲ့အစည်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**စိုးလှိုင်ဌေး(ပြန်/ဆက်)**

## တပ်ကုန်းမြို့နယ်၌ ငလျင်အသိပညာပေးဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြပွဲ ကျင်းပ

**တပ်ကုန်း ဇန်နဝါရီ ၁၅**

နေပြည်တော် တပ်ကုန်းမြို့နယ်၌ ငလျင်အသိပညာပေး ဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝင်းမင်းစိုးက ငလျင်အသိပညာပေးနှင့်စပ်လျဉ်း၍ ပြောကြားပြီး လက်တွေ့သရုပ်ပြသခြင်းကို အထွေထွေအုပ်ချုပ်ရေးမှူးရုံးရှိ ဝန်ထမ်းအိမ်ရာ လေးခန်းတွဲ၊ လေးထပ်တိုက်၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ငလျင်အသိပညာပေးဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြပွဲသို့ ဥတ္တရခရိုင်မီးသတ်ဦးစီးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီအဖွဲ့များနှင့် ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ငွေကြယ်**



## ဂရန်အင်းမြေပုံများပြန်လည်တိုင်းတာရေးဆွဲရေး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကျင်းပ

**ပဲခူး ဇန်နဝါရီ ၁၅**

ပဲခူးတိုင်းဒေသကြီးအတွင်း ဂရန်အင်းမြေပုံများ ပြန်လည်တိုင်းတာရေးဆွဲဆောင်ရွက်ရန် ကျန်ရှိသောဂရန်အင်းများအား ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ဆက်လက်တိုင်းတာဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို တိုင်းဒေသကြီး ငါးလုပ်ငန်း အစည်းအဝေးခန်းမ၌ ယမန်နေ့က ကျင်းပခဲ့သည်။

အဆိုပါ အစည်းအဝေးသို့ တိုင်းဒေသကြီး ရှေးဦးစွာ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးထွန်းဝင်းမြင့်က အင်းမြေပုံများ ပြန်လည်တိုင်းတာရေး ညှိနှိုင်းအစည်းအဝေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အတွင်းရှိ ခရိုင်ဦးစီးမှူးနှင့် မြို့နယ်ဦးစီးမှူးများက အွန်လိုင်းမှတစ်ဆင့် တက်ရောက်ခဲ့ကြပြီး ကော်မတီအဖွဲ့ဝင်များက တင်ပြဆွေးနွေးကြသည့်အပေါ် တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ညှိနှိုင်းပေါင်းစပ်ပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်** ■

## ✱ ပေလီကမ်းခြေမှ

လေကြောင်းလိုင်းနှင့် အဲပုဂံတို့မှ သံတွဲသို့ ခရီးစဉ်များရှိကြသည်။

ပေလီကမ်းခြေသည် မြန်မာပြည်အနောက်ဘက် ရခိုင်ပြည်နယ် သံတွဲခရိုင်အတွင်းတွင် တည်ရှိသည်။ ရန်ကုန်မြို့မှ အနောက်မြောက်ဘက် ၁၇၅ မိုင်အကွာနှင့် သံတွဲမြို့ အနောက်ဘက် ၇ မိုင်အကွာတွင် တည်ရှိသည်။

ပေလီကမ်းခြေစခန်းသည် ယခင်က ရွာလေးဖြစ်သည်။ ပေလီဟူသော အမည်ကို ၁၈၂၆ -ခုနှစ်၊ ပထမ အင်္ဂလိပ်မြန်မာစစ်ပွဲအပြီး ရောက်ရှိလာသော အီတလီလူမျိုးများက အီတလီနိုင်ငံ၏ မြို့တစ်မြို့ဖြစ်သော နာပိုလီမြို့ရှိ ကမ်းခြေနှင့်တူသောကြောင့် အစွဲပြုခေါ်ဝေါ်ရာမှ ရခိုင်ပြည်သူတို့ စကားသံဖြင့် ငပလီဟူ၍ ဖြစ်လာသည်။ အီတလီစကားအရ အလွန်သာယာပြီး ရှုခင်းကောင်းလွန်းသောကြောင့် နေပလီဟု ခေါ်ကြသည်။

ငပလီခရီးသွားလုပ်ငန်းမှာ ကိုလိုနီခေတ်မှ စတင်ခဲ့ပြီး ယခုတိုင် ကမ္ဘာပေါ်တွင် ကျော်ကြားဆဲ ခရီးသွားနေရာတစ်ခုဖြစ်သည်။

**ခရမ်းစိုးမြင့်**

## ❖ ကျောဖုံးမှ

ပြီးခဲ့သည့်နှစ်မှ စတင်ချေးပေးခဲ့ကြောင်း သိရသည်။ ချေးငွေကို အာမခံမဲ့စနစ်ဖြင့် SME လုပ်ငန်းတစ်ခုကို ငွေကျပ်သိန်း ၂၀၀ မှ စတင်ချေးပေးပြီး အာမခံထားရှိလျှင် လျှောက်ထားမှုအပေါ် မူတည်ကာ ထုတ်ချေးပေးကြောင်း သိရသည်။

ယခုကိုဗစ်ကာလတွင် နိုင်ငံတော်ဗဟိုဘဏ်၏ သတ်မှတ်ချက်များနှင့်အညီ အတိုးတောင်းခံသည့်ကာလများကို ရွှေ့ဆိုင်းပေးခြင်း၊ အရင်းပြန်ဆပ်ရမည့်လများကို ခြောက်လဆိုင်းငံ့ပေးမှုများရှိကြောင်း၊ လက်ရှိတွင် မြန်မာ့ခရီးသွားဘဏ်၏ ချေးငွေအတိုးသည် ၁၀ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ ပြည်တွင်း၌ မြန်မာ့ခရီးသွားဘဏ်ရုံးချုပ်ကို ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် ပြည်လမ်း၌ ဖွင့်လှစ်ထားပြီး နိုင်ငံတစ်ဝန်း၌ ဘဏ်ခွဲပေါင်းခြောက်ခုအထိ ဖွင့်လှစ်ထားပြီးဖြစ်ကြောင်း သိရသည်။

**မြင့်မောင်**

## မြဝတီမြို့နယ်ရှိ ရေထွက်ပစ္စည်းဒိုင်များအား ကွင်းဆင်းစစ်ဆေး

**မြဝတီ ဇန်နဝါရီ ၁၅**

ကရင်ပြည်နယ် မြဝတီခရိုင်အတွင်းရှိ ရေထွက်ပစ္စည်းဝယ်ယူစုဆောင်းခွင့်လိုင်စင်ခွန်လျာထားချက်ပြည့်မီရေး၊ လိုင်စင်ပါစည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်နိုင်ရေးတို့အတွက် ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မြဝတီခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးတင်နိုင်ဝင်းနှင့် ဝန်ထမ်းများသည် ယမန်နေ့က မြဝတီမြို့နယ်အတွင်းရှိ ရေထွက်ပစ္စည်း ဝယ်/ရောင်းဒိုင်များသို့ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

သက်ရှိကမ္ဘာ ရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

■ **စာမျက်နှာ ၁၈ မှ**

ကိုတင့်ဆွေသည် သဘောထားပြည့်ဝသော သတင်းထောက်ကြီးအချို့ကို ဆရာတင်၍ သတင်းရေးနည်းကို နည်းနာခံဆည်းပူးခဲ့ပါသည်။ ကိုတင့်ဆွေ၏ အာစရိယကြီးများမှာ မြန်မာ့အလင်းမှ ဦးဘနင်း၊ ဟံသာဝတီဦးစိန်၊ ပြန်ကြားရေးဦးဘသိန်း(နောင်ဗမာ့ခေတ်)နှင့် ဦးကိုကိုလေး (ဗမာ့ခေတ်) စသော သတင်းထောက်ကြီးများ ဖြစ်ကြပါသည်။

၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့၌ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဝန်ကြီးအဖွဲ့လုပ်ကြံခံရချိန်တွင် ကိုတင့်ဆွေသည် "ဟစ်တိုင်သတင်းစာ"၌ သတင်းထောက်အဖြစ် လုပ်ကိုင်လျက်ရှိပါ၏။ ယင်းသတင်းကို ၎င်းက အခြားသတင်းစာများထက် ဆောလျင်စွာ လုံးစေ့ပတ်စေ့ ပြည့်ပြည့်စုံစုံ ရေးသားဖော်ပြနိုင်ခဲ့ရာ ဟစ်တိုင်သတင်းစာ၏ စောင်ရေ ၃၀၀၀ မှ ၁၀၀၀၀ အထိ ထိုးတက်သွားခဲ့ပေသည်။

သတင်းထောက်ကောင်းများ၏တန်ဖိုးနှင့် ကျေးဇူးတရားကို သိမြင်သော တိုက်ပိုင်ရှင် ဒေါ်တင်လှိုင်က ထမင်းစားပွဲလုပ် ဂုဏ်ပြုခဲ့ကာ ငွေကျပ်၂၀၀နှင့် စက်ဘီးတစ်စီးကို ချီးမြှင့်ပေးအပ်ခဲ့ပါ၏။

ဤစာအုပ်၏ 'စကားချီး' အဖြစ် ဂျာနယ်ကျော်တင့်ဆွေက ရေးသားရာတွင် **"စာရေးသူသည် ၁၉၃၇ ခုနှစ်မှစပြီး ဒုတိယကမ္ဘာစစ်ကြီးမဖြစ်ပွားမီအချိန်အထိ သတင်းစာလောကထဲသို့ ဆင်ကန်းတောတိုးဝင်ရောက်ခဲ့ရပါသည်။ သတင်းစာတည်းဟူသော အလွန်နက်နဲကျယ်ဝန်းလှသော တီးကွက်ကကြိုးကို လည်း ဘာမျှမသိမမြင်ဘဲလျက် ဆရာကြီးဦးဘလွင်နှင့် ဆရာမြို့မမောင်တို့က ကားလိပ်ကြားမှနေပြီး သတင်းစာလောကဇာတ်ခုံပေါ်သို့ အတင်းတွန်းထိုးလွှတ်လိုက် သည့်အချိန်ကစပြီး ကိုယ့်ကိုယ်ကိုယ်လည်း ဘာကောင်မှန်း မသိ လက်မြောက်လိုက်၊ ခြေကွေးလိုက်နှင့် ကချင်သလို ကပြ အသုံးတော်ခံရပါသည်"** ဟူ၍ ဖွင့်ဟဝန်ခံစကား ဖော်ပြထားပါသည်။

ဂျပန်ခေတ်တစ်ခေတ်လုံး တောသို့ပြေးရင်း အချိန်များစွာရခဲ့၍ ကံအားလျော်စွာ Mr. Abdul Majid Rau-B.A ရေးသားခဲ့သော Journalism As A Career စာအုပ်နှင့် Andrews ရေးသည့် History of British Journalism in England စသော စာအုပ်များကို ဖတ်ခွင့်ရခဲ့ပါကြောင်း၊ ယင်းစာအုပ်များကို ဖတ်ရှုရသည့်အချိန်မှစ၍ ဒုတိယကမ္ဘာစစ်ဖြစ်လုနီးကာလအထိ စာတွေ့သတင်းစာ အခြေခံပညာဆို၍ တစ်ရွေးသားမျှမရှိပါဘဲ သတင်းစာလောကသို့ ဆင်ကန်းတောတိုး ဝင်ရောက်လုပ်ကိုင်မိခြင်းအတွက် ကိုယ့်လိပ်ပြာကိုယ်ရှက်မိပြီး အကြောက်ကြီး ကြောက်သွားခဲ့ရပါကြောင်း ဝန်ခံစကားဆိုထားပေသည်။

**စာမျက်နှာ ၃၀၀ ကျော် ရေးသားစုစည်း ဖော်ပြ**

ယခုစာအုပ်တွင် စာရေးသူ ဂျာနယ်ကျော်တင့်ဆွေက 'သတင်းစာဆရာဆိုတာဘာလဲ' ခေါင်းစဉ်စာစုက အစပြု၍ ကမ္ဘာ့သတင်းစာနယ်ပယ်အကြောင်း စေ့ငုဖော်ပြထားသကဲ့သို့ 'သတင်းစာရာဇဝင်၊ သတင်းစာဆရာ၊ ဗမာစာပေ၊ ပုံနှိပ်ပညာ၊ သတင်းစာအခြေခံပညာ၊ တရားရုံးသတင်းထောက်၊ ပါလီမန်နှင့်သတင်းထောက်၊ နိုင်ငံရေးသတင်းထောက်၊ သတင်းစာအထားအသို၊ ခေါင်းကြီးပိုင်းရေးသားနည်း စသည်ဖြင့် စာမျက်နှာ ၃၀၀ ကျော် ရေးသားစုစည်း ဖော်ပြထားခဲ့ပါသည်။

ဂျာနယ်ကျော်တင့်ဆွေသည် ယခုစာအုပ်ရေးသားပြုစုရန်အတွက် မြန်မာစာပေသမိုင်း (ဦးဖေမောင်တင်)၊ စာပေလောက (ဆရာ မင်းသုဝဏ်၊ ဆရာဇော်ဂျီ) နှင့် မြန်မာနိုင်ငံတော် တိုင်းပြည်ပြုလွှတ်တော် ပါလီမန်လွှတ်တော် နည်းဥပဒေစသည့် စာအုပ်များကို ဖတ်ရှုကိုးကားခဲ့ပါသည်။

ထို့အပြင် ဆရာကြီး ဦးဘဖေ၊ ဝန်ကြီးဦးထွန်းဖေ၊ ပြန်ကြားရေးအရာရှိ ဦးဘသန်း၊ ဆရာတက်တိုး၊ ဟံသာဝတီ အယ်ဒီတာဦးသွင်နှင့် တွဲဖက်အယ်ဒီတာ ဦးဘဖေ စသောပုဂ္ဂိုလ်များအား တွေ့ဆုံမေးမြန်း စုဆောင်းခဲ့ကြောင်း သိရပါသည်။

ဆရာ ဂျာနယ်ကျော်တင့်ဆွေ၏ သားတစ်ဦးဖြစ်သူ ဒေါက်တာစန်းဦးနှင့် မိမိတို့သည် လွန်ခဲ့သောနှစ်ပေါင်း ၂၀ ကျော် မိမိအယ်ဒီတာအဖြစ်ဆောင်ရွက်စဉ်ကပင် သိရှိရင်းနှီးခဲ့ကြပါ၏။ ထိုစဉ်က ဒေါက်တာစန်းဦးသည် မြန်မာ့လျှပ်စစ်လုပ်ငန်း၏ အမှုဆောင်အင်ဂျင်နီယာအဖြစ် တာဝန်ယူထားချိန်ဖြစ်၍ နောင်အခါ ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ်မှ အငြိမ်းစားယူခဲ့သော ပုဂ္ဂိုလ်ဖြစ်ပါသည်။

**"အဖေက ကျွန်တော် အထက်တန်းကျောင်းသားဘဝကတည်းက သတင်းထောက်လုပ်နေပါပြီ။ ပရမတ်နဲ့ ပညတ်စတဲ့ စကားရပ်တွေကို အဖေကပြောဖူးလို့ သဘောတွေ့သိမြင်ခဲ့ရတာပါ။ အဖေ့လက်ရေးက သော့တယ်၊ သတင်းထောက်လုပ်နေတုန်းက မှတ်စုရေးတာတွေ၊ ဦးသောင်း (ဆရာအောင်ဗလ)က ကြေးမုံသတင်းစာ မထုတ်ဝေမီ အဖေနဲ့လာပြီး အကြံဉာဏ်တောင်းခဲ့တာတွေ၊ အဖေနဲ့ရင်းနှီးတဲ့ သတင်းထောက်တစ်ဦးက ဗမာ့ခေတ် သတင်းစာက သတင်းထောက်ဦးကျော်မြင့် စတာတွေကို တော့ မှတ်မိနေဆဲပါ"** ဟူ၍ မိမိအား ဒေါက်တာစန်းဦးက အမှတ်တရ ပြောပြခဲ့ပါ၏။

ဂျာနယ်ကျော်တင့်ဆွေသည် ၁၉၅၀ ပြည့်နှစ်က "ကမ္ဘာဖြူ"၊ "မြေအောင်းပါမောက္ခနှင့် ပါမောက္ခ တင်းဖရိတ်" အမည်ရှိ သိပ္ပံဝတ္ထုများကို မြန်မာစာပေလောက၌ ဖွဲ့ဆော်ဦးရေးသားနိုင်ခဲ့သည့် စာရေးဆရာတစ်ဦးလည်း ဖြစ်ပါသည်။ ၎င်း၏ "တစ်နေဝင်သော်၊ ဒီလှိုင်းလေးများခြေရာ၊ နှောင်းလေသည့်မိုး၊ တိုင်းပြည်နှင့်လူမျိုးအတွက်" စသည့် ဝတ္ထုရှည်များမှာ လူသိများခဲ့ပြီး ရုပ်ရှင်သီချင်းနှင့် ဇာတ်ညွှန်းများကိုလည်း ရေးသားခဲ့ပါသည်။

**"သတင်းစာအခြေခံပညာ"** စာအုပ်အပြင် အမျိုးသားစာပေဆု၊ စာပဒေသာ စတုတ္ထဆုကို **"ကလောင်စစ်သား"** စာအုပ်ဖြင့် ရရှိခဲ့သော ဆရာသည်သတင်းစာအသင်း၏ 'စတုတ္ထမဏ္ဍိုင်ဆု'မှ **"အကောင်းဆုံး သတင်းထောက်ဆု"** ကိုလည်း ဆွတ်ခူးရရှိခဲ့သူ ဖြစ်ပါသည်။

၁၉၁၇ ခုနှစ် ဒီဇင်ဘာ ၁ ရက်နေ့က ရန်ကုန်မြို့ စမ်းချောင်းရပ်၌ အဖ ဦးသာလှူ၊ အမိ ဒေါ်စောမြတို့က မွေးဖွားခဲ့သော ဂျာနယ်ကျော်တင့်ဆွေသည် ၁၉၈၂ ခုနှစ် အောက်တိုဘာ ၃ ရက်နေ့၌ ရန်ကုန်မြို့ မြောက်ဥက္ကလာပ (ဆ)ရပ်ကွက် ခေမာသီလမ်းသွယ် နေအိမ်၌ ကွယ်လွန်ခဲ့ပါကြောင်း စေ့ငုမှတ်တမ်းပြုဖော်ပြလိုက်ရပါသည်။

စာကိုး –
- ဂျာနယ်ကျော်တင့်ဆွေ၏ "သတင်းစာအခြေခံပညာ" (၁၉၅၂) (ရှုမဝစာပေတိုက်)၊
- ဂါဒီယန်စိန်ဝင်း၏ "အခြေပြသတင်းစာပညာ"
- ၁၉၆၃ ခုနှစ် ပြည်လုံးကျွတ်သတင်းထောက်၊ ရက်တိုသင်တန်းပို့ချချက်များ (၁၉၆၃)
- ရာပြည့်ဦးစိုးညွန့် ရေးသားပြုစုသော "နှစ်ဆယ်ရာစုမြန်မာစာရေးဆရာ ၅၀၀"(၂၀၂၀)

# ပြည်ပနိုင်ငံများ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများနှင့် သင်္ဘောသားများအား ပြန်လည်ခေါ်ဆောင်



**နေပြည်တော် ဇန်နဝါရီ ၁၅**

နိုင်ငံတကာခရီးသည်တင်လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် စင်ကာပူနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာသင်္ဘောသား ၁၄၃ ဦးအား စင်ကာပူနိုင်ငံရှိ မြန်မာသံရုံးက စီစဉ်သည့် (၃၅)ကြိမ်မြောက် မြန်မာအမျိုးသားလေကြောင်း(MNA)ကယ်ဆယ်ရေးလေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ညနေ ၅ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။ **(အပေါ်ပုံ)**

ထို့ပြင် ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာသင်္ဘောသားများအား ဆိုးလ်မြို့ရှိ မြန်မာသံရုံးနှင့် မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသား လုပ်ငန်းရှင်များအဖွဲ့ချုပ်တို့က ပူးပေါင်းစီစဉ်သည့် မြန်မာအမျိုးသားလေကြောင်း (MNA) ကယ်ဆယ်ရေးလေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ည ၇ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

အဆိုပါကယ်ဆယ်ရေးလေယာဉ်တွင် ကိုရီးယားသမ္မတနိုင်ငံမှ ၈၇ ဦး၊ အမေရိကန်ပြည်ထောင်စုမှ နှစ်ဦး၊ ကင်ညာမှ တစ်ဦး၊ အင်ဒိုနီးရှားမှ ငါးဦး၊ စပိန်မှ ရှစ်ဦး၊ ဘင်္ဂလားဒေ့ရှ်မှ တစ်ဦး၊ ဂျပန်မှ ကိုးဦး၊ အီကွေဒေါမှ ခြောက်ဦး၊ စင်ကာပူမှ ငါးဦး၊ အီဂျစ်မှ ကိုးဦး၊ ပြင်သစ်မှ ခြောက်ဦး၊ နယ်သာလန်မှ တစ်ဦး၊ တန်ဇေးနီးယားမှ တစ်ဦး၊ မြန်မာသင်္ဘောသား စုစုပေါင်း ၁၄၂ ဦး လိုက်ပါခဲ့ကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေး၊ သီးသန့်စီစဉ်ပေးသည့်နေရာ/သတ်မှတ်ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ၁၄ ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့ကြသည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများနှင့် သင်္ဘောသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019(COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများ၊ သင်္ဘောကုမ္ပဏီများ/ အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်–၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၃၈၅၇၃၄၃ | ၁၄၁၁၅၇၅၄ | ၃၉၈၀၅၅ |
| ၂။ | အိန္ဒိယ | ၁၀၅၂၈၅၀၈ | ၁၀၁၆၂၇၃၈ | ၁၅၁၉၅၄ |
| ၃။ | ဘရာဇီး | ၈၃၂၆၁၁၅ | ၇၃၃၉၇၀၃ | ၂၀၇၁၆၀ |
| ၄။ | ရုရှား | ၃၅၂၀၅၃၁ | ၂၉၀၉၆၈၀ | ၆၄၄၉၅ |
| ၅။ | ဗြိတိန် | ၃၂၆၀၂၅၈ | ၁၄၀၆၉၆၇ | ၈၆၀၁၅ |
| ၆။ | ပြင်သစ် | ၂၈၅၁၆၇၀ | ၂၀၆၈၀၂ | ၆၉၃၁၃ |
| ၇။ | တူရကီ | ၂၃၆၄၈၀၁ | ၂၂၃၆၉၃၈ | ၂၃၄၉၅ |
| ၈။ | အီတလီ | ၂၃၃၆၂၇၉ | ၁၆၉၄၀၅၁ | ၈၀၈၄၈ |
| ၉။ | စပိန် | ၂၂၁၁၉၆၇ | စိစစ်ဆဲ | ၅၃၀၇၉ |
| ၁၀။ | ဂျာမနီ | ၂၀၀၆၄၅၀ | ၁၆၄၁၂၀၀ | ၄၅၆၅၈ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်–၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၈၈၂၄၁၈ | ၇၁၈၆၉၆ | ၂၅၄၈၄ |
| ၂။ | ဖိလစ်ပိုင် | ၄၉၆၆၄၆ | ၄၅၉၇၃၇ | ၉၈၇၆ |
| ၃။ | မလေးရှား | ၁၅၁၀၆၆ | ၁၁၅၂၂၇ | ၅၈၆ |
| ၄။ | မြန်မာ | ၁၃၃၃၇၈ | ၁၁၆၆၁၀ | ၂၉၂၆ |
| ၅။ | စင်ကာပူ | ၅၉၀၅၉ | ၅၈၇၅၇ | ၂၉ |
| ၆။ | ထိုင်း | ၁၁၄၅၀ | ၈၂၈၈ | ၆၉ |
| ၇။ | ဗီယက်နမ် | ၁၅၃၆ | ၁၃၈၀ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၄၂၆ | ၃၈၁ | ၀ |
| ၉။ | ဘရူနိုင်း | ၁၇၄ | ၁၆၈ | ၃ |
| ၁၀။ | လာအို | ၄၁ | ၄၁ | ၀ |

# တောင်ဒဂုံမြို့နယ်ရှိ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း ဖွင့်လှစ်နိုင်ရေး ပြင်ဆင်ဆောင်ရွက်ထား



**ရန်ကုန် ဇန်နဝါရီ ၁၅**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၁၀၅)ရပ်ကွက် လှော်ကားလမ်းမကြီးနှင့် ဂရုဏာလမ်းထောင့်ရှိ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း (G.T.I) တည်ဆောက်မှု ရာနှုန်းပြည့်နီးပါး ပြီးစီးနေပြီဖြစ်ပြီး ဖွင့်လှစ်ခွင့်ရရှိပါက ဖွင့်လှစ်နိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားကြောင်း အဆိုပါကျောင်း ကျောင်းအုပ်ကြီးလည်းဖြစ်၊ အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်)မှ ကျောင်းအုပ်ကြီးဖြစ်သူ ဆရာဦးမြတ်ကိုက ကြေးမုံသို့ ပြောကြားသည်။

"အခုက ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနဲ့ ပညာရေးဝန်ကြီးဌာနက ခွင့်ပြုချက်တွေရမှ ဖွင့်လို့ရမှာဆိုတော့ လာမယ့်ပညာသင်နှစ်မှာ စတင်ဖွင့်လှစ်ဖို့ လျာထားတယ်။ ကိုဗစ် အခြေအနေပေါ်မူတည်ပြီး အစိုးရစက်မှုလက်မှုသိပ္ပံ (တောင်ဒဂုံ)ကို ဖွင့်လှစ်သွားမယ်။ လာမယ့်ပညာသင်နှစ် ဖွင့်လှစ်ခွင့်ရပါက ဖွင့်လှစ်နိုင်ရေးအတွက်လည်း ပြင်ဆင်ဆောင်ရွက်ထားပါတယ်"ဟု ၎င်းက ပြောသည်။

လက်ရှိတည်ဆောက်မှုအပိုင်းအနေဖြင့် သုံးထပ်ပင်မစာသင်ဆောင်၊ အလုပ်ရုံဆောင် သုံးဆောင်၊ ဝန်ထမ်းအိမ်ရာနှစ်ဆောင်တို့မှာ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ပြီး ဆက်လက်၍ ဝန်ထမ်းအိမ်ရာအဆောင်သစ် နှစ်ဆောင် ဆောက်လုပ်ခြင်း၊ ကွန်ကရစ်လမ်းခင်းခြင်း၊ ကျောင်းရှေ့မျက်နှာစာ ကွန်ကရစ်ကြမ်းခင်းခြင်း စသည့် လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါကျောင်း ဖွင့်လှစ်ပြီးပါက သင်ကြားမှုအပိုင်းအနေဖြင့် ပုံမှန်သင်တန်းနှင့် ကျွမ်းကျင်မှုအခြေပြု ကာလတိုသင်တန်းဟူ၍ နှစ်မျိုးသင်ကြားပေးမည်ဖြစ်ကြောင်း၊ ပုံမှန်သင်တန်းမှာ သုံးနှစ်ကြာ တက်ရောက်ရမည်ဖြစ်ပြီး တက်ရောက်ပြီးပါက AGTI Diploma လက်မှတ်ကို ရရှိမည်ဖြစ်ကြောင်း၊ ပုံမှန်သင်တန်းတွင် အဓိကဘာသာရပ်ငါးမျိုးရှိပြီး ၎င်းတို့မှာ Civil Engineering၊ Electronics Engineering၊ Electrical Power Engineering၊ Mechanical Engineering၊ Information Technology Engineering စသည်တို့ဖြစ်ကြောင်း၊ ပုံမှန်သင်တန်းတက်ရောက်လိုသူများသည် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ၊ အစိုးရနည်းပညာအထက်တန်းကျောင်းများမှ အထူးအောင်မြင်သူများ၊ စင်ကာပူ – မြန်မာ သက်မွေးပညာသင်တန်းကျောင်းမှ အထူးအောင်မြင်သူများဖြစ်ရမည်ဖြစ်ပြီး တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများထဲမှ အင်္ဂလိပ်စာနှင့် သင်္ချာနှစ်ဘာသာပေါင်းရမှတ် အနည်းအများအပေါ်မူတည်ကာ စိစစ်ရွေးချယ်ခြင်းဖြစ်ကြောင်း သိရသည်။

ထို့အတူ ကျွမ်းကျင်မှုအခြေပြု ကာလတိုသင်တန်းမှာ ပုံမှန်သင်တန်းကဲ့သို့ တက္ကသိုလ်ဝင်တန်းအောင်မြင်စရာမလိုဘဲ သက်မွေးပညာသင်တန်းတစ်ခုအနေဖြင့် သင်ကြားပေးမည်ဖြစ်ပြီး အဆိုပါဒေသရှိ လူငယ်လူရွယ်များအားလုံး မည်သူမဆို တက်ရောက်နိုင်ကြောင်း၊ ကာလတိုသင်တန်းတွင် သင်ကြားပေးမည့်သင်တန်းများမှာ အိမ်တွင်းလျှပ်စစ်ဝိုင်ယာသွယ်တန်းခြင်းသင်တန်း၊ စက်ရုံပိုင်းဆိုင်ရာ စက်ကိရိယာများ ထိန်းချုပ်တပ်ဆင်ခြင်းသင်တန်း၊ ကွန်ပျူတာအခြေခံသင်တန်း၊ တွင်ခုံ/ဖောက်ခုံသင်တန်း၊ အိမ်တွင်းလက်မှု လူသုံးကုန်ပစ္စည်းအမျိုးမျိုး ထုတ်လုပ်ခြင်းနည်းပညာသင်တန်း၊ အသုံးချအခြေခံအီလက်ထရွန်နစ်သင်တန်း၊ Programmable Logic Control သင်တန်း၊ Auto CAD သင်တန်း၊ Basic Industrial Wiring သင်တန်း၊ Pneumatic၊ Electro Pneumatic and Hydraulic သင်တန်းတို့ဖြစ်ကြောင်း၊ ထို့ပြင် စက်မှုဇုန်များ၏ လိုအပ်ချက်အရ ဖွင့်ပေးရန် တောင်းဆိုလာသည့် သင်တန်းများကိုလည်း ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း သိရသည်။

"အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပညာရေးကွန်ရက်ကလည်း သက်မွေးဝမ်းကျောင်းပညာ သင်ကြားပေးရေးကို တောက်လျှောက်ဦးတည်ဆောင်ရွက်နေပါတယ်။ ဒီကျောင်းက မရှိမဖြစ် အရေးပါတဲ့ကျောင်းဖြစ်တယ်။ မရှိမဖြစ် အရေးပါတဲ့ အသက်မွေးဝမ်းကျောင်း ပညာရပ်တွေကို အဲဒီကျောင်းတွေကနေ ပညာတွေ သင်ကြားပေးသွားမယ်"ဟု ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၁)တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညီညီက ပြောသည်။

အစိုးရစက်မှုလက်မှုသိပ္ပံ(တောင်ဒဂုံ)ကျောင်းမှာ ၁၅ ဒသမ ၄၄၈ ဧကကျယ်ဝန်းပြီး ဖွင့်လှစ်ပြီးပါက တစ်နှစ်လျှင် ကျောင်းသားဦးရေ ၂၀၀ နှင့် ၂၅၀ ကြား ပုံမှန်ဖွင့်လှစ်သင်ကြားနိုင်ရန် လျာထားကြောင်း၊ ထို့ပြင် ကျောင်းနှင့် စက်ရုံအလုပ်ရုံများ ချိတ်ဆက်ဆောင်ရွက်နိုင်ရေး၊ ကျောင်းအချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ သက်မွေးပညာသင်တန်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေး စသည့် ကိစ္စများကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ၌ အစိုးရစက်မှုလက်မှု သိပ္ပံကျောင်းပေါင်း လက်ရှိဖွင့်လှစ်ရန် ပြင်ဆင်ထားသည့် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်မပါ ၂၅ ကျောင်းနှင့် အစိုးရနည်းပညာကောလိပ်ကျောင်း သုံးကျောင်းရှိပြီး နိုင်ငံအတွက် သက်မွေးပညာသင်တန်းကျောင်းများသည် များစွာအကျိုးရှိကာ များစွာလိုအပ်လျက်ရှိကြောင်း၊ လူငယ်များတွင် သက်မွေးပညာတတ်မြောက်သည့်သူ နည်းပါးပြီး လူတိုင်းနီးပါး သက်မွေးပညာတတ်မြောက်ရန် လိုအပ်ကြောင်း၊ သက်မွေးပညာတတ်မြောက်မှသာ မိမိခြေထောက်ပေါ် မိမိရပ်တည်မည်ဖြစ်သည့်အတွက် သက်မွေးပညာသည် မရှိမဖြစ်လိုအပ်ကြောင်း ကျောင်းအုပ်ဆရာကြီး ဦးမြတ်ကိုက ပြောသည်။

**သတင်း – အေးမင်းသူ၊ ဓာတ်ပုံ – ကိုထက်**

## ကမ်းလွန်လုပ်ကွက်အမှတ် M-5 နှင့် M-6 တို့တွင် တွင်းတူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါ၍ ရေကြောင်းသတိပေးချက်ထုတ်ပြန်

**နေပြည်တော် ဇန်နဝါရီ ၁၅**

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Total E&P Myanmar ကုမ္ပဏီသည် ကမ်းလွန်လုပ်ကွက်အမှတ် M–5 နှင့် M–6 တို့တွင် တွင်းတူးဖော်ရေးလုပ်ငန်းများကို Jack–Up Drilling Rig, COSL BOSS (Call Sign: 9V5684) ဖြင့် WP2 Platform တွင် မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၉ မိနစ် ၀၉ ဒသမ ၅၆၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၄၆ မိနစ် ၅၁ ဒသမ ၇၂၈ စက္ကန့်၊ WP4 Platform တွင် မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၉ မိနစ် ၃၇ ဒသမ ၃၃၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၄၃ မိနစ် ၀၂ ဒသမ ၇၉၂ စက္ကန့်တို့တွင် (၁–၂–၂၀၂၁)ရက်နေ့မှ (၃၀–၆–၂၀၂၁) ရက်နေ့အထိ လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ (၁–၂–၂၀၂၁) ရက်နေ့မှ (၃၀–၆–၂၀၂၁) ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်နေစဉ်လုပ်ငန်းကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ လုပ်ငန်းခွင်ဧရိယာမှ ရေမိုင် ငါးမိုင် ပတ်လည်အတွင်း ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး၊ ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်းများ မပြုလုပ်ကြရန် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ အသိပေးကြေညာထားကြောင်း သိရသည်။

**သတင်းစဉ်**

# ရှေ့နေနှင့် နိုင်ငံ့ဝန်ထမ်းရေးရာ

## ဦးဟန်ညွန့် (ဥပဒေ)

**နိဒါန်း**

"ဆရာ"

"ဗျာ"

"ဒီတစ်ပတ်ဆောင်းပါးခေါင်းစဉ်က ဘာလဲဆရာ"

"ရှေ့နေနှင့် နိုင်ငံ့ဝန်ထမ်းရေးရာပါတဲ့"

"ဘာအဓိပ္ပာယ်လဲဆရာ"

"ပြည်ထောင်စုရာထူးဝန်အဖွဲ့ အမြဲတမ်းအတွင်းဝန် ဦးခင်မောင်ဝင်း ရေးသားပြုစုတဲ့ "နိုင်ငံ့ဝန်ထမ်းရေးရာ သိမှတ်လေ့လာအဖြေရှာ" စာအုပ်အကြောင်းကို မိတ်ဆက်တင်ပြချင်လို့ပါ"

"စိတ်ဝင်စားမိပါတယ်ဆရာ"

"ကိုင်း...ဒါဖြင့် ဖတ်ကြည့်ကြစို့"

**အမှာစာ**

"မျက်မှောက်ကာလတွင် နိုင်ငံ့ဝန်ထမ်းများအား ရွေးချယ်ရေးနှင့် လေ့ကျင့်ရေးလုပ်ငန်းများ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အသိပညာ၊ အတတ်ပညာ၊ လုပ်ငန်းစွမ်းဆောင်ရည်၊ ကျွမ်းကျင်မှုများမြင့်မားလာစေရန် အဓိကထား တာဝန်ယူဆောင်ရွက်လျက်ရှိသော အဖွဲ့အစည်းမှာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ (Union Civil Service Board) ပင် ဖြစ်ကြောင်း၊ ဤစာအုပ်ပါ ဖော်ပြချက်များသည် ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ မေးမြန်းလာသည့် နိုင်ငံ့ဝန်ထမ်းရေးရာ ကိစ္စရပ်များကို ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ နည်းဥပဒေများ၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ အမိန့်ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်စိစစ်၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့အစည်းအဝေး၏ အတည်ပြုချက်ဖြင့် ပြန်ကြားပေးခဲ့သည့် ကိစ္စရပ်များအနက် ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများတွင် အများဆုံးကြုံတွေ့နေရသည့် နိုင်ငံ့ဝန်ထမ်းရေးရာများနှင့် အလားတူကိစ္စရပ်များ ဖြစ်ပေါ်လာပါက သိမှတ်လေ့လာအဖြေရှာဆောင်ရွက်နိုင်ရန် ထုတ်နုတ် စုစည်းတင်ပြထားခြင်းဖြစ်ကြောင်း၊ စီမံခန့်ခွဲရေးအုပ်ချုပ်သူများသာမက နိုင်ငံ့ဝန်ထမ်းများအားလုံးအတွက် မရှိမဖြစ်လိုအပ်သည့် လက်စွဲစာအုပ်တစ်အုပ်လည်းဖြစ်ကြောင်း" စသည်ဖြင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးဝင်းသိမ်းက အမှာစာရေးသားထားပါသည်။

**စာအုပ်ထုတ်ဝေခြင်းအတွက် စေတနာအစီရင်ခံစာ**

"စာအုပ်အမည်အပြည့်အစုံမှာ နိုင်ငံ့ဝန်ထမ်းရေးရာ သိမှတ်လေ့လာအဖြေရှာ ဖြစ်ပါသည်။ နိုင်ငံ့ဝန်ထမ်း စီမံခန့်ခွဲသူအရာထမ်းများ သိမှတ်လေ့လာအဖြေရှာနိုင်ကြစေရန်ရည်ရွယ်၍ စာရေးသူကြီးကြပ်ဆောင်ရွက်ခဲ့သည့် ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်ကာလအတွင်း ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ မေးမြန်းလာသည့် ဝန်ထမ်းရေးရာကိစ္စရပ်များအပေါ် ပြန်ကြားခဲ့သည့် သဘောထားမှတ်ချက်အချို့ကို စုစည်းတည်းဖြတ်၍ တင်ပြထားခြင်းဖြစ်ကြောင်း၊ စီမံခန့်ခွဲရသည့် အရာထမ်းများအနေဖြင့် မရှိမဖြစ် လက်စွဲစာအုပ်အဖြစ် ထားရှိရမည့်စာအုပ်ဖြစ်သကဲ့သို့ နိုင်ငံ့ဝန်ထမ်းတိုင်း သိမှတ်လေ့လာရမည့်စာအုပ်လည်းဖြစ်ပါကြောင်း" ဖြင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အမြဲတမ်းအတွင်းဝန် ဦးခင်မောင်ဝင်းက အစီရင်ခံထားပါသည်။ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ ဖြစ်ပေါ်လာပုံကိုလည်း ဆက်လက်ရေးသား တင်ပြထားပါသည်။

**မာတိကာ**

နေပြည်တော်၊ ရွှေမင်းသားကြီးစာပေက ပထမအကြိမ် (၂၀၂၀) ထုတ်ဝေသော ဤစာအုပ်တွင် အမှာ၊ စာအုပ်ထုတ်ဝေခြင်းအတွက် "စေတနာအစီရင်ခံစာ"၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများဖြစ်ပေါ်လာပုံ နိဒါန်း၊ ၂၀၁၆ ခုနှစ် ဧပြီလ (၁) ရက်မှ ဒီဇင်ဘာလ (၃၁) ရက်အတွင်း ပြန်ကြားခဲ့သည့် သဘောထားမှတ်ချက်များ၊ ဝန်ထမ်းများအား အတည်ပြုခန့်ထားခြင်း၊ ရာထူးတိုးမြှင့်ခြင်း၊ အနည်းဆုံးပညာအရည်အချင်း၊ ကျွမ်းကျင်မှုအရည်အချင်းသတ်မှတ်ခြင်း၊ ဝန်ထမ်းစည်းကမ်းထိန်းသိမ်းရေး၊ ပြင်ပဝန်ထမ်းစည်းကမ်းချက်များဖြင့် တာဝန်ထမ်းဆောင်ခြင်းဆိုင်ရာ ကိစ္စရပ်များ၊ အငြိမ်းစားယူခြင်း၊ အထွေထွေကိစ္စရပ်များ၊ ၂၀၁၇ ခုနှစ် ဇန်နဝါရီလ (၁) ရက်မှ ဒီဇင်ဘာလ (၃၁) ရက်အတွင်း သဘောထားမှတ်ချက် ပြန်ကြားခဲ့သည့်ကိစ္စရပ်များ၊ ဝန်ထမ်းများအား အတည်ပြုခန့်ထားခြင်း၊ ရာထူးတိုးမြှင့်ခြင်း၊ အနည်းဆုံးပညာအရည်အချင်း၊ ကျွမ်းကျင်မှုအရည်အချင်း သတ်မှတ်ခြင်း၊ ဝန်ထမ်းစည်းကမ်းထိန်းသိမ်းရေး၊ ပြင်ပဝန်ထမ်းစည်းကမ်းချက်

**လေ့လာမှတ်သားစရာများ**

ဤစာအုပ်တွင် လေ့လာမှတ်သားစရာ များစွာပါဝင်သည်။ များစွာထဲမှ အောက်ပါလေ့လာစရာ သဘောထားမှတ်ချက်စာစုများကို ကောက်နုတ်တင်ပြပါရစေ -

**(၁) စားစရိတ်ခံစားခွင့် ပြု-မပြုကိစ္စ**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရ တရားစွဲဆိုခြင်းခံရသည့်ဝန်ထမ်းအား တာဝန်မှ ယာယီရပ်ဆိုင်းထားစဉ် ကာလအတွင်း အသက် ၆၀ ပြည့်သွားသည့်အတွက် စားစရိတ်ထောက်ပံ့ကြေးကို ဆက်လက်ထုတ်ပေးနိုင်ခြင်း ရှိ-မရှိ သဘောထားမှတ်ချက် ပြန်ကြားပေးနိုင်ပါရန်ကိစ္စတွင် သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် အဆိုပါဝန်ထမ်းအား ကြိုတင်ပြင်ဆင်ခွင့်နှင့် သက်ပြည့်အငြိမ်းစားယူခွင့်အတွက် အမိန့်ကြော်ငြာစာထုတ်ပြန်ပြီးမှ အငြိမ်းစားမယူမီ ဥပဒေကြောင်းအရ တရားစွဲဆိုခံရခြင်းဖြစ်သည့်အတွက် သက်ပြည့်အငြိမ်းစားယူခွင့် ပြုထားသည့်အမိန့်စာ

> **အရေးယူခံရသည့်ဝန်ထမ်းကိုကူညီရန် ရှေ့နေ သို့မဟုတ် ကျွမ်းကျင်မှု အကူအညီပေးနိုင်သူတစ်ဦးဦးကို လိုက်ပါဆောင်ရွက်ခွင့်၊ စစ်ဆေးမည့်အခန်းတွင်းသို့ ဝင်ရောက်ခွင့်ပြုနိုင်မည်ဖြစ်သော်လည်း အဆိုပါဆောင်ရွက်ခွင့်ရရှိသူက ဌာနဆိုင်ရာဆောင်ရွက်မှုတွင် ဝင်ရောက်စွက်ဖက်ခြင်း သို့မဟုတ် အနှောင့်အယှက်ပြုခြင်းတို့ကိုမူ တားမြစ်နိုင် . . .**

များဖြင့် တာဝန်ထမ်းဆောင်ခြင်းဆိုင်ရာကိစ္စရပ်များ၊ အငြိမ်းစားယူခြင်း၊ အထွေထွေကိစ္စရပ်များ၊ ၂၀၁၈ ခုနှစ် ဇန်နဝါရီလ (၁) ရက်မှ ဒီဇင်ဘာလ (၃၁) ရက်အတွင်း ပြန်ကြားခဲ့သည့် သဘောထားမှတ်ချက်များ၊ ဝန်ထမ်းများအား အတည်ပြုခန့်ထားခြင်း၊ ရာထူးတိုးမြှင့်ခြင်း၊ အနည်းဆုံးပညာအရည်အချင်း၊ ကျွမ်းကျင်မှုအရည်အချင်း သတ်မှတ်ခြင်း၊ ဝန်ထမ်းစည်းကမ်းထိန်းသိမ်းရေး၊ ပြင်ပဝန်ထမ်းစည်းကမ်းချက်များဖြင့် တာဝန်ထမ်းဆောင်ခြင်းဆိုင်ရာ ကိစ္စရပ်များ၊ အငြိမ်းစားယူခြင်း၊ အထွေထွေကိစ္စရပ်များ၊ ဖွဲ့စည်းပုံပြင်ဆင်ဖွဲ့စည်းရေး၊ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ (၁) ရက်မှ ဒီဇင်ဘာလ (၃၁) ရက်အတွင်း သဘောထားမှတ်ချက် ပြန်ကြားခဲ့သည့်ကိစ္စရပ်များ၊ ဝန်ထမ်းများအား အတည်ပြုခန့်ထားခြင်း၊ ရာထူးတိုးမြှင့်ခြင်း၊ အနည်းဆုံးပညာအရည်အချင်း၊ ကျွမ်းကျင်မှုအရည်အချင်း သတ်မှတ်ခြင်း၊ ဝန်ထမ်းစည်းကမ်းထိန်းသိမ်းရေး၊ ပြင်ပဝန်ထမ်းစည်းကမ်းချက်များဖြင့် တာဝန်ထမ်းဆောင်ခြင်းဆိုင်ရာ ကိစ္စရပ်များ၊ အငြိမ်းစားယူခြင်း၊ အထွေထွေကိစ္စရပ်များ၊ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ (၁) ရက်မှ ဒီဇင်ဘာလ (၃၁) ရက်အတွင်း သဘောထားမှတ်ချက် ပြန်ကြားခဲ့သည့်ကိစ္စရပ်များ၊ ဝန်ထမ်းများအားအတည်ပြုခန့်ထားခြင်း၊ ရာထူးတိုးမြှင့်ခြင်း၊ အနည်းဆုံးပညာအရည်အချင်း၊ ကျွမ်းကျင်မှုအရည်အချင်းသတ်မှတ်ခြင်း၊ ဝန်ထမ်းစည်းကမ်းထိန်းသိမ်းရေး၊ ပြင်ပဝန်ထမ်းစည်းကမ်းချက်များဖြင့် တာဝန်ထမ်းဆောင်ခြင်းဆိုင်ရာ ကိစ္စရပ်များ၊ အငြိမ်းစားယူခြင်း၊ အထွေထွေကိစ္စရပ်များနှင့် နိဂုံးတို့ ပါဝင်သည်။ စုစုပေါင်း ထိပ်စီးခေါင်းစဉ် ၄၂ ခု ဖြစ်ပါသည်။

ကို ပယ်ဖျက်ပြီးမှသာလျှင် တာဝန်မှယာယီရပ်ဆိုင်းသည့်အမိန့်ကို ထုတ်ပြန်ရမည်ဖြစ်ပြီး တာဝန်မှယာယီရပ်ဆိုင်းထားသည့်ကာလအတွင်း နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၆၆ နှင့် နည်းဥပဒေ ၁၇၅ တို့ပါ ပြဋ္ဌာန်းချက်များအရ စားစရိတ်ထောက်ပံ့ကြေးကို ခံစားခွင့်ပြုရမည်ဖြစ်ပါကြောင်း၊

**(၂) ရှေ့နေလိုက်ပါခွင့်**

ဌာနဆိုင်ရာ စစ်ဆေးရေးအဖွဲ့ဖြင့် စစ်ဆေးရာတွင် အရေးယူခံရသည့် ဝန်ထမ်းဘက်မှ ဌာနဆိုင်ရာ စစ်ဆေးမည့်အခန်းတွင်းသို့ စွပ်စွဲခံရသူဘက်မှ လိုက်ပါအကြံဉာဏ်ပေးမည့် ရှေ့နေ သို့မဟုတ် ကျွမ်းကျင်မှု အကူအညီပေးနိုင်သူ တစ်ဦးဦးကို ဝင်ရောက်ခွင့်ပြုပေးနိုင်ခြင်း ရှိ-မရှိ ပြန်ကြားပေးနိုင်ပါရန်ကိစ္စတွင် အရေးယူခံရသည့်ဝန်ထမ်းကို ကူညီရန် ရှေ့နေ သို့မဟုတ် ကျွမ်းကျင်မှု အကူအညီပေးနိုင်သူတစ်ဦးဦးကို လိုက်ပါဆောင်ရွက်ခွင့်၊ စစ်ဆေးမည့်အခန်းတွင်းသို့ ဝင်ရောက်ခွင့်ပြုနိုင်မည်ဖြစ်သော်လည်း အဆိုပါဆောင်ရွက်ခွင့်ရရှိသူက ဌာနဆိုင်ရာဆောင်ရွက်မှုတွင် ဝင်ရောက်စွက်ဖက်ခြင်း သို့မဟုတ် အနှောင့်အယှက်ပြုခြင်းတို့ကိုမူ တားမြစ်နိုင်မည်ဖြစ်ပါကြောင်း၊

**(၃) ကိုယ်ဝန်ဆောင် အမျိုးသမီးများအား ဝန်ထမ်းခန့်ထားခြင်းကိစ္စ**

နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ၊ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (င) တွင် "ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက ကျန်းမာကြောင်းဆေးလက်မှတ်တင်ပြနိုင်ရမည်" ဟု ပြဋ္ဌာန်းထားရှိခြင်းသည် ကူးစက်ရောဂါ၊ နာတာရှည်ရောဂါစသည့် လုပ်ငန်းခွင်ကို ထိခိုက်စေသောအရာများ ရှိ-မရှိကို ဆေးလက်မှတ်




အထောက်အထားဖြင့်တင်ပြစေရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း၊ အမျိုးသမီးများ ကိုယ်ဝန်ဆောင်ခြင်းသည် ကျန်းမာရေးမကောင်း (Unfit) ဟု မှတ်ယူရန်မဟုတ်ပါကြောင်း၊ ၂၄-၈-၂၀၂၀ ရက်စွဲပါစာဖြင့် ထုတ်ပြန်ခဲ့သည့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများကို တတိယအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများတွင် နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (င) ကို ပြင်ဆင်ထားပါကြောင်း၊

သို့ဖြစ်ပါ၍ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများအနေဖြင့် ပြင်ပပုဂ္ဂိုလ်များအား ဝန်ထမ်းအဖြစ် အတည်ပြုခန့်ထားရန် ရွေးချယ်စဉ် အိမ်ထောင်ရှင်အမျိုးသမီးဖြစ်ပါက ကိုယ်ဝန် ရှိ-မရှိ ဆေးလက်မှတ်အထောက်အထား တင်ပြစေပြီး ကိုယ်ဝန်ခြောက်လကျော်ရှိပါက ခန့်ထားရန်မသင့်ပါသဖြင့် ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ၏ စီမံခန့်ခွဲမှုနည်းလမ်းဖြင့်သာ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊

**(၄) ရှေးဦးစုံစမ်းမှုပြုလုပ်ရာတွင် သက်သေအဖြစ်ထွက်ဆိုခဲ့သည့် တိုင်ကြားသူမှ ယင်း၏သက်သေထွက်ဆိုချက်များကို မိတ္တူပေး၍ ရ-မရကိစ္စ**

ရှေးဦးစုံစမ်းမှုနှင့် ဌာနဆိုင်ရာစစ်ဆေးမှုတို့ ပြုလုပ်ရာတွင် သက်သေအဖြစ် စစ်ဆေးခံခဲ့သည့် ဝန်ထမ်းများသည် ဝန်ထမ်းစည်းကမ်းဆိုင်ရာ ပြစ်ဒဏ်ချမှတ်ခံရသူများမဟုတ်သဖြင့်လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများတွင် သက်သေများအား သက်သေထွက်ဆိုချက် မှတ်တမ်းမိတ္တူများထုတ်ပေးရန် သတ်မှတ်ပြဋ္ဌာန်းထားခြင်းမရှိသဖြင့်လည်းကောင်း သက်သေထွက်ဆိုချက်မှတ်တမ်းမိတ္တူများအား ထုတ်ပေးရန်မသင့်ပါကြောင်း၊

**(၅) ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အဆင့်တူပုဂ္ဂိုလ်များအား အသက် ၆၀ နှစ်ပြည့်ပြီးနောက် ဆက်လက်တာဝန်ပေးအပ်နိုင်ရေးကိစ္စ**

ဝန်ကြီးဌာနတစ်ခုမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အဆင့်တူပုဂ္ဂိုလ်တို့အား အသက် ၆၀ နှစ်ပြည့်ပြီးနောက် လုပ်ငန်းလိုအပ်ချက်အရ ဆက်လက်တာဝန်ပေးအပ်လိုသည့် ကိစ္စဖြစ်ပါကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် အသက် ၆၀ နှစ် ပြည့်ပြီးနောက် ဆက်လက်တာဝန်ပေးအပ်လိုသည့် အရာထမ်းများမှာ နိုင်ငံတော်သမ္မတမှ ခန့်အပ်နိုင်သည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးရာထူးအဆင့်များမဟုတ်ဘဲ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အဆင့်တူ ရာထူးများဖြစ်သည့်အတွက် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ ပုဒ်မ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၀ ပါ ပြဋ္ဌာန်းချက်များအရ အသက် ၆၀ နှစ်ပြည့်လျှင် အငြိမ်းစားယူရမည်ဖြစ်ပြီး လုပ်ငန်းလိုအပ်ချက်အရ ဆက်လက်တာဝန်ပေးအပ်လိုပါက နည်းဥပဒေ ၈၁ ပါ ပြဋ္ဌာန်းချက်နှင့်အညီ အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့်ကို ငြင်းပယ်နိုင်မည်ဖြစ်ပါကြောင်း စသည်ဖြင့် ဖြေကြား ဖော်ပြထားသည်ကို လေ့လာဖတ်ရှုရပါသည်။

**နိဂုံး**

(၁) ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်။
A Stronger Civil Service
A Stronger Nation

(၂) နိုင်ငံ့ဝန်ထမ်းရေးရာ သိမှတ်လေ့လာ အဖြေရှာ တွေ့နိုင်မည်ဖြစ်ပါကြောင်း . . .။

# အထူးဝမ်းနည်းကြေကွဲခြင်း

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးမြတ်သင်းအောင်

### အသက်(၈၆)နှစ်

### နာယက–AA Group of Companies

အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ၊ ဝဏ္ဏကျော်ထင် ဦးဇော်မိုးခိုင်(CEO & Managing Director, Pacific–AA Group of Companies)–အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ Dr.စောနေနွယ်(Deputy Managing Director, Pacific–AA Group of Companies) တို့၏ချစ်လှစွာသော ကျေးဇူးရှင်ဖခင်ကြီး ဦးမြတ်သင်းအောင်သည် ၁၂–၁–၂၀၂၂ (အင်္ဂါနေ့) ည ၈:၃၅ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Pacific–AA Group ဝန်ထမ်းများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

**ဦးမြတ်သင်းအောင်**

**အသက်(၈၆)နှစ်**

**နာယက–AA Group of Companies**

ရမည်းသင်းမြို့နေ (ဦးစိန်မောင်–ဒေါ်တွမ်တီ)တို့၏ သား၊ ဒိုက်ဦးမြို့နယ်နေ (ဦးထွန်းအောင်ကျော်–ဒေါ်ကြည်)တို့၏ သားသမက်၊ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ (လူမှုထူးချွန်–ပထမဆင့်) (ဒေါ်ခင်မြင့်မြင့်)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဝင်းဆွေ–Dr.မြတ်သီတာမြင့် (Win & Win Group of Companies)၊ Dr. အောင်နိုင်ဦး–Dr. အေးစုမော်(Grand Pharmaceuticals Co.,Ltd.)၊ ဦးသန်းဝင်းအောင်–Dr. ဆွေဆွေဝင်း(AA Electronics Ltd.)၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ၊ ဝဏ္ဏကျော်ထင် ဦးဇော်မိုးခိုင် –အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ Dr. စောနေနွယ်(Pacific–AA Group of Companies)၊ ဦးပြည့်စုံအောင်–ဒေါ်ဇင်မာလွင်(AA Group Ltd)၊ ဦးပြည့်ဖြိုးအောင်–ဒေါ်နှင်းနွယ်ဝင့် (Welcome General Trading Co.,Ltd.) တို့၏ ချစ်လှစွာသောဖခင်ကြီး ဦးမြတ်သင်းအောင်သည် ၁၂–၁–၂၀၂၂ (အင်္ဂါနေ့) ည ၈:၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာထွေးထွဋ်ကြည်၊ ဒေါက်တာသင်းနွယ်ဝင်း**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဦးသန်းတင်**

**ဥက္ကဋ္ဌ**

**တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ**

**ဗဟိုကော်မတီဌာနချုပ်**

**အသက်(၉၈)နှစ်**

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီဥက္ကဋ္ဌ ဦးသန်းတင်သည် ၁၄–၁–၂၀၂၂ ရက် ၈:၅၅ နာရီတွင် ကွယ်လွန်အနိစ္စရောက်ခဲ့ပါသည်။ ကွယ်လွန်အနိစ္စရောက်ခဲ့သည့်အတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ ပါတီဥက္ကဋ္ဌကြီး ကွယ်လွန်ခြင်းသည် ပါတီခေါင်းဆောင်ကောင်းတစ်ယောက် ဆုံးရှုံးရသကဲ့သို့ မိသားစု၏ ဖခင်တစ်ယောက် ဆုံးရှုံးရသည်ဟု ခံစားဝမ်းနည်းကြေကွဲရပါသည်။

**ဗဟိုအလုပ်အမှုဆောင်ကော်မတီနှင့်**
**ပါတီအဖွဲ့အစည်းအဆင့်ဆင့်မှ ပါတီဝင်များ**
**တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

**ဦးမြတ်သင်းအောင်**

**အသက်(၈၆)နှစ်**

ဦးဝင်းဆွေ–ဒေါက်တာ မြတ်သီတာမြင့် (Win & Win Group of Companies)တို့၏ဖခင် ဦးမြတ်သင်းအောင်(နာယက–AA Group of Companies)သည် ၁၂–၁–၂၀၂၂ (အင်္ဂါနေ့)ည ၈:၃၅ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါ်ရီရီတင်(တရားလွှတ်တော်ရှေ့နေ၊ Notary Public)နှင့်မိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဦးသန်းတင်**

**ဥက္ကဋ္ဌ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ**

**ဗဟိုကော်မတီဌာနချုပ်**

**အသက်(၉၈)နှစ်**

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ ဥက္ကဋ္ဌ ဦးသန်းတင်သည် ၁၄–၁–၂၀၂၂ ရက် ၈:၅၅ နာရီတွင် ကွယ်လွန်အနိစ္စရောက်ခဲ့သည်။ ကွယ်လွန်အနိစ္စရောက်ခဲ့သည့်အတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ ပါတီဥက္ကဋ္ဌကြီး ကွယ်လွန်ခြင်းသည် ပါတီခေါင်းဆောင်ကောင်းတစ်ယောက်ဆုံးရှုံးရသကဲ့သို့ မိသားစု၏ ဖခင်တစ်ယောက် ဆုံးရှုံးရသည်ဟု ခံစားဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်တိုင်းပါတီကော်မတီနှင့် ပါတီဝင်များ**
**တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးမြတ်သင်းအောင်**

**အသက် (၈၆)နှစ်**

ဦးဝင်းဆွေ–ဒေါက်တာ မြတ်သီတာမြင့် (Win & Win Group of Companies)တို့၏ဖခင် ဦးမြတ်သင်းအောင် (နာယက၊ AA Group of Companies) သည် ၁၂–၁–၂၀၂၂ (အင်္ဂါနေ့) ည ၈:၃၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူ အထူးပင်ဝမ်းနည်းကြေကွဲရပါသည်။

**Dr. ဦးလှသင်း–ဒေါ်တင်တင်အေး**
**မိသားစု(UK)**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

**ဦးမြတ်သင်းအောင်**

**အသက်(၈၆)နှစ်**

**နာယက–AA Group of Companies**

အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ(လူမှုထူးချွန်–ပထမဆင့်)(ဒေါ်ခင်မြင့်မြင့်)၏ချစ်လှစွာသောခင်ပွန်း၊ ဦးဝင်းဆွေ–Dr.မြတ်သီတာမြင့်(Win & Win Group of Companies) တို့၏ချစ်လှစွာသောဖခင် ဦးမြတ်သင်းအောင်သည် ၁၂–၁–၂၀၂၂ ရက်(အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးလင်းဝင်း–ဒေါ်ရီရီစိန်**

**Lin Win Furniture & Interior Decoration**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးမြတ်သင်းအောင်**

**အသက်(၈၆)နှစ်**

မြန်မာနိုင်ငံအော်တိုမိုးတစ်(ဖ)အသင်း၊ Automotive Association of Myanmar (AAM)၏ အလုပ်အမှုဆောင်နှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များဖြစ်ကြသော အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဝဏ္ဏကျော်ထင် ဦးဇော်မိုးခိုင်–အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဒေါက်တာ စောနေနွယ်တို့၏ ကျေးဇူးရှင်ဖခင်ကြီး ဦးမြတ်သင်းအောင် (၈၆)နှစ်သည် ၁၂–၁–၂၀၂၂ရက် (အင်္ဂါနေ့) ည ၈:၃၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အသင်းဝင်များ**
**မြန်မာနိုင်ငံအော်တိုမိုးတစ်(ဖ)အသင်း**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ပါမောက္ခဒေါက်တာ ဦးခင်မောင်ကြီး**

**အသက်(၇၃)နှစ်**

ရန်ကုန်မြို့နေ ဒေါ်ခင်ငြိမ်းနု (ဒု–ညွှန်ကြားရေးမှူး–ငြိမ်း၊ စိုက်ပျိုးရေးဦးစီးဌာန)၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာပိုင်ဖြိုးအောင် (စိတ်ကျန်းမာရေးအထူးကု)–ဒေါက်တာ ဖြူဖြူခိုင်ဇင်(ကလေးအထူးကု)တို့၏ ချစ်လှစွာသောဖခင်ကြီး ပါမောက္ခဒေါက်တာ ဦးခင်မောင်ကြီးသည် ၁၃–၁–၂၀၂၂ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**B.O.D နှင့် ဝန်ထမ်းမိသားစုများ**
**ရွှေဂုံတိုင်ဆေးရုံ**

---

**သစ်ပင်စိုက်မှ အရိပ်ရ၏ ရိပ်ခိုနားနေ အပန်းဖြေ၏**

**ဥတုရာသီ တောကိုမှီ၏**

## (၁၁)နှစ်ပြည့်လွမ်းဆွတ်သတိရအမျှပေးဝေခြင်း

**ဗိုလ်ကြီးစိုင်းသီဟ (D.S.T.A၊ အမှတ်စဉ်-၄)**

**မြန်မာ့သတင်းစဉ်**

**၁၆-၁-၂၀၁၀ - ၁၆-၁-၂၀၂၁**

မေမေရဲ့ဘဝထဲက ထာဝရထွက်ခွာသွားတာ ဒီနေ့ ၁၆-၁-၂၀၂၁ ရက်သို့ (၁၁)နှစ်ပြည့်ခဲ့ပေမယ့် သားသားရဲ့ သိတတ်လိမ္မာမှု၊ ချစ်ခင်ယုယမှုတွေကို နေ့စဉ်နှင့်အမျှ ခံစားသတိရနေခဲ့တာ (၁၁)နှစ်တောင်ရှိခဲ့ပြီနော်။ ၁၆-၁-၂၀၂၁ ရက်နေ့မှာ သံဃာတော်များအား လှူဖွယ်ဝတ္ထုအစုစုတို့ဖြင့် ဆွမ်းကပ်တရားနာယူခြင်း၊ နေ့စဉ်၊ လစဉ်၊ နှစ်စဉ်ပြုခဲ့သော ကုသိုလ်ကောင်းမှုအစုစုတို့ကို မြင့်မြတ်သောဘုံဘဝမှ သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ပြီး အေးချမ်းမှုအပေါင်းနှင့်ပြည့်စုံပါစေ။

**သားသားရဲ့မေမေ**
**ဒေါ်ငွေးငွေးဝင်း**
**ရွှေမာလာရိပ်မွန်**

## ဘုရား၊ ရဟန်း ဒါယကာကြီး

**U Win Tun (ဦးဝင်းထွန်းဦး)**

**အသက်(၄၂)နှစ်**

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၂၁)လမ်း၊ (အထက်လမ်း)၊ အမှတ်(၁၃၉)၊ သုံးလွှာ၊ (၆)ရပ်ကွက်နေ [ဦးသိန်းစံ @ Jameson Koe]-ဒေါ်ခင်လင်းကြည် @ Lane Koon Yeo တို့၏ သားကြီး၊ မောင်မင်းခန့်ကျော်၊ မောင်နိုင်ခန့်ဦးတို့၏ ဖခင်၊ ကိုစံထွန်းလင်း-မနှင်းနွယ်အေး၊ မသင်းသီရိစံ Lim-ကိုဖြိုးသူအောင် Lim တို့၏အစ်ကိုကြီး၊ Eddie Lim, Evarl Lim တို့၏ ဦးလေးသည် ၁၄-၁-၂၀၂၁ (ကြာသပတေးနေ့) ည ၅:၄၆ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၁-၂၀၂၁ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာခင်မူစိုး**

**ပါမောက္ခဌာနမှူး(ငြိမ်း)၊ ရူပဗေဒဌာန၊ ရန်ကုန်ပညာရေးတက္ကသိုလ်**

**အသက်(၆၆)နှစ်**

ရန်ကုန်မြို့၊ သာကေတ၊ ရောဝဏ်(၃)လမ်း၊ မြခွာညို(ယုဇန)အိမ်ရာ၊ အမှတ်(၈)နေ ဒေါက်တာခင်မူစိုး အသက် (၆၆)နှစ်သည် ၁၄-၁-၂၀၂၁ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မော်လမြိုင်ကောလိပ်(၁၉၇၅)ဘွဲ့ရ သူငယ်ချင်းများ**

## ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အထက်ပန်းဆိုးတန်းလမ်း၊ အမှတ် (၁၇၈)၊ Green Lake Condo အခန်းအမှတ် (၁၀-စီ)၊ အရောင်းအဝယ်နှင့်စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည်

အဆိုပါ ကွန်ဒိုတိုက်ခန်းကို တရားဝင် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးသက်လွင် [၁၂/လသန(နိုင်)၀၀၈၅၆၃]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများ ယနေ့မှ (၁၀)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်ဘော် (လိုင်စင်-၄၀၃၅)**
**LL.B,DBL,DML,DIL,DLP,WIPO(Switzerland)**
**ဒေါ်အေးအေးစိုး (လိုင်စင်-၅၈၂၇)**
**B.Sc,Hon(IC),HGP,R.L,D.B.L**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၂၇)၊ ၁၂၁ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Tel:294766, HP:09-5017044**

## ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်၊ ၁၂၂လမ်း၊ အမှတ်(၁၈)၊ မြေညီထပ်၊ မျက်နှာမူလျှောင် (ယာ)တိုက်ခန်း အရောင်းအဝယ်နှင့်စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည်

အဆိုပါ တိုက်ခန်းကို တရားဝင် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ခင်သီတာနွယ် [၈/သရန(နိုင်)၀၀၆၀၁၄] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

ကန့်ကွက်လိုသူများ ယနေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်ဘော် (လိုင်စင်-၄၀၃၅)**
**LL.B,DBL,DML,DIL,DLP,WIPO(Switzerland)**
**ဒေါ်အေးအေးစိုး (လိုင်စင်-၅၈၂၇)**
**B.Sc,Hon(IC),HGP,R.L,D.B.L**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၂၇)၊ ၁၂၁ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Tel: 294766, HP: 09- 5017044**

## ဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်မှူးချုပ်သန်းတင်(ငြိမ်း)**

**ဒုတိယဝန်ကြီးချုပ်(ငြိမ်း)၊ ဝန်ကြီး(ငြိမ်း) သတ္တုတွင်းဝန်ကြီးဌာန**

**အသက်(၉၈)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၃၁)ရပ်ကွက်၊ အမှတ်(၆၅၃)၊ ဗိုလ်ဥဏ္ဏလမ်းနေ ဒေါ်ခင်ထွေး၏ခင်ပွန်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီဥက္ကဋ္ဌ ဦးသန်းတင်သည် ၁၄-၁-၂၀၂၁ (ကြာသပတေးနေ့) ၈:၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌ ဦးသန်းဌေးနှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီ**
**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ**

## ဒေါ်စုစုထွန်း

**အသက် (၄၆) နှစ်**

ရန်ကုန်မြို့၊ ဝိဇ္ဇာညီနောင်လမ်း၊ အမှတ် (၆)နေ [ဦးသာထွန်း(ခ)Terence Thaw]-ဒေါ်တင်တင်ဌေးတို့၏သမီး၊ ရန်ကုန်မြို့၊ ရတနာပုံလမ်း၊ အမှတ် (၇)နေ (ဦးကျော်ဒင်-ဒေါ်ဆွေဆွေဝင်း)တို့၏ သမီးချွေးမ၊ ဦးကျော်ညွန့်ဦး (ကျူးဘားနိုင်ငံဆိုင်ရာ မြန်မာသံရုံး၊ ယာယီတာဝန်ခံ)-ဒေါ်မေကျော်တို့၏ ညီမ၊ ဦးကျော်မြတ်သူ-ဒေါ်ယုဇနလွင်မာတို့၏အစ်မ၊ ဦးကျော်ဖေဝင်း၏ ချစ်လှစွာသော ဇနီးသည် ၁၃-၁-၂၀၂၁ ရက် နံနက် ၅:၄၀ နာရီတွင် အာယုဆေးရုံ၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၅-၁-၂၀၂၁ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

**ဦးမြတ်သင်းအောင်**

**အသက်(၈၆)နှစ်**

**(နာယက-AA Group of Companies)**

နာယက-မြန်မာနိုင်ငံစက်မှုဇုန်များနှင့် စီးပွားရေးလုပ်ငန်းများအသင်း (MIBA) (ရာသက်ပန်နာယက-လှိုင်သာယာစက်မှုမြို့၊ အပိုင်း(၁၊ ၂၊ ၃၊ ၄၊ ၆၊ ၇) စီမံခန့်ခွဲရေးကော်မတီ ဦးမြတ်သင်းအောင် အသက်(၈၆)နှစ်သည် ၁၂-၁-၂၀၂၁ ရက် (အင်္ဂါနေ့) ည ၈:၃၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**MIBA**
**မြန်မာနိုင်ငံစက်မှုဇုန်များနှင့် စီးပွားရေးလုပ်ငန်းများအသင်း (ယာယီ)**

## ဝမ်းနည်းကြေကွဲခြင်း

ရခိုင်တိုင်းရင်းသားလူမှုရေးအသင်း (မန္တလေး)အသင်းဝင် [ဦးမောင်နီ - ဒေါ်မာလာ (ဗမာ့ဂုဏ်ရည် ပရဆေး)]တို့၏သား ဦးလှမျိုးအောင် (ဗမာ့ဂုဏ်ရည် ပရဆေး) အသက် (၅၀)သည် ၁၅-၁-၂၀၂၁ ရက်တွင် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ရခိုင်တိုင်းရင်းသား လူမှုရေးအသင်း (မန္တလေး)**

## CONDOLENCE

OUR DEEPEST SYMPATHY AND HEART FELT CONDOLENCE TO DAW SHWE ZIN AND FAMILY FOR HER BELOVED HUSBAND DR.U AUNG KYI WIN EX-GEN. SECRETARY MMA (PATHEIN) PASSED AWAY PEACEFULLY ON JAN-13RD 2021.

**DR KYI PE LAW- REGIONAL GENERAL SECRETARY**
**M M A (AYE YAR WADDY REGION)**

## မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ အကွက်အမှတ် (၃၉)၊ ဦးပိုင်အမှတ် (၄၅/စ)၊ မြေချိန်ဧရိယာ (၀.၀၁၆)ဧကရှိ မခွဲမစိတ်ရသေးသည့် မြေကွက်အနက်မှ ဧရိယာ(၈x၄၅)ပေ (ခန့်မှန်း)ရှိ အငှားဂရန်မြေကွက်၏ အရှေ့ဘက်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ မော်လမြိုင်မြို့၊ ဖက်တန်းရပ်ကွက်၊ ဖက်တန်းလမ်း၊ အမှတ် (၉၂) မြေ/အိမ် အရောင်းအဝယ်နှင့်စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည်

အထက်ပါ မြေ/အိမ် အပါအဝင် တွယ်ကပ်ဆက်စပ်သမျှ အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့ကို အရှေ့ဘက်မြေကွက် မြေအမည်ပေါက်ပိုင်ရှင် ဦးထွန်းမြင့်(ခ) ဦးအီဗရာဟင် (MME-၄၇၈၆၇၇)၏ အမွေဆက်ခံပိုင်ဆိုင်သူ သားသမီးများဖြစ်ကြသော ဒေါ်ချိုချိုဝင်း [၁၀/မလမ(နိုင်)၂၇၇၆၆၃]၊ ဒေါ်ခင်လှဲ့ဝင်း [၁၀/မလမ(နိုင်)၁၁၉၈၇၁]၊ ဦးမောင်မောင်ချို [၁၀/မလမ(နိုင်)၁၂၀၀၄၃]၊ ဒေါ်မိုးမိုးခိုင် [၉/မနမ(နိုင်)၁၁၀၅၉၄]၊ ဒေါ်ကေသီခိုင် [၁၀/မလမ(နိုင်)၀၈၉၂၃၈] တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများ ယနေ့မှ (၁၀)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်ဘော် (လိုင်စင်-၄၀၃၅)**
**LL.B,DBL,DML,DIL,DLP,WIPO(Switzerland)**
**ဒေါ်အေးအေးစိုး (လိုင်စင်-၅၈၂၇)**
**B.Sc,Hon(IC),HGP,R.L,D.B.L**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၂၇)၊ ၁၂၁ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Tel: 294766, HP: 09-5017044**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

**ဘဒ္ဒန္တသီဟဗလ (ခ) ဦးစောသန်းချိန် (အီဟယ်၊ ဘားအံမြို့)**

**သိက္ခာတော်(၂၀)ဝါ၊ သက်တော်(၈၁)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၄)ရပ်ကွက်၊ ကျောက်စိမ်း(၇)လမ်း၊ အမှတ်(၉၄၉)နေ ခမည်းတော်(ဦးအိမ်သစ်)၊ မယ်တော်(ဒေါ်ပုတူ)တို့၏ သား၊ ဒေါ်ငွေအောင်၏ ခင်ပွန်း၊ ဦးညွန့်ဝင်း (ညွှန်ကြားရေးမှူး၊ လေကြောင်းဦးစီးဌာန)-ဒေါ်လှိုင်လှိုင်ဝင်း၊ ဦးအောင်ကျော်အေး-ဒေါ်မို့မို့အိ၊ ဦးသိုင်းအေး (မန်နေဂျာ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း)-ဒေါ်မိုးနီလာမြိုင်၊ ဦးကျော်လင်း-ဒေါ်ယုယုမော်၊ ဦးနေလင်းထိုက်-ဒေါ်လင်းနန္ဒာထွန်း၊ ဦးမောင်မောင်ထွေး-ဒေါ်ဥမ္မာ(ဆယ်မိုင်ဈေး)တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးခုနစ်ယောက်တို့၏ အဘိုးသည် ၁၅-၁-၂၀၂၁ (သောကြာနေ့) နံနက် ၃:၄၅ နာရီတွင် ၉၆ ပါးသောရောဂါဖြင့် ပင်လုံဆေးရုံ၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ အန္တိမစျာပနအား ကျင်းပပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဒါယကာ/ဒါယိကာမ၊ ဆွေတော်မျိုးတော်အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၁-၁-၂၀၂၁ (ကြာသပတေးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးလှထွန်း

**အရာခံဗိုလ်(ငြိမ်း)၊ လေ/၉၆၃၆**

**အသက်(၇၇)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမြို့နယ်နေ (ဦးညွန့်စိန်-ဒေါ်အေးမြင့်)တို့၏ သားကြီး၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ (ဦးစံရင်-ဒေါ်သိန်းတင်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (က)ရပ်ကွက်၊ ဝေဘာဂီလမ်း၊ အမှတ်(၁၆)နေ ဒေါ်ခင်ကြွေ၏ ခင်ပွန်း၊ ဦးစိုးမြတ်ထွန်း၊ ဦးဖြိုးဝေထွန်း၊ ဦးဝေလင်းထွန်း၊ ဒေါ်နီလာထွန်း၊ ဒေါ်ခင်သူဇာထွန်း၊ ဒေါ်ခိုင်သဇင်ထွန်းတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးနှစ်ယောက်တို့၏ အဘိုးသည် ၁၅-၁-၂၀၂၁ (သောကြာနေ့) မွန်းလွဲ ၁:၂၀ နာရီတွင် နေအိမ်၌ ၉၆ ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါက်တာအောင်ကြည်ဝင်း (လက်ပံတန်းမြို့)

**ကလေးအထူးကုဆရာဝန်ကြီး၊ ရန်ကုန်ကလေးဆေးရုံအုပ်ကြီး(ငြိမ်း)**

**နာယက၊ လက်ပံတန်းမြို့နယ်အသင်း (ရန်ကုန်)**

**အသက်(၆၉)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဘုရင့်နောင်လမ်း၊ ရွှေပိတောက်ရိပ်မွန်၊ ရွှေယင်းမာလမ်း၊ (D-6)နေ (ဦးအောင်ကြည်-ဒေါ်ခင်မေ)တို့၏ သားကြီး၊ (ဦးသိန်းအောင်-ဒေါ်ခင်ခင်ထွေး)တို့၏ သားသမက်၊ ဒေါ်ရွှေစင် (ဗဟိုတရားရုံးရှေ့နေ)၏ ခင်ပွန်း၊ ဒေါက်တာအိသဲဝင်း (လက်ထောက်ကထိက၊ ကလေးကျန်းမာပညာဌာန၊ ဆေးတက္ကသိုလ်၊ တောင်ကြီး)၏ ဖခင်၊ လက်ပံတန်းမြို့နယ်အသင်း(ရန်ကုန်) တွဲဖက်အတွင်းရေးမှူး(၁) ဦးတင်မောင်သန်း-ဒေါ်သန်းသန်းရီတို့၏ အစ်ကိုကြီးသည် ၁၃-၁-၂၀၂၁ ရက် ည ၁၀:၀၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁-၂၀၂၁ ရက် နံနက် ၉:၃၀ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များနှင့် ရပ်နီးရပ်ဝေးတို့မှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့
လက်ပံတန်းမြို့နယ်အသင်း (ရန်ကုန်)

တော
တောင်
ပျက်ပြုန်း
မြေဆီ
သုဉ်း၏

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်ခင်ကြည်**

အသက် (၈၆) နှစ်

သူငယ်ချင်း Dr. ဒေါ်သင်းသင်းလှိုင်၏ ချစ်လှစွာသော မိခင်သည် (၁၂.၁. ၂၀၂၁) အင်္ဂါနေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ ကောင်းရာသုဂတိလားပါစေ။

**Class Of 1987 IM(1) ဘွဲ့ရ သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးစံလွင် (ဗိုလ်မှူးကြီး-ငြိမ်း)**

**D.S.A အပတ်စဉ်(၁)**

**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ မြန်မာစာအဖွဲ့ဦးစီးဌာန**

**မြန်မာစာအဖွဲ့ဝင် (ပညာရေးဝန်ကြီးဌာန)**

**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၈)ရပ်ကွက်၊ အမှတ်(၁၁)၊ သီရိမင်္ဂလာလမ်းနေ ဒေါ် Ruth (ခ)ဒေါ်ချိုချို၏ ချစ်လှစွာသောခင်ပွန်း၊ Methodist English High School (M.E.H.S) ကျောင်းသားဟောင်း ဦးစံလွင်(ဗိုလ်မှူးကြီး-ငြိမ်း)သည် ၁၁-၁-၂၀၂၁ ရက်တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**Methodist English High School (M.E.H.S)**
**ကျောင်းသား/ကျောင်းသူ ဟောင်းများ**

# ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးမြင့်သင်းအောင်

### အသက်(၈၆)နှစ်

နာယက-AA Group of Companies

AA Group of Companies နာယကကြီး ဦးမြင့်သင်းအောင်သည် ၁၂-၁-၂၀၂၂ (အင်္ဂါနေ့) ည ၈:၃၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းရပါသည်။

**ဦးသိန်းဆွေ-ဒေါ်မြသိင်္ဂီ**

**ပြည်ထောင်စုဝန်ကြီး**

**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

---

ခရစ်တော်၌ အိပ်ပျော်ခြင်း

## ဖူးဖူးစောမြမောင် (Danial)

### အသက်(၉၇)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ ချောင်းဖျားကျေးရွာနေ (ဦးသာဆင်-ဒေါ်တုတ်မ)တို့၏ သား၊ (ဦးဝင်း-ဒေါ်မမလေး)တို့၏ သားသမက်၊ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ တပ်ကြီးကုန်း၊ စာဖြူစုကျေးရွာ၊ ယေရှုရှင်ဘုရားကျောင်းဝန်းနေ ဒေါ်ခင်အေးကြူ-(ဦးတင်ဝင်း)၊ ဦးခင်မောင်ဝင်း-နော်ပသီဖော၊ ဒေါ်သန်းသန်းကြူ-(ဦးတင်ဦး)၊ ဒေါ်သက်သက်နှင်း-ဦးကြည်ရွှင်၊ ဦးစိုးနိုင် (SN Transportation Service)-နော်ခင်ထွေးကြည်၊ ဦးဝင်းနိုင်-နော်အဲနာတင်တို့၏ ချစ်လှစွာသောဖခင်၊ (ဒေါ်နော်ရဲဖော)၏ ချစ်လှစွာသောခင်ပွန်း၊ မြေး ၁၃ ယောက်၊ မြစ် ၁၁ ယောက်တို့၏ဘိုးဘိုးကြီး စောမြမောင်သည် ၁၅-၁-၂၀၂၂ ရက် နံနက် ၁၀:၁၂ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၆-၁-၂၀၂၂ ရက် နံနက် ၁၁ နာရီတွင် နေအိမ်၌ ဝတ်ပြုကိုးကွယ်ပြီး မှော်ဘီ တာကွာလော်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးမြင့်သင်းအောင်

### အသက် (၈၆)နှစ်

ရမည်းသင်းမြို့နေ (ဦးစိန်မောင်-ဒေါ်တွမ်တီ)တို့၏ သားကြီး၊ ဦးအောင်မြင့်-ဒေါ်ခင်လှဝင်းတို့၏ ချစ်လှစွာသောအစ်ကိုကြီး၊ မောင်လွင်မိုးအောင်၏ဘကြီး ဦးမြင့်သင်းအောင် (နာယက၊ AA Group of Companies) သည် ၁၂-၁-၂၀၂၂ (အင်္ဂါနေ့) ည ၈:၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးဖုန်းမြင့်(ခ)ဖုန်းမြင့်အောင် (မန္တလေး)

### အသက်(၇၉)နှစ်

စာတိုက်မှူးကြီး (ဦးကံညွန့်-ဆရာမဒေါ်ကြည်ကြည်)တို့၏ သား၊ (ဒေါ်ခင်ဝေမြင့်)၊ (ဦးကျော်ဝင်း)တို့၏ ညီ/မောင်၊ ဒေါ်ခင်ဝင်းမူ၊ (ဒေါ်ခင်မာကြူ)၊ ဒေါ်ဖြူဖြူညွန့်၊ ဒေါ်နီနီညွန့်တို့၏ အစ်ကိုကြီး၊ ဘုရား၊ စေတီ၊ ကျောင်း၊ စွန်းလွန်းဝိပဿနာရိပ်သာ၊ ရဟန်းသာသနာ့ ဒါယကာကြီး၊ သုခမေတ္တာဘိုးဘွားရိပ်သာနှင့် မိဘမဲ့ကျောင်း၊ သုခမေတ္တာ၊ စာကြည့်တိုက်၊ မန္တလေးရဲ့ကျက်သရေဆောင် အမေနေ့၊ အဖေနေ့ ဦးစီးတည်ထောင်သူ(ဥက္ကဋ္ဌ)၊ အထက်တန်းပြကျောင်းဆရာကြီး၊ အထက(၁၃) (ငြိမ်း) ဦးဖုန်းမြင့်(ခ)ဖုန်းမြင့်အောင်(မန္တလေး)သည် ၁၃-၁-၂၀၂၂ (ဗုဒ္ဓဟူးနေ့) ညနေ ၆:၁၀ နာရီတွင် ၉၆ ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၅-၁-၂၀၂၂ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ပြင်ဦးလွင်မြို့နယ်၊ ပြင်စာကျေးရွာ နေအိမ်မှ ပြင်စာကျေးရွာ သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု

---

အထူးဝမ်းနည်းကြေကွဲခြင်း

## ပါမောက္ခဒေါက်တာဦးခင်မောင်ကြီး(ခ) ဟာဂျီအီဗရာဟင်မ်မာယသ် (ဂိုရာမာယသ်)

စိတ်ကျန်းမာရေးအထူးကုဆရာဝန်ကြီး (ဂုဏ်ထူးဆောင်ပါမောက္ခ)

ပါမောက္ခ/ဌာနမှူး၊ ဆေးတက္ကသိုလ်(၁)၊ ရန်ကုန် (ငြိမ်း)

### အသက်(၇၃)နှစ်

ပါမောက္ခဒေါက်တာဦးခင်မောင်ကြီး(ခ)ဟာဂျီအီဗရာဟင်မ်မာယသ် (ဂိုရာမာယသ်)စိတ်ကျန်းမာရေး အထူးကုဆရာဝန်ကြီး (ဂုဏ်ထူးဆောင်ပါမောက္ခ) ပါမောက္ခ/ဌာနမှူး၊ ဆေးတက္ကသိုလ်(၁)၊ ရန်ကုန် (ငြိမ်း) အသက်(၇၃)နှစ်သည် ၁၃-၁-၂၀၂၂ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်နှင့်**

**ဆရာ/ဆရာမများ၊ ဝန်ထမ်းများ၊ ဆေးတက္ကသိုလ်(၁)ရန်ကုန်**

---

အာနိစ္စ

## ဦးအောင်မြကျော် (စစ်တွေ)

ဒု/ထွေမန်နေဂျာ

ကုန်သွယ်လယ်ယာ-ငြိမ်း၊ D.G.M

### အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်ရှေ့ရပ်ကွက်၊ (၉၃)လမ်း၊ အမှတ် (၁၁၉/A)နေ (ဦးစံဦး-ဒေါ်ကြာဖံဦး)တို့၏ သား၊ (ဦးစံရွှေဘော်-ဒေါ်လှမေ)တို့၏ သားသမက်၊ ဦးမောင်မောင်ကျော်-ဒေါ်မအုန်း(U.S.A)၊ ဒေါ်လှလှဝေ-ဦးထွန်းဝေ၊ ဦးအောင်အောင်ကျော်-ဒေါ်စိမ့်စိမ့်၊ (ဦးညီညီကျော်)-ဒေါ်ခင်သက်နွယ်၊ (ဦးမင်းမင်းကျော်)-ဒေါ်ခင်သူဇာစိန်-ကိုဘိုဘိုကျော်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးခုနစ်ယောက်တို့၏ အဘိုး၊ ဒေါ်စံသာနု၏ ချစ်လှစွာသော ခင်ပွန်းသည် ၁၃-၁-၂၀၂၂ (ဗုဒ္ဓဟူးနေ့) ညနေ ၅:၄၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၁-၂၀၂၂ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁:၁၅ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

## ဒေါ်သိန်းရီ (အင်းရဲ)

### အသက်(၉၃)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဌာနာရပ်ကွက်၊ နံ့သာလမ်း၊ အမှတ် (၇၁)နေ (ဦးအောင်မြင့်-ဒေါ်စောခ)တို့၏သမီး၊ (ဦးစစ်လှိုင်-ဒေါ်ထားရှင်)တို့၏ သမီးချွေးမ၊ (ဦးမောင်အေး)၏ ဇနီး၊ (ဦးခင်ငြိမ်း)-ဒေါ်ညွှန့်ညွှန့်သင်းတို့၏ ညီမ၊ ဒေါ်နုနုရီ ၏ အစ်မ၊ ဒေါ်ခင်အေးရီ (ပြည်တွင်းအခွန်-ငြိမ်း)၊ ဦးသန့်ဇင်-ဒေါ်စန္ဒာလှမောင်(ခေတ္တ-ဂျပန်)၊ ဦးမြတ်လွင်၊ (ဦးမိုးကြည်လင်)-ဒေါ်ခင်ဌေးရီ (အမက-၅၊ သာကေတ)တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မောင်ထက်အောင်ဖြိုး-မဟေမာမိုးကြည် (MAB ဘဏ်)၊ မောင်ရဲမြတ်ကျော်(MAB ဘဏ်)-မစန္ဒီဖြိုးဖေ(KBZ ဘဏ်)၊ မောင်အောင်မျိုးမိုးကြည်တို့၏ အဘွား၊ သွန်းဇာထက်၊ ခန့်ဇေယျတို့၏ ဘွားဘွားကြီးသည် ၁၄-၁-၂၀၂၂ ရက် ည ၈:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁-၂၀၂၂ ရက် မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်လှဲ့လှဲ့ဆန်း

### အသက် (၇၄)နှစ်

ရန်ကုန်မြို့နေ [ဦးထွန်းလွင် (အငြိမ်းစားအစိုးရလွှတ်တော်ရှေ့နေ)-ဒေါ်ချစ်ညွှန့် (အငြိမ်းစားဆရာမကြီး၊ အထက-၂၊ ဒဂုံ)]တို့၏ ချစ်လှစွာသော သမီးချွေးမ၊ ဦးဇော်လွင်၏ ဇနီး၊ ဒေါ်သန်းသန်းညွှန့်၊ (ဒေါ်အေးအေးလွင်)၊ ဒေါ်ညွှန့်ညွှန့်သင်၊ ဒေါ်အေးအေးနွဲ့တို့၏ ချစ်လှစွာသောညီမ၊ ဦးဘဦး၊ ဒေါ်သိန်းသိန်းလွင်၊ ဦးပေါ်ထွန်း၊ ဦးဇော်ဝင်း၊ ဦးဘမော်၊ (ဒေါ်ဆွေဆွေလွင်)၊ ဒေါ်သန်းသန်းလွင်၊ (ဦးချိုကြီး)၊ ဒေါ်မာလာလွင်တို့၏ ချစ်လှစွာသော အစ်မကြီး၊ မနေဇာဇော်လွင်(ခ)မဆွိတီ၏ မိခင်၊ မဖူးပွင့်မေသံသာ(ခ)ဟယ်သာ၏အဘွား ဒေါ်လှဲ့လှဲ့ဆန်းသည် ၁၄-၁-၂၀၂၂ (ကြာသပတေးနေ့) ညနေ ၅:၁၀ နာရီတွင် ကန်သာယာအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၁-၂၀၂၂ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ပါမောက္ခဒေါ်ထွေးထွေးညွန့်@Norin ထွေးထွေးညွန့်

Dip.in GN, Cert. Mid, Dip. N.Ed, L.L.B,

B.N. Sc, M.N.Sc (Australia), Dip. Med., (UMI)

ပါမောက္ခ/ဌာနမှူး (ငြိမ်း)

လူကြီးကျန်းမာရေးသူနာပြုစုမှုပညာဌာန

### အသက် (၆၆)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ မဟာဗောဓိ(၂)လမ်း၊ အမှတ်(၂၀၆/A)နေ (ဦးဘချိန်-ဒေါ်အေးတင်)တို့၏ သမီးထွေး၊ တွဲဖက်ပါမောက္ခ ဒေါက်တာဦးဦးဟန်၏ ဇနီး၊ ကိုသက်ဦးဟန်၏ ချစ်လှစွာသောမွေးသမိခင် ပါမောက္ခ ဒေါ်ထွေးထွေးညွန့် @ Norin ထွေးထွေးညွန့်သည်၁၃-၁-၂၀၂၂ (ဗုဒ္ဓဟူးနေ့) ည ၁၁:၀၇ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၄-၁-၂၀၂၂ (ကြာသပတေးနေ့) မွန်းလွဲ ၂:၁၀နာရီတွင် ထိန်ပင်သုသာန်၌ ဝတ်ပြုဆုတောင်း၍ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးအောင်မြင့်သူ

ယခင် အ-လ-က(၁)၊ ယခု အထက(၄)၊ သဃ်္ဃန်းကျွန်းမှ ကျောင်းသား/သူများ၏ မြတ်ဆရာပူဇော်ပွဲအသင်းဥက္ကဋ္ဌ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် သဃ်္ဃန်းကျွန်းမြို့နယ် မြို့နယ်အမှုဆောင် အဖွဲ့ဝင်၊ သတင်း ပြန်ကြားရေးတာဝန်ခံ

### အသက်(၄၉)နှစ်

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ အမှတ်(၈၂၂)၊ (၂)လမ်း၊ အပိုင်း(၂)နေ (ဦးတင်လှိုင်-ဒေါ်မြင့်မြင့်)တို့၏ သား၊ ဦးဖဲဖြူ-ဒေါ်ဟန်စိန်တို့၏ သားသမက်၊ ဦးထွန်းကြည်၏ တူ၊ ဦးအောင်ဇော်ဦး-ဒေါ်စန်းစန်းဝင်း၊ ဦးဇော်လတ်-ဒေါ်နီနီလွင်တို့၏ ညီ/မောင်၊ မနန်းရွှေလင်း၏ ချစ်လှစွာသောခင်ပွန်းသည် ၁၄-၁-၂၀၂၂ ရက် နံနက် ၉:၀၅ နာရီတွင် ၉၆ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၀-၁-၂၀၂၂ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဦးသန်းလှိုင်

မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ (ငြိမ်း)

### အသက်(၇၃)နှစ်

မြိတ်မြို့နေ ဦးဘမဲ့-ဒေါ်ဆင် တို့၏ သားသမက်၊ ပုသိမ်မြို့နေ (ဦးကုန်ပု-ဒေါ်ဥဝါ)တို့၏ သား၊ ဒေါ်စောရီ (အထက-၁၊ လသာ-ငြိမ်း)၏ ခင်ပွန်း၊ ကိုစိုးမိုးလှိုင်-မသက်မွန်ဦးတို့၏ ဖခင်သည် ၁၃-၁-၂၀၂၂ (ဗုဒ္ဓဟူးနေ့) ည ၇:၄၀ နာရီတွင် အထွေထွေရောဂါကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၁-၂၀၂၂ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

# ဝမ်းနည်းကြေကွဲခြင်း

စိတ်ထားကောင်းပြီး အမြဲကူညီတတ်တဲ့ ချစ်သူငယ်ချင်း Dr. အောင်ကြည်ဝင်း (ရန်ကုန်ကလေးဆေးရုံအုပ်ကြီး-ငြိမ်း) အသက် (၆၉)နှစ်သည် ၁၃-၁-၂၀၂၂ ရက်တွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၆၈-၁၉၇၅ စာသင်နှစ်**

**မင်္ဂလာဒုံဆေးတက္ကသိုလ်(၂)**

**ချစ်သူငယ်ချင်းများ**

---

ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

## ဆရာတော် ဘဒ္ဒန္တပဏ္ဍိတ

(မုံရွာ ဇောတိကတိုက်/ကျောင်းသားဟောင်း)

### သိက္ခာတော်(၅၇)ဝါ၊ သက်တော်(၇၇)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သီရိခေမာရပ်ကွက်၊ ဗားကရာတိုက်၊ မောင်းထောင်ကျောင်း၊ ပဓာနနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိတသည် (၁၃၈၂ ခုနှစ်၊ ပြာသိုလဆန်း ၁ ရက်)၊ ၁၃-၁-၂၀၂၂ (ဗုဒ္ဓဟူးနေ့) နံနက် ၇:၃၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၂ ခုနှစ်၊ ပြာသိုလဆန်း ၅ ရက်)၊ ၁၇-၁-၂၀၂၂ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်၌ အန္တိမအဂ္ဂိစျာပန ပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်သံဃာတော်များနှင့် ဒါယကာ/ဒါယိကာမအပေါင်းတို့အား အသိပေးအပ်ပါသည်။

တပည့်သံဃာတော်များနှင့် ဒါယကာ/ဒါယိကာမများ

---

ရဟန်း ဒါယိကာမကြီး

## ဒေါ်ကျင်ရွှေ

### အသက်(၁၀၈)နှစ်

၁၂-၁-၂၀၂၂ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားခဲ့သော နေပြည်တော်၊ ပျဉ်းမနားမြို့၊ မင်္ဂလာရပ်၊ ဗိုလ်လက်ျာလမ်း၊ အမှတ် (၄/၄၈)နေ (ဦးဗုက်လာ)၏ ဇနီး၊ ဦးစိန်ဝင်း-ဒေါ်အေးကြည်(အေလာပွဲရုံ)၊ (ဦးစိန်မြင့်-ဒေါ်ကြူကြူ)၊ (ဦးဌေး)-ဒေါ်မြမြဝင်း၊ (ဒေါ်ခင်ခင်အေး)၊ ဦးတင်အေး-ဒေါ်ခင်မေကြူ၊ ဒေါ်နုနု၊ ဦးစိန်လှိုင်-ဒေါ်မိမိဆွေ၊ ဦးစိန်ဌေး-ဒေါ်လှလှ၊ ဦးအောင်ဝင်း-ဒေါ်မြမြမူတို့၏ အနန္တဂုဏ်အင်ကျေးဇူးရှင်မိခင်ကြီး၊ မြေး ၂၅ ယောက်၊ မြစ် ၁၆ ယောက်၊ တီသုံးယောက်တို့၏ ဘွားဘွားကြီးဒေါ်ကျင်ရွှေ အသက် (၁၀၈) နှစ်အားရည်စူးပြီး ၁၆-၁-၂၀၂၂ ရက် နံနက်ပိုင်းတွင် အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဗိုလ်ကြီးကိုကြီး (ကပစ-၁/၄)

### အသက်(၈၁)နှစ်

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၈)ရပ်ကွက်၊ ဗိုလ်လရောင်လမ်း၊ အမှတ် (၁၁၃၆)နေ (ဦးပန်းအေး-ဒေါ်သန့်ညွှန့်)တို့၏ သားကြီး၊ (ဒေါ်ခင်ရီ)၊ ဦးသန်းမြင့်တို့၏အစ်ကို၊ ဒေါ်မြကျင်(ကစလ)၏ခင်ပွန်း၊ ဦးညွှန့်ခိုင်၊ ဦးဇော်လင်းဦး-ဒေါ်ခင်ယင်းမာတို့၏ ဖခင်၊ မြေးသုံးယောက်တို့၏ အဘိုးသည် ၁၅-၁-၂၀၂၂ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် စံပြဆေးရုံ၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်ထွေးရီ(ခ)ထွေးထွေး

### အသက်(၇၀)

(အထက-၃၊ တာမွေ၊ ကျောင်းသူဟောင်း)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗိုလ်လရောင်လမ်း၊ အမှတ်(၅)နေ (ဦးကျော်ညွှန့်-ဒေါ်အေးကြွေ)တို့၏ သမီးထွေး၊ ဦးခင်မောင်လေး-ဒေါ်မြကြည်(စိုက်ပျိုးရေး-ငြိမ်း)၊ ဦးဇော်မင်း-ဒေါ်မြရည်တို့၏ ညီမငယ်၊ ဦးသူရဇော် (RVT Com.Ltd.)-ဒေါ်ဝင်းဝင်းမြင့် (ယဉ်နှင်းကေစတိုး)၊ ဦးသီဟဇော် (PEV Steel Myanmar Limited)-ဒေါ်နီဝါကို (Top အထည်ချုပ်စက်ရုံ)တို့၏ ဒေါ်လေး၊ (မောင်ကျော်ကျော်သက်)၊ မောင်သူရိန်ဇော်၊ မောင်လရောင်သီဟ၊ မသီရိမြတ်နိုးတို့၏ အဘွားလေး၊ တူ/တူမ ၁၄ ယောက်တို့၏ အဒေါ်သည် ၁၅-၁-၂၀၂၂ ရက် နံနက် ၁ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ နှလုံးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဒေါ်ဒေါ်လီကိုကို

(B.Ed) (80. Batch)

(အထက်တန်းပြ-ငြိမ်း၊ အောင်ဆန်းသူရိယ လှသောင်းကျောင်း၊ မင်္ဂလာဒုံ)

### အသက်(၆၃)နှစ်

(ဦးကိုကို-ဒေါ်ယဉ်မေ)တို့၏သမီး၊ ဒုတိယဗိုလ်မှူးကြီးကျော်ငြိမ်း(ငြိမ်း)၊ (ဒေါ်လှမြိုင်)တို့၏ သမီးချွေးမ၊ ဗိုလ်မှူးသော်တာငြိမ်း(ငြိမ်း) (ညွှန်ကြားရေးမှူး-ငြိမ်း၊ ထွေ/အုပ် ဦးစီးဌာန)၏ ချစ်လှစွာသောဇနီး၊ မဇွန်လေးနွယ် (FDA ပဲခူးတိုင်းဒေသကြီး)၊ ဗိုလ်ကြီးကောင်းစည်သူ (ကျန်းမာရေးနှင့်ရောဂါနှိမ်နင်းရေးတပ်)-မအိအိမွန်တို့၏ ချစ်လှစွာသောမိခင် ဒေါ်ဒေါ်လီကိုကိုသည် ၁၃-၁-၂၀၂၂ ရက် နံနက် ၂:၁၀ နာရီတွင် တပ်မတော်အသဲဆေးရုံကြီး၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ယင်းနေ့တွင်ပင် ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း၊ ဗိမာန် ဒါယကာကြီး

## ဦးလှမျိုးအောင် (ဗမာ့ဂုဏ်ရည်၊ ပရဆေး)

### အသက်(၅၀)

မန္တလေးမြို့၊ (၃၄)လမ်း၊ (၈၅x၈၆)လမ်းကြားနေ [ဦးမောင်နီ-ဒေါ်မာလာ (ဗမာ့ဂုဏ်ရည်၊ ပရဆေး)]တို့၏သား၊ (ဦးကိုလေး)-ဒေါ်ဖြူဥ (ငွေတောင် ဆေးလိပ်)တို့၏ သားသမက်၊ (ဦးကျော်ကျော်အောင်)-ဒေါ်စန်းစန်းကြူတို့၏ ညီ၊ ဒေါ်နီလာအေး၏ အစ်ကို၊ ကိုမင်းသန့်ကိုကို-မမျိုးသန္တာဦး၊ ကိုအောင်မင်းသူတို့၏ ဖခင်၊ မောင်ဇေသာထက်စံ၏ အဘိုး၊ ဒေါ်ကြွယ်ကြွယ်စန်း၏ ချစ်လှစွာသောခင်ပွန်းသည် ၁၅-၁-၂၀၂၂ (သောကြာနေ့) နံနက် ၃:၁၀ နာရီတွင် ၉၆ ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၆-၁-၂၀၂၂ (စနေနေ့) နံနက် ၁၁ နာရီတွင် အထက်ပါ နေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါ၍ လိုက်ပါပို့ဆောင်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

# ခရီးသွားလုပ်ငန်းနှင့်သက်ဆိုင်သော SMEs လုပ်ငန်းများ ချေးငွေလျှောက်ထားနိုင်




**ရန်ကုန် ဇန်နဝါရီ ၁၅**

ကိုဗစ်ကာလ၏ ပြည်တွင်းခရီးသွားလုပ်ငန်းများ တုံ့ဆိုင်းလာမှုရှိနေခြင်းအပေါ် ခရီးသွားကဏ္ဍတွင် ဆက်စပ်ပါဝင်နေသော SMEs လုပ်ငန်းများအနေဖြင့် မြန်မာ့ခရီးသွားဘဏ်(MTB)တွင် ချေးငွေများချေးယူနိုင်ခွင့်ကို မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် လက်အောက်ရှိ အသင်း ၁၁ သင်းမှတစ်ဆင့် ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့ခရီးသွားဘဏ်ရုံးချုပ်မှ သိရသည်။

"အခုကိုဗစ်ကာလမှာ ကျွန်တော်တို့ မြန်မာ့ခရီးသွားလုပ်ငန်းအနေနဲ့ နားလည်မှုစာချွန်လွှာတွေကို လက်မှတ်ရေးထိုးပြီး အသေးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်းတွေကို ချေးငွေဆောင်ရွက်မှုတွေပံ့ပိုးပေးဖို့ အဆင့်ဆင့်လုပ်ဆောင်နေပါတယ်။ ကျွန်တော်တို့ မြန်မာ့ခရီးသွားဘဏ်ရုံးချုပ်ရဲ့ ချေးငွေဌာနဆိုတာရှိတယ်။ အဲဒီမှာ SMEs လုပ်ငန်းတွေအနေနဲ့ တိုက်ရိုက်ဆက်သွယ်ပြီးဆောင်ရွက်နိုင်ပါတယ်။ ကိုဗစ်ကာလမှာတော့ အတိုးတောင်းခံကာလရွှေ့ဆိုင်းပေးတာတွေ၊ အရင်းပြန်သွင်းရမယ့်ရက်တွေ သတ်မှတ်ကာလအလိုက် ဆိုင်းငံ့ပေးတာတွေ လုပ်ပေးတယ်။ အခု ကိုဗစ်ပြန်ငြိမ်သွားလို့ ခရီးသွားလုပ်ငန်းတွေပြန်စရင်တော့ ချေးငွေကို အရှိန်အဟုန်မြှင့်ပြီး ချေးသွားဖို့ရှိပါတယ်"ဟု မြန်မာ့ခရီးသွားဘဏ်ရုံးချုပ် ဒုတိယအုပ်ချုပ်မှုဒါရိုက်တာ ဦးဇော်သူက ပြောသည်။

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်အနေဖြင့် အမှတ်တရပစ္စည်းအရောင်းဆိုင်များအသင်း၊ ဟိုတယ်အသင်း၊ စားသောက်ဆိုင်အသင်းအပါအဝင် အခြားကဏ္ဍအလိုက် အသင်းပေါင်း ၁၁ သင်းရှိကြောင်း သိရသည်။ ထိုအသင်း ၁၁ သင်း လက်အောက်ရှိ ဆက်စပ်နေသော SME လုပ်ငန်းများသို့ မြန်မာ့ခရီးသွားဘဏ်အနေဖြင့်

**စာမျက်နှာ ၁၉ ကော်လံ ၁ သို့ ❖**

# ငပလီကမ်းခြေ၌ ကိုဗစ်-၁၉ ရောဂါအလွန် ခရီးသွားလုပ်ငန်းအတွက် ဟိုတယ်လုပ်ငန်းများ ပြင်ဆင်နေ

**ရန်ကုန် ဇန်နဝါရီ ၁၅**

ကိုဗစ်-၁၉ အလွန် ငပလီကမ်းခြေတစ်လျှောက် တည်ဆောက်ထားသော ဟိုတယ်များ၊ အပန်းဖြေစခန်းများ၊ ဂေါက်ကွင်းများဖြင့် ပြည်တွင်းပြည်ပ ခရီးသွားများ ဆွဲဆောင်နိုင်ရန် ဟိုတယ်လုပ်ငန်းရှင်များက ပြင်ဆင်လျက်ရှိကြောင်း သိရသည်။



**အပန်းဖြေကမ်းခြေ**

ငပလီကမ်းခြေသည် သံတွဲမြို့မှ ၇ ကီလိုမီတာ(၄ မိုင်)အကွာတွင် တည်ရှိသော အပန်းဖြေကမ်းခြေတစ်ခုဖြစ်သည်။ ကမ်းခြေအလျား ၃ ကီလိုမီတာ (၂ မိုင်)ရှည်လျားကာ အိန္ဒိယသမုဒ္ဒရာသို့ မျက်နှာမူလျက် တည်ရှိသည်။

အဓိကဆက်သွယ်ရေးလမ်းကြောင်းမှာ လေကြောင်းဖြစ်၍ သံတွဲလေဆိပ်(ယခင် Sondoway လေဆိပ်)မှတစ်ဆင့် သွားရောက်နိုင်၍ မြန်မာ့လေကြောင်း၊ အဲမန္တလေး၊ ရန်ကုန်

**စာမျက်နှာ ၁၉ ကော်လံ ၅ သို့ ✻**

## ကြေးမုံ ယနေ့ ဖတ်စရာ

ကိုဗစ်ကာလစိန်ခေါ်မှုများနှင့် ဘာသာရေးခရီးသွားလုပ်ငန်းမြှင့်တင်ရေး
စာမျက်နှာ » ၆

COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေသို့ ပြည်သူများမှ လှူဒါန်းငွေစာရင်း
စာမျက်နှာ » ၉

ဖိလစ်ပိုင်၌ ဗီဇပြောင်းပိုင်းရပ်စ်သစ်ထိန်းချုပ်ရန် ၃၃ နိုင်ငံမှ လေကြောင်းလိုင်းများအပေါ် တားမြစ်မှု သက်တမ်းထပ်မံတိုး
စာမျက်နှာ » ၁၂

အခြေခံသတင်းစာပညာနှင့် ကျင့်ဝတ်
စာမျက်နှာ » ၁၈

# ထိုင်းနိုင်ငံ၌ ကျင်းပမည့် အာဆီယံတက္ကသိုလ်အားကစားပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့များ ယှဉ်ပြိုင်မည်



၂၀၁၈အာဆီယံတက္ကသိုလ်အားကစား ပြိုင်ပွဲတွင် မြန်မာပိုက်ကျော်ခြင်း အသင်း ယှဉ်ပြိုင်နေစဉ်။

**ရန်ကုန် ဇန်နဝါရီ ၁၅**

၂၀၂၂ ခုနှစ် ဇွန်လတွင် ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အကြိမ်(၂၀)မြောက် အာဆီယံတက္ကသိုလ်အားကစားပြိုင်ပွဲ၌ မြန်မာအားကစားအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

**အားကစားနည်း ၂၅ မျိုး ပါဝင်**

အာဆီယံတက္ကသိုလ်အားကစားပြိုင်ပွဲယှဉ်ပြိုင်ရန် ပညာရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် သက်ဆိုင်ရာ အားကစားအဖွဲ့ချုပ်များက ပြိုင်ပွဲယှဉ်ပြိုင်ရန် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ မြန်မာနိုင်ငံအနေဖြင့် ယင်းပြိုင်ပွဲတွင် အားကစားနည်းငါးမျိုး၌ ဝင်ရောက်ယှဉ်ပြိုင်ရန်လျာထားပြီး ဘောလုံး၊ မြားပစ်၊ ဝူရှူး၊ ကရာတေးနှင့် ပိုက်ကျော်ခြင်း အားကစားနည်းတို့တွင် ယှဉ်ပြိုင်ရန် စီစဉ်ထားခြင်းဖြစ်သည်။ အသက် ၁၈ နှစ်မှ ၂၆ နှစ်ကြားရှိ တက္ကသိုလ်တစ်ခုခုတွင် ပညာသင်ကြားနေသူများ ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်ပြီး ဝင်ရောက်ယှဉ်ပြိုင်ရန်လျာထားသည့် အားကစားနည်းများတွင် လက်ရွေးစင်ကစားသမားအချို့လည်း ပါဝင်လာမည်ဖြစ်သည်။ ယင်းပြိုင်ပွဲကို ဇွန်လတွင် ကျင်းပရန် စီစဉ်ထားပြီး အားကစားနည်း ၂၅ မျိုး ပါဝင်မည်ဖြစ်သည်။

**ဆွတ်ခူးရရှိ**

၂၀၁၈ ခုနှစ် (၁၉)ကြိမ်မြောက် အာဆီယံတက္ကသိုလ်အားကစားပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပြီး မြန်မာတက္ကသိုလ်အားကစားအဖွဲ့က ရွှေ ၂၄ ခု၊ ငွေ ၂၆ ခု၊ ကြေး ၂၉ ခု ဆွတ်ခူးရရှိခဲ့သည်။

ကိုဗစ်-၁၉ ရောဂါကြောင့် မြန်မာအားကစားသမားများအနေဖြင့် စခန်းဝင်လေ့ကျင့်နိုင်ခြင်းမရှိသေးဘဲ အမြန်ဆုံးလေ့ကျင့်နိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

သတင်း - ရှိုင်းထက်ဇော်
ဓာတ်ပုံ - စိုးညွန့်

## ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် ဇန်နဝါရီ ၁၅

ဟားခါး
-၃ ဒီဂရီစင်တီဂရိတ်၊

ရမ်ကလောင်း
၂ ဒီဂရီစင်တီဂရိတ်၊

လွိုင်လင်
၃ ဒီဂရီစင်တီဂရိတ်

ဟဲဟိုး
၄ ဒီဂရီစင်တီဂရိတ်

မင်းတပ်
၄ ဒီဂရီစင်တီဂရိတ်

တီးတိန်
၄ ဒီဂရီစင်တီဂရိတ်

## အထူးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ပြုလွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၂) အရ

သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်ဖြစ်သည့်

**အဂ္ဂမဟာသီရိသုဓမ္မဇောတိကဓဇဘွဲ့**

တံဆိပ်ကို ထိုက်ထိုက်တန်တန် ချီးမြှင့်အပ်နှင်းခြင်းခံရပါသော

**ဒေါ်သန်းမြ**

နာယက - Myanmar First Asia Co., Ltd

အား အထူးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူပါသည်။ နောင်တွင်လည်း သက်ရှည်၊ ကျန်းမာ၊

စိတ်ချမ်းသာစွာဖြင့် မိသားစုနှင့်အတူ နိုင်ငံတော်အကျိုး၊ သာသနာအကျိုးတို့ကို ဆတက်ထမ်းပိုးတိုး၍

ဆက်လက်ကြိုးပမ်း ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အုပ်ချုပ်မှုဒါရိုက်တာအဖွဲ့နှင့် ကုမ္ပဏီဝန်ထမ်းများ

Myanmar First Asia Co. Ltd

---

## အထူးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ပြုလွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၂) အရ

သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်ဖြစ်သည့်

**သီရိသုဓမ္မမဏိဇောတဓရဘွဲ့**

တံဆိပ်ကို ထိုက်ထိုက်တန်တန် ချီးမြှင့်အပ်နှင်းခြင်းခံရပါသော

**ဦးနိုင်အေး**

ဥက္ကဋ္ဌ - Myanmar First Asia Co., Ltd

အား အထူးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူပါသည်။ နောင်တွင်လည်း သက်ရှည်၊ ကျန်းမာ၊ စိတ်ချမ်းသာစွာဖြင့်

မိသားစုနှင့်အတူ နိုင်ငံတော်အကျိုး၊ သာသနာအကျိုးတို့ကို ဆတက်ထမ်းပိုးတိုး၍

ဆက်လက်ကြိုးပမ်း ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အုပ်ချုပ်မှုဒါရိုက်တာအဖွဲ့နှင့် ကုမ္ပဏီဝန်ထမ်းများ

Imperial Myanmar Finance Co., Ltd.

---

ရတနာသစ်တော ပြည့်သွေးကြော သစ်တောရတနာ ထိန်းသိမ်းပါ

